www.burmeseclassic.com



ချောက် ချောက် ချား ချား ဝတ္ထု

ကန်လေးရိုးက

# ဖွားလောက်ကြီး

ဝိညာဉ်တို့၏အဖြူရောင်သတို့သမီး

THE SPIRITUAL TERROR

# PHWAR LAUK KYEE

FROM

KAN LAY YOE

## THE SINLESS BRIDE OF SOUL

ပန်းချီ သိန်းဇေကြည်
2012

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၅၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၆၂၀၃၁၂
၂၀၁၂ခုနှစ်၊ မတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓာဝါမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရင့်အောင်စာပေ**
အမှတ်-၄၉၊ မုန့်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကန်လေးရိုးကဖွားလောက်ကြီး
ဝိညာဉ်တို့၏အဖြူရောင်သတို့သမီး/ကန်လေးရိုးကဖွားလောက်ကြီး
- ရန်ကုန်
ဂန္ဓာဝါမြိုင်စာပေ၊ ၂၀၁၂။
၁၅၈-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) ဝိညာဉ်တို့၏အဖြူရောင်သတို့သမီး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဝိညာဉ်တို့၏ အဖြူရောင်သတို့သမီးနှင့် ဇတ်သတ်၌ ...

ဤဝတ္ထုလေး ဖြစ်ပေါ်လာရခြင်းအတွက် တစ်ချိန်က အရမ်း ရင်းနှီးခဲ့သည့် မိတ်ဆွေ ဖြူဖြူအောင်မြင့်ကို အလွန်ကျေးဇူးတင်ပါသည်။

သူ ဖန်တီးခဲ့သည့် ဝတ္ထုအတွက် ငိုခြင်းကိုလည်းကောင်း၊ လွမ်းဆွေးခြင်းကို လည်းကောင်း၊ နာကြည်းဖွယ် စက်ဆုပ်ရွံရှာဖွယ်တွေကိုလည်းကောင်း ...

ကျေးဇူးတင်ထိုက်ဖွယ် နှမြောတသဖွယ်တွေကိုလည်းကောင်း -'

စတဲ့ စတဲ့ ရသတွေကို တစ်ချိန်ထဲ တစ်နေရာထဲမှာ ပေးခဲ့တဲ့ ဇာတ်လမ်းဖန်တီးသူ တစ်ယောက်ဖြစ်ခဲ့ပါတယ် ...

ဘယ်လိုပဲဖြစ်ဖြစ်ပါ

အသားကျနေတဲ့ ဘဝရဲ့ထုစစ်ခံ ကျောက်ရုပ်တစ်ရုပ်ကတော့ ခေါင်းညိတ်တော့တဲ ကောင်းကင်ရောက်အောင် ကြယ်ပေါက်မယ့် ခရီးအတွက် ...

တစ်ချိန်က ...

အဖြူရောင်သတို့သမီး ... ကို

ကျေးဇူးတင်လျက်ပါ --- ထို့

စာရေးတဲ့

**ဖွားငယောက်ကြီး**

www.burmeseclassic.com

www.burmeseclassic.com

" ငါ့ လက်ခုပ်အောက်မှာ
မိုးမလုံလို့ဆိုပြီး
နင်ထွက်သွားတယ်
တကယ်တော့
ငါ့လက်ခုပ်အောက်မှာ
နင်နေခဲ့တုန်းက
နွေးထွေးခဲ့ပါတယ်
အခုတော့ ................. "

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | ဝိညာဉ်ဂီတနဲ့မျောလွင့်နေတဲ့သံစဉ် |
| အခန်း | ၂။ | တစ္ဆေတစ်ကောင်ရဲ့ဖိတ်စာ |
| အခန်း | ၃။ | သချိုင်းထဲကညစာစားပွဲ |
| အခန်း | ၄။ | တော်ဝင်မင်းသားနှင့် အမည်ခံမင်းသမီး |
| အခန်း | ၅။ | ပန်းတို့လိုချင်တဲ့မြေကြီး |
| အခန်း | ၆။ | ခန်းမထဲမှအလောင်းကောင်များ |
| အခန်း | ၇။ | ဝိညာဉ်များကိုစေလိုသူ |
| အခန်း | ၈။ | အနာဂတ်မြို့က စကားသံ |
| အခန်း | ၉။ | မြားနှစ်စင်းနဲ့ကောင်းကင် |
| အခန်း | ၁၀။ | ဝိညာဉ်ပွဲတော်ညက တစ္ဆေ |
| အခန်း | ၁၁။ | ကဝေလက်ရဲ့ဝိညာဉ်ခေါ်သံ |
| အခန်း | ၁၂။ | ပန်းပွင့်ငုံထားတဲ့ရွက်ဖက် |
| အခန်း | ၁၃။ | ဝိညာဉ်တို့၏ခုံရုံး |
| အခန်း | ၁၄။ | သေမင်းနိုင်တဲ့အဆောင် |


www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၅။ ရေမှာရေးမယ့်အရုပ်

အခန်း ၁၆။ ကံကြမ္မာဆိုးနဲ့အဖြူရောင်သတို့သမီး

အခန်း ၁၇။ တချွေမလေးဓါဒေါ်ဒါသ

အခန်း ၁၈။ ဝိညာဉ်တီးတဲ့ နှုတ်ဆက်ခေါင်းလောင်း

အခန်း ၁၉။ စွဲလမ်းစိတ်နဲ့ မကျွတ်တဲ့ဘဝ

အခန်း ၂၀။ တချွေပူးမယ့်ဝိညာဉ်

အခန်း ၂၁။ ဝိညာဉ်သတို့သမီး၏နှုတ်ဆက်ပွဲ

နိဂုံး

နိဂုံး

နိဂုံး

အဆုံး


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## ဝိညာဉ်ဂီတနဲ့ မျောလွင့်နေတဲ့သံစဉ်

အဘိုးအို၏ အိုမင်းသေးသွယ်နေသော လက်ချောင်းများက စန္ဒရား ခလုတ်ခုံပေါ်ဝယ် ပြေးလွှားနေသည်။ အသားအရေက တွန့်လိမ်နေသော်လည်း ဖြူဖွေးသေးသွယ်သော လက်ချောင်းလေးများက စူးရှညိမ့်ညောင်းသော ဂီတသံကို ကြည်လင်စွာ စီးကျစေသည်။

"အင်း"

'နေချို့' မျက်လုံးအစုံကို မှိတ်လိုက်၏။ ဂီတသံစဉ်ကို သူ့ကိုယ်တွင်းသို့ ပစ်သွင်းနားထောင်လိုက်သည်။ အာရုံထဲ၌ လှိုင်းမိုးရစ်သိုင်းစွာ စီးမျောရင်း–

"အို"

စန္ဒရားသံစဉ်က သူ့ကို မြင်ခင်းပြင်ကျယ်ကြီးဆီသို့ ခေါ်ဆောင်သွားသည်။ လေနုအေးလေးတွေကလည်း တိုးလို့တိုက်ခတ်ကာ သူ့ဆံနွယ်တို့ကို လွင့်မျောစေသည်။

ပင့်သက်ကို ခေါင်းမော့စွာ ရှိုက်လိုက်ပြီး လက်နှစ်ဖက်ကိုမြှောက်ကာ ဆန့်တန်းလိုက်၏။ စိတ်ထဲ ကြည်နူးလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

စမ်းရေစီးသံကို နားသဲကြားလိုက်ရသည်။ စမ်းချောင်းလေးထဲမှာ ပန်းပွင့်လေးတွေ မျောပါလာကာ ရေစီးသံသဲ့သဲ့က တိုးညင်းညင်းသာစွာ တစ်ချက်ချင်း ထွက်လာသည်။

မိုးကောင်းကင်ရဲ့ ကြည်လင်ဝင်းပမှုနှင့်အတူ တိမ်တွေလည်း ကင်းစင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းတစ်ခုလုံးကလည်း အပြာရောင်ဖျော့ဖျော့ မီးအလင်းရောင်အောက်မှာ ဝေဝါးနေ၏။ ဂီတသံစဉ်တို့ကို ပြောင်မြောက်စွာဖန်တီးနေသော အဖြူရောင်ဝတ်ရုံကြီးကို ဝတ်ဆင်ကာ မုတ်ဆိတ်မွေးရှည်ရှည်တို့ကလည်း ဖြူဖွေးနေသလို ဘော်ငွေရောင်ဆံနွယ်တို့မှာလည်း ရှည်လျားလှသည်။

သံစဉ်တို့ကို လွင့်မျောအောင် ဖန်တီးနိုင်တဲ့ ဂီတကို ဝိညာဉ်တစ်ခုလိုပင် သွားလိုရာ စေနိုင်သူအဖြစ် ကျော်ကြားလှသူဖြစ်သည်။ အဘိုးအိုက မျက်လုံးကို စုံမှိတ်လိုက်ကာ ခေါင်းကို အသာအယာလှုပ်ပြီး သူဖန်တီးသော သံစဉ်မှာ သူလည်းမျောပါနေသည်။

သူ့မြေးမလေးကို သူ အကောင်းဆုံးပေးဆပ်နိုင်တာ သံစဉ်တွေနဲ့ ရှင့်မျောခွင့်ပဲလေ _ နုနယ်လှသော မျက်နှာလေးက အပြစ်ကင်းစင်လှပသသို သွယ်လျလျခန္ဓာကိုယ်က အဖြူရောင်ဂါဝန်ရှည်နှင့် လိုက်ဖက်အချိုးကျလှသည်။

သူသံစဉ်တစ်ခုကို ထပ်ပြောင်းလိုက်သည်။ ထွက်ပေါ်လာသော တီးလုံးသံတို့က ကြမ်းတမ်းလာသည်။ မျက်လုံးအစုံကိုဖွင့်ပြီး စန္ဒရားရှေ့တည့်တည့်သို့ မိုက်ကြည့်ကာ ငြိမ်သက်နေ၏။

သူ့လက်ချောင်းများက ပြင်းစွာစန္ဒရာခလုတ်တွေကို နှိပ်ကာနေ၏။

"အို"



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားသော သံစဉ်ကြောင့် သူ စမ်းချောင်းလေး နံဘေးကနေ ပြေးထွက်လာသည်။ ကျယ်ပြန့်သော မြက်ခင်းပြင်များဆုံးသွားသောအခါ ရှေ့တွင် ကျောက်တောင်မတ်မတ်ကြီးများ ပိတ်ကာထားသည်။

"ဟာ ... ဘယ်လိုလုပ်မလဲ ... ဟင် ... မဖြစ်သေးပါဘူး ... နောက်ပြန်လှည့်လို့လည်း မဖြစ်ဘူး ... ငါ ဒီကျောက်တောင်တွေကို ရအောင် ကျော်မယ် ... ရအောင်ကျော်မယ် ... "

သူခက်ခဲစွာ ကုပ်ဖက်တွယ်တက်လိုက်၏။ ခန္ဓာကိုယ်က ညှစ်ထုတ်လိုက်ရတဲ့အားတွေက သူကျော်ဖြတ်မှုအတွက် မလုံလောက်။

"ရအောင်ကျော်ဖြတ်မယ် ... "

ရင်ထဲက အားတင်းလိုက်ရင်း တစ်ဖန် အားစိုက်လိုက်ပြန်သည်။ သို့သော် ...

သူ မောပန်းလာသည်။ အသက်ရှူသံပြင်းပြင်းကို ကြိုးစားပြီး ရှူရှိုက်လိုက်သည်။

သူ အောက်သို့ ပြုတ်မကျသွားအောင် ထိန်းထားရ၍ ပင်ပန်းလာ၏။

တဖြည်းဖြည်းနှင့် ...

သူ ... အားဆက်မတင်းနိုင်တော့ ...

နောက်ဆုံး ...

ဘယ်လိုမှ မခံမရပ်နိုင်ဖြစ်ကာ ...

"တော်ပါတော့ ... "

အဘိုးအိုရဲ့ လက်ချောင်းက ရုတ်တရက် ခလုတ်တွေပေါ်မှာရပ်သွားသည်။

"မြေးလေး ... အရမ်းပင်ပန်းသွားပြီလား ... "

ခေါင်းကို သူမြေးမလေးဘက်လှည့်ပြီး ကြင်နာစွာ မေးလိုက်၏။

"အင်း ... "

ပင်ပန်းလွန်း၍ တိုးညင်းစွာပြောလိုက်သည်။ မျက်ဝန်းအစုံကို ညင်သာစွာ ပြန်ဖွင့်လိုက်ပြီး အဘိုးကိုကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး ... "

"ပြောလေ ... ငါ့မြေး ... "

"အဘိုးရဲ့ လက်သံအရမ်းကောင်းတာပဲ ... "

အဘိုးအိုက ခြောက်ကပ်ကပ်နှင့်ရယ်မောလိုက်၏။ စန္ဒရားတီးသည့် ထိုင်ခုံမှထကာ သူ့မြေးမလေးနားသွားပြီး ဆံနွယ်တို့ကို ကြင်နာစွာ ပွတ်သပ်ပေးလိုက်၏။

"ဂီတဆိုတာ ဖန်တီးတဲ့နေရာမှာ နားထောင်သူရဲ့ စိတ်အာရုံကို လိုသလို လုပ်နိုင်ရတယ် ... "

"ဟုတ်ကဲ့ အဘိုး ... "

"ခုတော့ ငါ့မြေးအနားယူလိုက်ဦး ... "

အဘိုးအိုက သူ့ကိုနှုတ်ဆက်ကာ အခန်းအပြင်ဘက်သို့ ထွက်သွား၏။ သူလည်း ထိုင်နေရာကထကာ ပြတင်းပေါက်သို့ လျှောက်လာသည်။ နှင်းမှုန် ဖွေးဖွေးတို့ကျနေသော အပြာရောင်ကောင်းကင်ကိုမော့ကြည့်မိသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် တစ်ခါတစ်ရံ ကြားရတတ်သော ပုရစ်သံများမှလွဲ၍ တိတ်ဆိတ်နေသည်။ တစ်ဘက်ခြံတိုက်မြင့်မြင့်ကြီးဆီသို့ သူကြည့်လိုက်သော်လည်း မီးများမှိတ်ကာ မဲမှောင်၍ပင်နေသည်။

"ကိုကို ... အိပ်နေပြီပေါ့"

တိုးတိုးလေး ရေရွတ်ကာ ပြတင်းပေါက်ဘောင်ကိုမေးထောက်ကာ ငေးငေးပြုံးပြုံးလေး ကြည့်နေလိုက်၏။ ကိုကို ... သူ သိပ်ချစ်တဲ့ ကိုကို ... သူ့ကို အမြဲအလိုလိုက်တဲ့လူ သူကလည်း ကိုကို့ကို ဆိုးနွဲ့နေကျ ... ကိုကိုနဲ့မတွေ့ရတာ တော်တော်ကြာနေပြီ။

သူ့မျက်လုံးက ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင် ပိတောက်ပင်ကြီးကို ကြည့်လိုက်၏။

"ဟင် ... စံပယ်ရွက်တွေ မရှိတော့ပါလား"

လွန်စွာ ထိတ်လန့်သွားသည်။ သူ ပိတောက်ပင်ရင်းနားတွင်စိုက်ခဲ့သော စံပယ်ပင်လေး အရွက်ကလေးတွေ ဝေဝေဆာဆာနှင့် အရင်ကရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဆောင်းရောက်တော့ ဘာကြောင့်ရယ်မသိ စံပယ်ရွက်ကလေးတွေ အရွက် ချင်းကြွေသွားသည်။

သူ နေ့စဉ် ပြတင်းပေါက်က ကိုက်ကိုကြည့်ရင်း စံပယ်ရွက်ကလေးတွေကို ရေခဲ့၏။ သူ နောက်ဆုံးရေခဲ့သည့် ရက်ကပင် ဆယ့်ငါးရွက် ရှိသေးသည်။

ဟစ်ရက်လျှင် တစ်ရွက်သာကြွေသော ထိုစံပယ်ရွက်တွေက ဘယ်လို လုပ် စုပြုကြွေသွားတာလဲ သူ စဉ်းစားသော်လည်း အဖြေကမရ။

"ငါ ... လည်း ဒီရက်ပိုင်း ဘာတွေဖြစ်နေတာလဲ"

စံပယ်ရွက်တွေကလည်း ကြွေတာ မြန်လိုက်တာ ...

ထိုစဉ် ...

"ဟော ... ဟော ... "

အသံလာရာသို့ ကြည့်လိုက်ရာ မဲမဲသဏ္ဍာန်အရိပ်များ ခြံဝင်းထဲမှာ များပြားစွာ တွေ့လိုက်၏။

"ဟင် ... "

သူ အံ့ဩစွာကြည့်လိုက်သည်။ ပုံသဏ္ဍာန်အချိုးမကျသော ထိုအရိပ် မည်းတွေက ခြံဝင်းထဲတွင် မြူးထူးစွာ ခုန်ပေါက်နေသည်။ ထိုအရိပ်မည်းတွေက တဖြည်းဖြည်း သူ့ပြတင်းပေါက်နားရောက်လာသည်။

သူ လွန်စွာထိတ်လန့်လာသည်။ ဆက်ပြီး မကြည့်ရဲတော့။

"အား ... "

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အိမ်အတွင်းဘက်ထဲပြေးဝင်လာခဲ့ သည်။ ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေသောအသားတို့က တစ်စုံတစ်ရာ ပူးကပ်နေသည့်နှယ်။

အဘိုးအခန်းသို့ ပြေးလာပြီး အခန်းတံခါးကို ထုလိုက်ရာ ...

"ဟင် ... "

သူ့လက်က အခန်းထဲကျွံသွားသည်။ သူ လက်ကိုသေချာပြန်ကြည့် လိုက်သည်။ နောက်တစ်ချက် ထပ်ထုလိုက်ပြန်ရာ ယခင်အတိုင်းပင် ...

"အို ... ငါဘာဖြစ်နေတာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ဟု ဆုံးဖြတ်ကာ လက်တစ်ချောင်းလုံး အခန်းထဲ ထိုးသွင်းလိုက်၏။ ပေါ့ပါးစွာ နာကျင်မှုမရှိဘဲ လက်ကဝင်သွားသည်။ ဟုတ်ပြီ ... သူ့ကိုယ်ကို တစ်ခြမ်းစောင်းကာ အခန်းတံခါးကို ဖြတ်ဝင်ရန် ကြိုးစားလိုက်ရာ သူတစ်ကိုယ်လုံး အခန်းထဲရောက်သွားသည်။

"အဘိုး ... "

ခုတင်ပေါ်တွင် အိပ်နေသောအဘိုးကို ခေါ်လိုက်ရာ ...

"ဟင် ... ငါ့မြေးပါလား ... "

အဘိုးက အလိုက်သင့်ထကာ သူ့ကိုပြန်ထူးလိုက်သည်။

"အဘိုး ... ခြံထဲမှာလေ ... ခြံထဲမှာ ... "

"ဘာလဲ ... ငါ့မြေးရဲ့ ... "

"အရိပ်မည်းကြီးတွေ အများကြီးပဲ၊ ကြောက်ဖို့ကောင်းလိုက်တာ"

"ဟေ ... "

အဘိုး ရေရွတ်လိုက်၏။

"အဲဒါဘာတွေလဲ အဘိုး ... "

"ငါ့မြေးအခန်းထဲမှာသာ ပြန်အိပ်ပါ ... "

"သမီးမေးတာ ဖြေဦးလေ ... "

"ငါ့မြေး နောက်တော့သိလာမှာပါ — ခုတော့ သွားအိပ်ချေဦး — အချိန်နီးလာပြီ"

"ဘာအချိန်လဲ အဘိုး ... "

" ... "

အဘိုးက ဘာမှဆက်မပြောတော့၊ အိပ်ရန်သာတိုက်တွန်းနေသဖြင့် သူ စိတ်ပျက်စွာ သူ့အခန်းသို့ ပြန်လာလိုက်သည်။ အိပ်ရာပေါ်လှဲလိုက်တော့ အိမ်ရှေ့ဧည့်ခန်းက သံစုံနာရီကြီးက ကျယ်လောင်စွာဖြင့် ဆယ့်နှစ်ချက်ထမြည်လာသည်။

"ဒေါင် ... ဒေါင် ... ဒေါင်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## တစ္ဆေတစ်ကောင်ရဲ့ဇိတ်စာ

'နေချို' အိပ်ရာကနိုးတော့ နေပင်အတော်မြင့်နေပေပြီ။ ထုံးစံအတိုင်း အိမ်အောက်ထပ်သို့ဆင်းကာ မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်သည်။ အဘိုးက ခြံထဲမှာ အမှိုက်တွေလှည်းနေ၏။

"အဘိုး ... သမီး ဟိုဘက်အိမ်သွားလိုက်ဦးမယ်"

"မြေးလေး ... "

အဘိုးစကားပင် မဆုံးသေး နေချို ခြံထဲမှ လစ်ထွက်ခဲ့တယ်။ နောက်မှဆို အဘိုးက တားနေဦးမည်။ သူ ... ကိုကို့ကို လွမ်းလှပြီ။ မတွေ့တာလည်း အတော်ခဲ့ပြီလေ။

သူ ငယ်ငယ်တည်းက ဟိုဘက်ခြံနှင့် ဒီဘက်ခြံကို ကူးနေကြ။

ကိုကို့ဖေဖေ ဦးမျိုးဆက်နှင့် မေမေ ဒေါ်မေရီတို့ကလည်း သူ့ကိုချစ်မှချစ် တံခါးမရှိ ဓားမရှိ ဝင်လိုဝင် ထွက်လိုထွက်လုပ်ခဲ့တယ်။

ကိုကိုတို့ မိသားစုမှာလည်း ကိုကိုတစ်ယောက်တည်းရှိသလို သူတို့ မိသားစုမှာလည်း သူတစ်ယောက်ရှိတယ်။

နေချို ဖေဖေနှင့်မေမေတို့ကလည်း သားသမီးနည်းပါးသူများပီပီ ကိုကို့ကိုလည်း ချစ်ကြသည်။မိသားစုချင်းလည်းနှစ်အိမ့်တစ်အိမ်နေလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတို့ ခြံထဲအဝင်မှာ နေချို့ကို တစ်စုံတစ်ခုက တွန်းထုတ်လိုက်သဖြင့် နောက်သို့လန်ကျသွား၏။

"ဟင် ... "

တအံ့တသြဖြစ်ပြီး အတင်းကုန်းထပြီး ခြံထဲသို့ပြေးဝင်ခဲ့သည်။ အိမ်ဝရောက်တော့ ဧည့်ခန်းထဲတွင် ဂျာနယ်တစ်စောင်ကို သဲကြီးမဲကြီးဖတ်နေသော ကိုကို့အား ...

"ကိုကိုရေ ... ကိုကို ... "

" ... "

ကိုကိုက သူခေါ်တာကို ဂရုမစိုက် ဂျာနယ်ကိုသာဖတ်နေတယ်။ နေချို အနည်းငယ် ဒေါသဖြစ်သွား၏။

"ကိုကို"

သူအသံတိမ်ဝင်သွားတယ်။ အိမ်ထဲသို့ သူဝင်ရန်ပြင်လိုက်၏။ သို့သော် ဘယ်လိုမှ ဝင်လို့မရ။ ဘာတွေဖြစ်နေတာလဲ သူ ဘာတွေဖြစ်နေပြီလဲ။

နောက်ထပ်ဝင်ဖို့ ထပ်ကြိုးစားတယ်၊ မရပြန်ဘူး။ သူ မမြင်ရတဲ့အား တစ်ခုက တွန်းထားသလိုကို ဒီတော့ ...

"ကိုကို ... ကိုကို ... "

အိမ်ဝကနေ အော်ဟစ်နေလိုက်သည်။

"အို ... "

သူခေါ်နေတာကိုပဲ တကယ်မကြားတာလား။ သူနဲ့ပဲ မပတ်သက်ချင်တော့လို့လား အပြောင်းအလဲအမြန်လိုက်တာ ကိုကိုရယ် ... ။

နေချို ဝမ်းနည်းသွားတယ်။ မျက်ဝန်းပေါ်တက်လာတဲ့မျက်ရည်တွေ ပါးပေါ်ကို အလိုလိုကျလာတယ်။ သူခေါ်နေတာကို ထူးလည်းမထူး။ ကြားဟန်လည်းမပြ။ ရက်စက်လိုက်တာကွယ်။

မတွေ့ရတဲ့ ရက်ကလေးအတွင်းမှာပင် ဘယ်လိုပြောင်းလဲသွားတာလဲ။ သူ ကိုကိုတို့အိမ်ဝကနေ လှည့်ထွက်လာခဲ့တော့တယ်။

သူ ဝမ်းနည်းစွာ ပြန်လာတာကို အဘိုးကကြည့်ပြီး ခေါင်းတညိတ်ညိတ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်နေသည်။

ဘာတတ်နိုင်မှာလဲကွယ်၊ စိမ်းကားစွာရက်စက်လွန်းသူ တစ်ယောက်အပေါ် သူ့ဘက်က မာနမတင်းနိုင်ပါ။ နေချို့ဘ၀ နေချို့မျှော်လင့်ချက်တွေဟာ ကိုကိုပါ ... ။

ဘယ်လိုအနေအထားပဲ ဖြစ်နေပါစေ အမြဲတမ်းမပြောင်းလဲဘဲ ကိုကို့ကိုချစ်မယ့်လူပါ။

ဝေဝါးနေတဲ့ မျှော်လင့်ချက်တွေနဲ့ ကောင်းကင်က ကျလာမည့် တိမ်တွေကို လက်ထဲဆုပ်ပြီး ဖွဖွလေးနမ်းချင်တဲ့ ဆန္ဒတွေနဲ့ ...

ဆောင်းညလယ်မှာ နှင်းမှုန်တွေကို နေချို ဖွဖွလေးညည်းမိတယ်။ နေချိုအိမ်ထဲမှာ ဟိုလျှောက် ဒီလျှောက်နဲ့ ကိုယ့်စိတ်ကို ကိုယ်တတ်နိုင်သလောက်တင်းထားတယ်။

သူ ဘာလုပ်ရင်ကောင်းမလဲ၊ သူ ထွက်ပေါက်တစ်ခုခုတော့ရှာမှဖြစ်မည်။ အဲဒီလိုမှမဟုတ်ရင် သူပစ်လဲသွားနိုင်သည်။

"အင်း ... ဟုတ်ပြီ"

ပြင်းထန်သောအသံ ...

စိတ်ထွက်ပေါက်တစ်ခု သို့မဟုတ် ...

ဒဏ်ရာရ ကျားတစ်ကောင်ရဲ့ မာန်ဖီသံ ...

စန္ဒားရားခလုတ်ပေါ် ပြင်းထန်စွာကျလာသော လက်ချောင်းအပေါ်ခန္ဓာကိုယ်တစ်ခုလုံးက အားတွေပစ်သွင်းလိုက်၏။ အခန်းနံရံတွေက စန္ဒရားအသံကို တွန်းကန်ထားသည်။

"တောက် ... "

လှိုင်းတံပိုးထနေသော ရင်ဘတ်ထဲက မခံနိုင်တဲ့အဆုံးထွက်လာသော တောက်ခေါက်သည့်အသံ ထွက်ပေါ်လာ၏။ ထိုအချိန်တွင် အခန်းထဲသို့ အဘိုး ဝင်လာပြီး သူ့ဘေးနားတွင်ရပ်ကာ ...

"ငါ့မြေးလက်သံ တော်တော်ကောင်းလာတာပဲ"

သူ အဘိုးကို ဘာမှပြန်မပြော ခလုတ်များကိုသာ ခပ်ပြင်းပြင်း ဆက်နှိပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူ့ရဲ့လက်ကွက်တွေက အချိုးကျမကျတော့မသိ။

သူ ငယ်စဉ်ကတည်းက တီးလာတဲ့ဂီတ လွှမ်းစရာရှိလည်း ဒါနဲ့ပဲ လွှမ်းလိုက် ပျော်စရာရှိ ငိုစရာရှိ ဒေါသထွက်စရာရှိ အို အစုံပဲ ဒီဂီတပညာရပ်ကို ရှူးသွင်းစွာရှိလာတာကလည်း အဘိုးရဲ့ကျေးဇူးပဲလေ။

သူ တီးနေတဲ့ စန္ဒရားတီးကွက်တွေက သူ့ရင်ကို ဖော်ပြခဲ့ပြီးပြီပဲ။ ဒီတော့ သူ အဆုံးသတ်လိုက်သည်။

"ဒါပေ ါ့မြေးရဲ့ — ဂီတသမားတွေဟာ သူတို့ရဲ့ခံစားချက်တွေကို သံစဉ်တွေအပေါ်မှာပဲ ထားတတ်ရမယ်"

"အင်း ... "

သူ စိတ်မပါစွာ ဖြေလိုက်၏။

"ငါ့မြေးရယ် — ဘဝဆိုတာ လိုသလိုမဖြစ်ဘူး — ဒီတော့ အရာရာကို အစွဲသိပ်မထားပါနဲ့ — ဖြစ်ခွင့်ရမယ့်ဘဝတွေကိုပဲ ဆက်သွားရအောင်"

"အဘိုး ဘာတွေပြောနေတာလဲ သမီး နားမလည်ဘူး"

"မကြာခင်တော့ နားလည်လာပါလိမ့်မယ် — ခုတော့ ငါ့မြေး အစွဲနဲ့ပဲ နေဦးပေ ါ့"

"အဘိုး ... ဘာတွေလာပြောနေမှန်း မသိဘူး"

အဘိုးအနားက နေချိုထွက်လာခဲ့တယ်။ သူ့ကို အဘိုးကသိပ်ချစ်တာ သူငယ်ငယ်တည်းက သူ့အလိုကို အမြဲလိုက်ခဲ့သလို အကြင်နာလည်း အလွန်ကြီးခဲ့တယ်။

အဘိုးက ငယ်စဉ်ကတည်းက စန္ဒရားဆရာလုပ်ခဲ့တာ။ သူ့လက်သံက ပြောင်မြောက်ကောင်းမွန်လွန်းလို့ အထက်တန်းလွှာ ညစ်ခံပွဲ မင်္ဂလာပွဲနဲ့ သာရေး နာရေးပွဲတွေမှာ အဘိုးမပါရင် ပွဲမစည်ခဲ့။

ဂီတအသိုင်းအဝိုင်းရဲ့ ဂုဏ်ထူးဆောင်ဘွဲ့ရရှိခဲ့သလို သူ့ကိုလည်း 'ကဝေလက်' ဆိုတဲ့ သူ့စန္ဒရားတီးလက်သံနဲ့ပတ်သက်တဲ့ နာမည်တစ်လုံးရခဲ့တယ်။

အဘိုးရဲ့လက်သံကို နားထောင်ဖူးသူများဟာ တခြားစန္ဒရားဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လက်သံကို နားမထောင်ချင်ကြတော့။

အဘိုးက 'နေချို' ကိုယ်စဉ်ကတည်းက စန္ဒရားတီးသင်ပေးခဲ့သလို ထွက်ပေါ်လာတဲ့သံစဉ်တွေအပေါ် ခံစားမှုကိုလည်း ပြောဆိုပြသခဲ့တယ်။

ခုရက်ပိုင်း အဘိုးပြောတဲ့စကားတွေက သိပ်ဆန်းနေတယ်။ သူ့ကိုလည်း အစွဲတစ်ခုဖျောက်ဖို့တဲ့ သူက ဘာတွေ စွဲနေလို့လဲ သူ စွဲနေတယ်လို့ ပြောလို့ ရတာ ဒီစန္ဒရားတီးကွက်တွေနဲ့ ကိုကို … ပဲလေ။

"ရှတ် … ရှတ် … "

သူ ခြံထဲက ခုံတန်းလေးမှာထိုင်နေစဉ် ခြံဝကခေါ်တဲ့အသံကြောင့် ကြည့်လိုက်တယ်။ စက်ဘီးအပြာနဲ့ကောင်လေးတစ်ယောက်။

"ဘာလဲ … "

"ဘာလုပ်မလို့လဲ … "

"စာပေးခိုင်းလိုက်လို့ … "

နေချို နည်းနည်းစိတ်ဝင်စားသွားတယ်။

"ဘယ်သူပေးခိုင်းတာလဲ … "

"နောက်မှဖြေမယ် … အခုတံခါးအရင်ဖွင့် … "

ဟုတ်တော့လည်း ဟုတ်တယ်။ ကောင်လေးက ခြံအပြင်ဘက် သူက ခြံထဲက လှမ်းအော်နေကြတာ သူ့အတွင်းက သံတံခါးရဲ့မင်းတုန်းကို တစ်ဘက်ကိုထိုးပြီး ဖွင့်လိုက်တယ်။

"ဟဲ့ … အဘိုးဩရ ဘယ်မှာလဲ"

ခြံထဲဝင်လာပြီး ကောင်လေးက ရဲရဲတင်းတင်းမေးလိုက်တယ်။

"အိမ်ထဲမှာရှိတယ်"

"ငါ ဝင်သွားလို့ရမလား"

"ရတယ် … ဝင်သွား"

ကောင်လေး အိမ်ထဲသို့ဝင်သွားတယ်။ နေချို ကောင်လေးနောက်ကျော ကို တစ်ချက်ကြည့်ပြီး တန်လျားမှာ ပြန်ထိုင်နေတယ်။ ခဏကြာတော့ ကောင်လေးနှင့်အတူ အဘိုးလည်း အိမ်ထဲမှထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး ... အဘိုးတို့ ဒီည ညစ်ခံပွဲတစ်ခု သွားရမယ်"

"ဟုတ်ကဲ့ ... အဘိုး"

အဘိုးက ကောင်လေး ပခုံးကိုလက်နဲ့ပုတ်ပြီး ...

"ဒီက သူစိုးကျော်တို့နေရာမှာ ... "

"ဟုတ်ကဲ့ ... "

ကောင်လေးက သူ့ကိုတစ်ချက်ပြုံးပြပြီးပြောတယ်။ နေချို ခေါင်းညိတ်ပြလိုက်တယ်။ ပြုံးတော့ မပြုံးပြဘူး။

"အဘိုးနဲ့ နေချိုသစ် လာဖြစ်အောင်လာပါ ... ကျွန်တော်စောင့်နေမယ်"

ကောင်လေးကပြောပြီး သူ့စက်ဘီးပြာလေးကိုနင်းကာ ထွက်သွားတော့သည်။ နေချိုက ...

"အဘိုးက သူတို့နေရာကို သွားရမှာလား"

"ဟုတ်တယ် မြေးလေးရဲ့"

"ငှက်တော်ကုန်း ... "

"ဟင် ... သချိုင်းကုန်းကြီး"

နေချို တအံ့တဩရေရွတ်လိုက်တယ်။

"ဟင်း ... အနုပညာသမားပဲ ဘယ်နေရာဖြစ်ဖြစ် သွားရမှာပေါ့ မြေးရယ်"

အဘိုး သက်ပြင်းကိုချပြီး သူ့ကိုပြောလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## သချိုင်းထဲက ညွှေ့ခံပွဲ

နေချိုတို့ရောက်နေတဲ့အချိန်က ညှေ့ခံပွဲကိုလာကြတဲ့ ညှေ့သည်အတော်များများပင် ရှိနေသည်။ သူစိုးကျော်က အဝကပင် အရေးတယူ ထွက်ကြိုကာ သူတို့ကို လူရှင်းသော ခုံတစ်ခုံတွင် နေရာချထားပေးသည်။

သူထင်ထားသော ငှက်တော်ကုန်းဆိုတာ သချိုင်းတစ်ခု။ ခုတော့ ခုံများ၏ထိပ်ဆုံးတွင် ဂီတပိုင်းရှိကာ ရိုမန်းတစ်တေးသွားကို ညင်သာစီးမျောကာ တီးခတ်နေသည်။

တီးပိုင်း၏တစ်ဘက်ထောင့်တွင် ခန့်ညားထည်ဝါလှသော စန္ဒရားတစ်လုံးကိုချထား၏။ ထိုအချိန်ထိ ဒီညှေ့ခံပွဲက ဘာအတွက်လုပ်တာလဲဆိုတာ နေချို မသိ။

အဘိုးက ထိုင်ခုံမှာ ကျနစွာထိုင်ရင်း၊ တီးပိုင်းက ထွက်ပေါ်လာသော သံစဉ်ကိုသာ အာရုံစိုက်နားထောင်နေသည်။

"အခုလို ကြွလာတဲ့ ကဝေလက်ဦးသြရကို ကြိုဆိုပါတယ်"

ခန့်ညားထည်ဝါလှတဲ့ လူကြီးတစ်ဦးက အဘိုးကို အရိုအသေပေးရင်း ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ ... လူကြီးမင်းရဲ့အစီအစဉ်ကို ပြောပြပါ"

---



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အစီအစဉ်က ဦးဩရတို့ အမြန်ဆုံး ... "

"အချိန်ခဏ စောင့်ပေးပါဦး ... "

ထိုလူကြီး စကားမဆုံးမီ အဘိုးက လက်ကိုကာရင်း ပြောလိုက်၏။

"ကဲ ဒီလိုဆိုလည်း အခုအဖွဲ့ပြီးရင် ဦးဩရတို့ရဲ့ လက်သံလေးကြားပါရစေ"

"တခြားအစီအစဉ်တွေ မရှိဘူးလား"

"အရေးမကြီးပါဘူး ... အားလုံးကလည်း ဦးဩရတို့ကို မျှော်လင့်နေပါတယ်"

"ကောင်းပါပြီ ခင်ဗျာ ... "

အဘိုးက ထိုလူကြီးကို လိုက်ကာထက်ပို၍ ရိုသေနေသည်။ အဘိုးနှင့်သူ ဧည့်ခံပွဲပေါင်းများစွာသွားခဲ့သည်။ ဘယ်လိုလူမျိုးကိုမဆို ခပ်တင်းတင်း ဆက်ဆံတတ်သော အဘိုးက ဒီလူကြီးကိုမှ အောက်ကျစွာ ဆက်ဆံနေတာ ဘာကြောင့်ဆိုတာ သူ စဉ်းစားမရပါ။

"ငါ နင့်လက်သံကို အရမ်းနားထောင်ချင်တာပဲ"

ခုံတစ်ခုံကိုဆွဲထိုင်ရင်း သူ့စိုးကျော်က သူ့ကိုပြောလိုက်၏။

"ဟင့်အင်း ငါမတီးတော့ဘူး ... "

"ဟာမလုပ်နဲ့ နင်တီးပါ ... "

"ဟိုလူကြီးကို အမြင်ကတ်လို့"

စောစောက အဘိုးနှင့်စကားပြောနေသော လူကြီးထွက်သွားရာကို မျက်ညှိုးထိုးပြီး ပြောလိုက်၏။

"နင် တီးမှဖြစ်မယ် နေချိုသစ်"

"ဘာလဲ _ နင်က ငါ့ကို အမိန့်လာပေးနေတာလား"

"နင် အခုလို နေခွင့်ရနေတာ နင့်ရဲ့လက်သံတွေကြောင့်ပဲ"

သူ့စိုးကျော်ပြောတာကို သူ နားမလည်ပါ။ ဧည့်ခံပွဲလာတဲ့ လူတွေက အားတုံးပျော်ရွှင်မှုမရှိ စင်ပေါ်ကထွက်လာတဲ့ ဂီတသံကိုသာ အာရုံစိုက်နားထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူစိုးကျော် အခုပွဲက ဘာအတွက်လုပ်တာလဲ"

"လူသစ်ကြိုပွဲ ... "

"ဟင် ... ဘယ်ကလူတွေကို ကြိုတာလဲ ... "

"မြေးရေ ... အဘိုးတို့တီးဖို့အလှည့်ရောက်တော့မယ်"

စားပွဲဝိုင်းရှေ့တွင်ထိုင်နေသော အဘိုးက သူ့ကိုလှမ်းပြောလိုက်၏။

စင်ပေါ် ဂီတဝိုင်းကလည်း အဆုံးမှပ်တေးသွားကို ညင်သာစွာ တီးခတ်နေသည်။ ထိုတေးသွားဆုံးသွားသောအခါ စင်ပေါ်မှ အစီအစဉ်ကြေညာသံ ထွက်လာလေသည်။

"ယနေ့ကြွလာတဲ့ လူသစ်များခင်ဗျား၊ ယခု အချိန်ကစပြီး အားလုံး မျှော်လင့်နေတဲ့ စန္ဒရားပညာရှင် ကဝေလက်တို့ရဲ့ ဂီတသံစဉ်ကို နားဆင်ရပါတော့ မယ်"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... "

ပရိသတ်လက်ခုပ်သံ ဆူညံသွားသည်။ အဘိုးနှင့်နေချို စင်ပေါ်တက် ကာ ပရိသတ်ကို ဦးညွှတ်ဂါရဝပြုလိုက်၏။ အဘိုးက သူ့ကိုစန္ဒရားကြီးရှေ့ ထိုင်ခုံမှာ ထိုင်ခိုင်းကာ စတင်တီးခတ်စေသည်။

သူ ပထမဆုံး အသံစမ်းလိုက်၏။ ထို့နောက် လေဝဲငှက်၏ ကောင်း ကင်ခရီး တေးသွားသံစဉ်ကို စတင်တီးတော့သည်။

စန္ဒရားအသံက ညှို့ခံပွဲတစ်ခုလုံး ငြိမ့်ညောင်းစွာ ထွက်ပေါ်လာကာ ပရိသတ်များအားလုံး၏ အာရုံ၌ လေထဲတွင်ဝဲပျံနေကြသည်။

နေချို တီးလုံးတစ်လုံးချင်း အသံရှည်ကို ဆွဲနိုင်သမျှ ဆွဲရင်း အားလုံး ကို လေထဲဝဲပျံသွားအောင် ကောင်းကင်သို့ခေါ်သွား၏။

တိမ်တွေကို တစ်အုပ်ပြီးတစ်အုပ်ဖြတ်ကာ ကောင်းကင်နှင့်နီးသည် ထက်နီးအောင် ဝဲပျံနိုင်ကြ၏။

ပရိသတ်များကလည်း လုံးဝမလှုပ်မယှက် သူနှင့်အတူ ကောင်းကင်ပေါ် ဝဲပျံနေကြသည်။ သူတီးနေသည့် သံစဉ်ထဲတွင် စီးမျောလိုက်ပါလာကြရာ လွတ်လပ် ခြင်း၊ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်းတို့ကိုရသည့်နယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားလေပြီ။ သို့သော် အဆုံးပန်းတိုင်ကို မရောက်သေး။ တစ်ဖန် နေချိုသံစဉ်များနှင့် မြေပြင်ကို ပြန်ခေါ်လာပြန်သည်။ စိမ်းလန်းသော မြက်ခင်း ပြင်များ၊ သိုးအုပ်များကို မြင်လာရလေပြီ။ စမ်းချောင်းလေးကို အပေါ်စီးကနေ လှမ်းတွေ့ရ၏။ တငြိမ့်ငြိမ့်စီးနေတဲ့ ရေစီးသံကို စတင်ကြားလိုက်ရသည်။

ထိုစမ်းချောင်းလေး နံဘေးက မြက်ခင်းပေါ် အသာလှဲချကာ အေးမြမြ လေနုအေးလေးကို တစ်ဝရှူရင်း တီးလုံးကို အဆုံးသတ်လိုက်၏။

"အို ... "

ပရိသတ်ထဲမှ ပြိုင်တူထွက်လာတဲ့အသံ။ အဲဒီ့နောက်မှ ...

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေ လွှင့်ပျံထွက်လာသည်။ တော်တော်နှင့်အသံမစဲတော့။ သူ့ထံသို့ ပရိသတ်အချို့တက်လာကာ အနီရောင်ပန်းပွင့်လေးတွေ လာပေးကြ၏။

သူကျေနပ်စွာ လက်ခံယူလိုက်သည်။ အဘိုးကတော့ သူ့ကို ဂုဏ်ယူ သောအပြုံးနှင့် ကြည့်ကာနေသည်။ သူ့ရင်ထဲမှာလည်း ပီတိလှိုင်းတွေထကာ ပန်းပွင့်လေးတွေကို ရင်ထဲထွေးပွေ့ထားလိုက်၏။ ထိုအချိန်တွင် —

"ဝူး ဝူး ဝူး"

ဘယ်က ခွေးတစ်ကောင် 'အူ' လိုက်မှန်းမသိ ညှော်ခံပွဲတစ်ခုလုံးကို ထိုခွေးအူသံက လွှမ်းမိုးသွားသည်။ ပရိသတ်တွေကလည်း အသံလာရာကို သူ့ညီကြည့်ကြ၏။

နဂိုထဲမှ ပြုံးရယ်ခြင်းမရှိသည့် မျက်နှာသေနှင့် ပရိသတ်ရဲ့မျက်နှာတွေ က ကြောက်ရွံ့ထိတ်လန့်စွာ ဖြစ်လာသည်။

"ဟေး ဟေး ဟေး"

ဆူညံသောအသံတွေ ထွက်လာပြန်သည်။ မီးရောင်တွေကလည်း အဖြည်းဖြည်း အရောင်ဖျော့လာကာ အလင်းရောင်ရတယ်ဆိုရုံသာ ကျန်တော့ သည့်အချိန်တွင် ...

"လာ နေချိုသစ် သွားမယ်"

စင်ပေါ်သို့ သူ့နိုးကျော် ပြေးတက်လာကာ သူ့လက်ကိုဆွဲရင်း စင်အောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ပြေးဆင်းလာသည်။ သူက ဘာမှန်းညာမှန်းမသိ ကြောင်တောင်တောင်ဖြစ်ကာ သူစိုးကျော် ဆွဲခေါ်ရာသို့လိုက်ပါသွားလေသည်။

ညည့်ခံပွဲလုပ်သည့်နေရာနှင့် အတော်ဝေးဝေးနေရာသို့ ပြေးထွက်လာကြရင်း ...

"သူစိုးကျော် ဘာတွေဖြစ်တာလဲ ... "

"မြန်မြန်လာ ... နောက်မှပြောမယ်"

"ငါ့အဘိုး ... ကျန်ခဲ့တယ်"

"အဘိုးလိုက်လာလိမ့်မယ် မပူနဲ့"

သူစိုးကျော် သူ့ကိုဆွဲခေါ်ရင်း ခပ်သွက်သွက်သာပြေးလာသည်။ ညည့်ခံပွဲဆီသို့ သူတစ်ချက်လှည့်ကြည့်ရာ လုံးဝမှောင်သွားလေပြီ။ သို့သော် ဆူညံသော အသံများကို ကြားနေရဆဲပင်။

"ဟေး ဟေး ဟေး"

"ဝူး ဝူး ဝူး"

သူတို့နှစ်ယောက် ပြေးရင်းပြေးရင်းနှင့် မြို့ထဲရောက်လာသည်။ ပလက်ဖောင်းဘေး မီးတိုင်အောက်တွင် သူစိုးကျော်နှင့် သူခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"ဟူး မောလိုက်တာ"

သူစိုးကျော် ညည်းညူလိုက်သည်။ သူလည်း ခပ်ပြင်းပြင်း အသက်ရှူလိုက်ရင်း ...

"နင် ငါ့ကိုဘာလို့အတင်းဆွဲပြေးတာလဲ"

"နင် ဒုက္ခရောက်မှာစိုးလို့"

"ငါက ဘာလို့ဒုက္ခရောက်မှာလဲ"

"ကဲ ... အဲဒါတွေထား ... နင့်လက်ထဲက ပန်းပွင့်ကိုလွှင့်ပစ်လိုက်"

သူ ပြေးလာသော်လည်း လက်ထဲတွင် ပန်းပွင့်လေးတစ်ပွင့်ကို ကိုင်ထားနေမိသည်။ သူစိုးကျော်ပြောမှ ထိုပန်းပွင့်လေးကိုကြည့်လိုက်ရာ ...

"ဟင် ... ခေါင်ရမ်းပန်း"



www.burmeseclassic.com

www.burmeseclassic.com



သူ အံ့ဩစွာ ရေရွတ်လိုက်တယ်။

"သူစိုးကျော် ငါ့ကိုဂုဏ်ပြုတာလည်း ခေါင်ရမ်းပန်းနဲ့"

"နင်ကလည်း သူတို့မှာ အဲဒီပန်းပဲရှိတာ"

"ဘာ ဒါ မသာတွေပန်တဲ့ပန်းလေ"

"လာ ... ထသွားမယ်"

ခေါင်ရမ်းပန်းကို အဝေးသို့ သူစိတ်တိုစွာ လွှင့်ပစ်လိုက်၏။ ညခေတ်မီး တိုင်အောက်တွင် သူစိုးကျော်နှင့် သူ ပလက်ဖောင်းပေါ် လမ်းလျှောက်လာကြသည်။

တစ်ခါတရံ ဖြတ်သွားသောကားများမှလွဲ၍ လူတွေကိုလည်း သိပ်မတွေ့ရ။ တစ်နေရာအရောက်တွင် အဝတ်အစားစုတ်ပြတ်ပြတ်နှင့် လူကြီးတစ်ဦး တင်းနစ်ဘောလုံးတစ်လုံးကို ခြေထောက်နှင့်ကန်ရန် ကြိုးစားနေသည်။

ရယ်စရာတော့ကောင်းသည်။ သူကန်တာ လုံးဝမထိ။ သို့သော် ထိုလူကြီးက စိတ်မာတ်မကျ အကြိမ်ကြိမ်ကြိုးစား၏။

"သူစိုးကျော် ရယ်ရတယ်နော်"

"ဘာကိုလဲ"

"ဟိုလူကြီးလေ"

သူစိုးကျော် သေချာကြည့်ပြီး ...

"သူများကို မဝေဖန်နဲ့ ... ကိုယ့်အလုပ်ကိုယ်လုပ်"

"ငါက ဘာလုပ်ရမှာလဲ"

"လမ်းလျှောက် ... "

သူ့ကို နေရာတိုင်း ဆရာလုပ်သော သူစိုးကျော်ကို စိတ်တိုလာသည်။ သူ့ဘေးကနေ ဆောင့်အောင့်လိုက်လာခဲ့သည်။ တဖြည်းဖြည်းနှင့် လျှောက်လာရာ သူတို့လမ်းထဲဝင်လာတော့ ခွေးတွေက ဝိုင်းဟောင်ကြလေသည်။

"ဝုတ် ဝုတ် ရူး ... "

"ဟဲ့ခွေး တောက် ဒီခွေးဟွ"

သူက မောင်းထုတ်နေပေမယ့် သူစိုးကျော်က မမောင်းထုတ်။ ဆောပြီး



www.burmeseclassic.com

www.burmeseclassic.com



သာ လျှောက်နေ၏။ ခြံဝသို့ရောက်သောအခါ ...

"နင် အိမ်ထဲသွားတော့ ငါပြန်တော့မယ်"

"ကျေးဇူးပဲ ... နင်က ဘယ်ပြန်မှာလဲ"

"ငါ့နေရာပေါ့"

"နေဦး ... ငါ့အဘိုးရော ပြန်လာမှာလား ... "

"ပြန်လာမှာပါ ... သွား အိမ်ထဲဝင်တော့ ... ငါလည်းသွားပြီ"

ခြံရှေ့ကနေ သူ့စိုးကျော် အပြေးအလွှားထွက်သွားသည်။ ခွေးတွေက တော့ ဟောင်မြဲ အူမြဲပင်။

"ရူး ရူး ရူး"

သူ အိမ်ပေါ်တက်ကာ အခန်းထဲသို့ ဝင်ခဲ့လေသည်။ အိပ်ရာပေါ်လှဲ လိုက်ရင်း ယနေ့ည သူကြုံတွေ့ခဲ့ရတဲ့ ထူးဆန်းသောညစ်ခံပွဲမှ လူတွေအကြောင်း ကို စဉ်းစားနေမိ၏။

သူ အခုတလော ကြုံတွေ့နေသည်များမှာ ထူးဆန်းသောအရာများပင်။ မတွေ့ဖူးသောအရာများ။ မကြုံဖူးသောအတွေ့အကြုံတွေကို ဘာလို့များ ဆက် တိုက် တွေ့ကြုံနေရတာလဲ။

ကိုကို ... ခုလောက်ဆို အိပ်နေပြီပေါ့ ... သူ ပြတင်းပေါက်ဆီသို့ ထသွားပြီး ကိုကိုတို့အိမ်ကို ကြည့်လိုက်၏။ ထုံးစံအတိုင်း ညအမှောင်အောက် တွင် တစ်အိမ်လုံးမဲမှောင်ကာနေသည်။

ကိုကိုရယ် ... ဘာလို့ နေချို့ကို စိမ်းနေရတာလဲ။ နေချို ဘာအမှား တွေ လုပ်ခဲ့မိလို့လဲ။ တကယ်ပါ ကိုကို ... ကိုကို့ရဲ့ထာဝရပန်းပွင့်လေးနေချိုဟာ ဟိုး ... ငယ်ငယ်တည်းက ကိုကို့ကိုချစ်ခဲ့တာပါ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## တော်ဝင်မင်းသားနှင့်အမည်ခံမင်းသမီး

"တောက် ... "

ဟိုဘက်ခြံသို့ နေချို ကျောက်စလစ်ခဲနှင့် လှမ်းပေါက်လိုက်၏။ ဘာမှ အခြေအနေမထူး။ နောက်တစ်ကြိမ် ထပ်ပေါက်လိုက်တယ်။

"တောက် ... "

သိပ်မကြာပါ။ အိမ်ထဲက ပြူးတူးပြဲတဲနှင့် 'နေစိုး' ထွက်လာကာ သူတို့ခြံဘက်သို့ လှည့်ကြည့်လိုက်၏။ သူ့ကိုတွေ့သွားသောအခါ လက်ကလေးပြလိုက်သည်။ သဘောက ခဏနေဦးဆိုတဲ့အဓိပ္ပာယ်။

နေစိုး ပြန်ထွက်လာတော့ ကျောင်းယူနီဖောင်းဝတ်စုံ လွယ်အိတ်ကို လွယ်သိုင်းထားသည်။ စက်ဘီးကို တွန်းကာ ခြံပြင်သို့ထွက်လာ၏။

"ကိုကိုကလည်း ကျောင်းနောက်ကျတော့မယ်"

"အိပ်ရာထနောက်ကျသွားလို့ပါ နေချိုရယ်"

ဟုတ်မှာပါ။ ကိုကိုက အအိပ်ကြီးသည်။ ဘယ်တော့မှ စောစောမနိုး။ ကျောင်းသွားဖို့ကို သူအမြဲစောင့်ရမြဲ။ ကိုကိုနင်းသည့်စက်ဘီးနောက်မှာထိုင်ရင်း ကျောင်းကို အမြဲသွားတတ်တာမို့ ကိုကို့ကိုမစောင့်ဘဲ သူ တစ်ယောက်တည်း မသွားခဲ့ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကျောင်းကို စက်ဘီးစီးသွားကြလျှင် ကျောင်းက သူငယ်ချင်းတွေက လှမ်းလှမ်းနောက်ကြ၏။

"ယောက်ဖ ... ဒီနေ့ ကျောင်းလာတာ စောလှချည်လား"

ထိုအခါမျိုးတွင် ကိုကို့မျက်နှာ ပုပ်သိုးသွားတယ်။ ပြီးတော့ သူ့ကို ဆူတော့တာပဲ။

"နေချို ... အနေအထိုင်ဆင်ခြင်စမ်း ... "

"နေချိုက ဘာလုပ်နေလို့လဲ"

"ဟိုကောင်တွေ နောက်သွားတာတွေ့လား"

"သူတို့ဘာသာနောက်တာ နေချိုနဲ့ဘာဆိုင်လို့လဲ ... "

"ဆိုင်တာမဆိုင်တာ ငါမသိဘူး ... နင့်ကြောင့် ငါအမြဲ အစခံရတယ်"

ထိုအခါမျိုးတွင် သူ ကိုကို့ကိုစိတ်ကောက်ပစ်လိုက်၏။ ကျောင်းရောက်သည်အထိ လုံးဝစကားမပြောတော့။ ကိုကိုက အဲဒီလိုပဲ သူများ သူ့ကိုနောက်ရင်မကြိုက်ဘူး။

သူ နေချို့ကိုလည်း အမြဲဆရာလုပ်သည်။ တကယ်ဆို သူနှင့်နေချို အသက်ကကွာလှတာမဟုတ်။ သူက ဆယ်တန်း နေချိုက ကိုးတန်း။

နေ့လယ်မုန့်စားဆင်းချိန်ရောက်တော့ အတန်းထဲကို မုန့်တွေဝယ်လာပြီး သူ့ကိုလာချော့တယ်။

"နေချို ... ကိုကို့ကို စိတ်ဆိုးနေတာလား ... "

" ... "

"ကိုကို သူများတွေ အဲဒီလိုနောက်ရင် မကြိုက်ဘူး ... ရော့ ... ဒါက နေချိုကြိုက်တဲ့ မရမ်းယိုထုပ်စား ... "

" ... "

မုန့်ဈေးတန်းက ဝယ်လာသော ယိုစုံထုပ်တွေကို အတင်းထိုးပေးရင်း သူ့ကိုချော့တယ်။ နေချို ကြာကြာမနေနိုင်ပါဘူး။

"ဒါပဲမလား ... ထားခဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမေးတာ ဖြေဦးလေ ... "

"ဘာကိုလဲ ... "

"ကိုကို့ကို စိတ်ဆိုးနေသေးလားလို့ ... "

"အင်း ... "

"နောက်ဆို ကိုကို နေချို့ကိုမဆူတော့ဘူးနော် ... "

"ကလင် ... ကလင် ... "

"ဟော ... ကျောင်းပြန်တက်ပြီ ... ကိုကို သွားတော့မယ်နော်"

"အင်း ... "

နေချို ခေါင်းညိတ်ပြလိုက်တယ်။ သူ ကိုကို့ကို ကြာကြာစိတ်မဆိုးရက်ပါဘူး။ ကိုကို ဘာပြောပြော ဘယ်လိုပဲဆူဆူ စိတ်ဆိုးလည်းခဏပဲ။ ပြီးရင် သူပျော့ရတာချည်းပဲ။

ကျောင်းမှာဆို နေချိုက ရေပန်းအစားဆုံး ဆံနွယ်ကွေးကွေးလေးတွေက ရွှေအိုရောင်နှင့် မျက်ဝန်းနက်နက် နှာတံချွန်ချွန်လေးကို ပိုင်ဆိုင်ထားသူ ဖြူစင်လှသောအသားအရေက မိန်းကလေးတိုင်း ငေးမောကြည့်ရလောက်၏။

ပညာရေးမှာလည်း ထူးချွန်လှသလို၊ ကျောင်းဂီတပွဲတွေမှာလည်း သူမပါရင် ပွဲမစည်တော့လောက်အောင် နာမည်ကြီးသည်။ နှစ်စဉ် ကျင်းပတဲ့ ကျောင်းစုံညီပွဲတော်၊ အာစရိယပူဇော်ပွဲ၊ ကျောင်းနှုတ်ဆက်ပွဲတွေမှာဆို နေချိုရဲ့ဂီတလက်သံကို တစ်ကျောင်းလုံးက ကျောင်းသားကျောင်းသူတိုင်း အလုအယက် လာနားထောင်ကြသည်။

ထိုအခါမျိုးတွင် ကိုကိုက မကြိုက်။

သူ့ကို လူများများကြားမှာ မထင်ပေါ်စေလို့တော့ မဟုတ်ပါ။ မိန်းကလေးတစ်ယောက်ဆိုတာ လိုအပ်တဲ့ ကျော်ကြားမှုကလွဲရင် အခြားသာလွန်တဲ့ ထင်ရှားမှုမျိုးကို သူမလိုချင်ဘူးဟု သူ့ကိုအမြဲပြောတယ်။ နေချိုက ...

"ကိုကိုကလည်း သူများတွေတောင် ကျော်ကြားချင်တိုင်းရလို့လား"

"နေချို ဘာမှမသိသေးပါဘူးကွာ ... ကျော်ကြားလာတော့ နေချိုဘာ ကျင့်ပြောင်းလာတာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ကျဉ်းမြောင်းလာလို့လဲ ..."

"အနေအထိုင် အသွားအလာ အစစအရာရာ လူတွေက နေချို့ကို ဂရုစိုက်လာပြီလေ ..."

ဘာတွေမှန်းလည်းမသိဘူး။ ပြောလိုက်တဲ့စကားတွေ မဆုံးတော့ဘူး။ နေချိုနားကိုညည်းရော။

ကိုကိုကလေ လူကြီးတအားဆန်တာ။ စာကြီးပေကြီးတွေလည်းဖတ်တယ်။ သူတို့မြို့က စာဖတ်အသင်းမှာလည်း အသင်းဝင်တစ်ယောက်။

သူတို့အသင်း လူတွေချင်း အမှတ်မထင် လမ်းမှာတွေ့ရင်ပြောလိုက်တဲ့ စာပေအကြောင်း။ ဘေးကပါလာတဲ့ နေချို့ကိုတောင် မေ့သွားမတတ်ပဲ။

သူတို့ စာဖတ်အသင်းလေးနာမည်က "အနာဂတ်ရဲ့မြို့"တဲ့။ အပတ်စဉ် စာပေဆွေးနွေးပွဲလေးလုပ်တယ်။ ငြင်းကြခုန်ကြနဲ့ တော်တော်စည်ကားတယ်။

ကိုကိုက သူတို့ရဲ့ ဆွေးနွေးပွဲလေးကို လိုက်ခဲ့ဖို့ အမြဲတိုက်တွန်းခဲ့ပေမယ့် သူတစ်ခါပဲ လိုက်ဖူးတယ်။ သူမသိတဲ့အကြောင်းတွေ ပြောဆိုနေကြတာ စိတ်ညစ်လို့ နောက်ဆိုမလိုက်တော့ဘူး။

ကျောင်းမှာဆိုလည်း ကိုကိုက အတန်းခေါင်းဆောင် ကျောင်းသားရေးရာကိစ္စတွေမှာ သူအမြဲပါတယ်။ ဆရာ ဆရာမတွေကလည်း သူ့ကို အရမ်းအားကိုးတာ။

သူ့ကိုလည်း မသိတဲ့လူမရှိဘူး။ အရာရာပါလို့။ အသားလတ်လတ် ခေါင်ကောင်းကောင်း ယောကျ်ားပီသတဲ့ ရုပ်ရည်ကို ပိုင်ဆိုင်ထားတဲ့ကိုကို့ကို ကောင်မလေးတွေကလည်း အရေးပေးဆက်ဆံကြတယ်။

အဲဒီ့ထဲမှာ ကိုကိုတို့အတန်းက ကြည်ပြာခင်က အဆိုးဆုံး။ နေချို သူ့ကိုလုံးဝကြည့်မရ။ စကားပြောရင် လက်က ဟိုပုတ်ဒီပုတ်နှင့် ကိုကိုနှင့် သိပ်ခင်ကြတာ။

တစ်ရက် ကိုကိုနှင့်သူ ကျောင်းပိတ်ရက်မို့ ညနေပိုင်း စက်ဘီးထွက်စီးရင်း မြို့ပြင်မှာ သူနဲ့တွေ့တယ်။

"နေစိုးပါလား ... အတော်ပဲ ... ငါ့ကို ဘုရားကြီးဘက်လိုက်ပို့ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... "

သူပါလာ၍ ကိုကို ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ ဒါကို သဘောပေါက်သည့် ကြည်ပြာခင်က ...

"သူ့ကို ခဏစောင့်နေခိုင်းလိုက်မယ်လေ ... လာပါ"

ကိုကို့လက်မောင်းကို အတင်းဆွဲပြီး စက်ဘီးကို အတင်းနင်းသည်။ ကိုကိုက ကန့်လန့်ကန့်လန့်နှင့် သူ့ကိုလှည့်ကြည့်ပြီး ...

"နေချို ခဏစောင့်နော် ... ကိုကို ခုပဲ ပြန်လာမယ်"

နေချို ဘာမှမပြော ရင်ထဲမှာ ဝမ်းနည်းခြင်း ဒေါသဖြစ်ခြင်း ခံပြင်းခြင်းတို့ဖြင့် ကိုကိုတို့ စက်ဘီးနှင့်ထွက်သွားတာကို ကြည့်နေလိုက်သည်။ မကြာခင်ပဲ အားကဖြတ်သွားတဲ့ ဆိုင်ကယ်ကယ်ရီကို လှမ်းခေါ်ကာ အိမ်သို့ပြန်လာခဲ့သည်။

အိမ်ရောက်တော့ မျက်နှာမှုန်ကုပ်နေပြီး အိမ်ထဲဝင်လာတဲ့ သူ့ကို မေမေက ...

"သမီး နေစိုးနဲ့ ရန်ဖြစ်လာပြန်ပြီလား ... "

"ဟုတ်တယ် ... "

ဆောင့်အောင့်မြွေကာ အခန်းထဲသို့ပြေးဝင်ပြီး အိပ်ရာပေါ်က ခေါင်းအုံးကိုသူကာ နံရံကို အားရပါးရပေါက်နေလိုက်သည်။

ဘယ်နှစ်ကြိမ်ပေါက်နေမှန်းမသိ ခေါင်းအုံးက မှို့တွေထွက်လာမှ ရပ်လိုက်တယ်။ ဒါတောင် ဒေါသမပြေသေးဘူး။

"တောက် ... "

ခပ်ပြင်းပြင်း တောက်ခေါက်သံက တစ်ခန်းလုံးပြည့်သွားတယ်။ ဘယ်ညာသို့ ဝေ့ဝဲကြည့်လိုက်တော့ သူမြတ်နိုးလှတဲ့စန္ဒရား။

သူစန္ဒရားတီးတဲ့ခုံမှာ ဝင်ထိုင်ရင်း အပြင်းထန်ဆုံးလက်ကွက်တစ်ခုကို ရွေးပြီး တီးလိုက်လေတော့တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## ပန်းတို့လိုချင်တဲ့ မြေကြီး

"အန်တီ နေချိုရှိလား"

"သူ့အခန်းထဲမှာ ရှိတယ် သားရဲ့ ... "

"ဟုတ်ကဲ့ ... "

"ခဏစောင့် ... အန်တီ သွားခေါ်ပေးမယ်"

နေချို့မေမေ အန်တီ ဒေါ်ဝါဝါသင်း အိမ်အပေါ်ထပ်သို့တက်သွား၏။ မနေ့ညနေက သူ့ကို နေချို စိတ်ဆိုးသွားသည်။ ကြည်ပြာခင်က ဖွတ်တရွတ် အတင်းခေါ်၍ သူပါသွားရသည်။ သူပြန်လာတော့ နေချို မရှိတော့။

အခု မနက်စောစော နေချို့ကိုချော့ဖို့ သူ့အိမ်ကို နေပိုးတောက်လာသော်လည်း နေချို့ကိုမတွေ့ရပေ။ ခါတိုင်း သူလာပြီဆို အသံစာစာနှင့် အမြဲတွေ့ရပေမယ့် ခုတော့ အသံလည်း မကြားရ။ လူလည်းမတွေ့ရ။

မကြာခင် အန်တီဒေါ်ဝါဝါသင်း အိမ်ပေါ်မှပြန်ဆင်းလာသည်။

"သားရေ — မင်းညီမ နေမကောင်းလို့တဲ့ — အန်တီ အတင်းခေါ်တာလည်း အခန်းထဲက ထွက်မလာဘူး ... "

"ဟုတ်ကဲ့"

"သား ... ဘာစားပြီးပြီလဲ ... ကော်ဖီသောက်သွားဦးလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ အန်တီ ... အိမ်မှာသောက်ခဲ့ပြီးပြီ"

"သား ပြန်ဦးမယ် ... အန်တီ နောက်မှပဲ လာတော့မယ်"

"အေး အေး ... "

နေချိုတို့အိမ်ကနေ ပြန်ထွက်လာတော့ အဝတွင် အန်ကယ်ဟိန်းမင်း နှင့်တွေ့၏။

"နေစိုး ... မင်းညီမဆီလာတာလား"

"ဟုတ်ကဲ့ အန်ကယ် ... "

"အေး ... မင်းညီမကိုလည်း ဆုံးမနော် ... သူက ဖွတ်တရွတ် အအားလုပ်တာ ... "

"ဟုတ်ကဲ့ ... "

"အေး အေး သွား ... "

နေချို့ဖေဖေ အန်ကယ်ဟိန်းမင်းက အစိုးရရုံးအရာရှိကြီး။ သဘော ကောင်း အရမ်းကောင်းသလို သူ့ကိုလည်း ချစ်သည်။ နေစိုးမိခင်ကတော့ အိမ်မှာ ချက်ပြုတ်ကာ ဖခင် နေချို့ဖေဖေ လက်အောက်က အရာရှိငယ်တစ်ဦးသာ ဖြစ်သည်။

နေချိုတို့မိဘတွေက မျိုးရိုးစဉ်ဆက် ချမ်းသာလာကြပေမယ့် မာန ကြီး။ သူတို့မိသားစုနှင့်လည်း ဆွေမျိုးရင်းချာလို ဆက်ဆံကြ၏။

"သား ဘယ်သွားနေတာလဲ"

"ဟိုဘက်အိမ်ကို မေမေ"

"ခုနက သားသူငယ်ချင်း ကြည်ပြာခင်ဆိုလား ... ဖုန်းဆက်တယ်"

"ဟုတ်လား ... ဘာတဲ့လဲ မေမေ"

"သူ နေ့လယ် စာဖတ်အသင်းသွားရင် လာခေါ်မယ်တဲ့"

"ဟုတ်ကဲ့"

နေစိုး တော်တော်စိတ်ညစ်သွားတယ်။ ဒီမှာ နေချိုနဲ့အဆင်မပြေရတဲ့ ကြားက သူက လာဦးမယ်။ ကြည်ပြာခင်ကလည်း သူ့လိုစာဖတ်အသင်းဝင် တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုပဲ အရာရာတက်တက်ကြွကြွလုပ်တဲ့သူ။ ရည်ရွယ်ချက်ချင်း စိတ်သဘောထားချင်း နီးစပ်လှသည်။ သို့သော် ကြည်ပြာခင်ကို နေချိုက ကြည့်မရ။

နေချိုကျတော့ ကလေးဆန်လွန်းတယ်။ ဘာမှမသိ၊ သူ့ကိုလည်း သံယောဇဉ်အင်မတန်ကြီးတယ်။

တခြားမိန်းမတွေနှင့် စကားပြောတာ ရင်းနှီးတာ နေချိုလုံးဝမကြိုက်။ ပြဿနာရှာတော့တာပဲ။ အခုလည်း မနေ့က ကိစ္စကို သူစိတ်ကောက်နေလေပြီ။

နေ့လယ်ခင်းရောက်တော့ ကြည်ပြာခင် စက်ဘီးနှင့်ရောက်လာသည်။

"နေစိုးရေ ... နေစိုး"

ခြံဝက အော်ခေါ်သံကြောင့် နေစိုး အိမ်ထဲကထွက်လာတယ်။

"ကြည်ပြာခင်ပါလား ... လာလေ အိမ်ထဲဝင်"

"မဝင်တော့ဘူးဟာ ... နင်မသွားသေးဘူးလား"

"သွားမယ် ခဏစောင့်"

"မြန်မြန်လုပ် ... "

နေစိုး အိမ်ထဲဝင် အဝတ်အစားလဲကာ ပြန်ထွက်လာခဲ့တယ်။

"သွားမယ် ... "

စက်ဘီးတစ်ယောက်တစ်စီးစီးကာ ထွက်လာကြသည်။ စာကြည့် အသင်းရောက်တော့ လူပင့်အတော်စုံနေကြပြီ။

ခြံဝင်းကျယ်ကျယ်လေးထဲတွင် သေသပ်လှပစွာ ဆောက်ထားတဲ့ သစ်သားမြေစိုက်အိမ်ကလေးထဲတွင် အသင်းသားတွေက ခုံရှည်စားပွဲတစ်ဘက် တစ်ချက်စီတွင် ထိုင်နေကြသည်။

စားပွဲပေါ်တွင် စာရွက်တချို့နှင့် စာအုပ်အနည်းငယ်မှလွဲ၍ ဘာမှမရှိ။ အသင်းသားအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြ၏။ အခုပတ် ဆွေးနွေး မည့်ခေါင်းစဉ်အကြောင်းသာ စဉ်းစားနေသည်။

မကြာမီ အသင်းဥက္ကဋ္ဌက ဆွေးနွေးပွဲ စတင်တဲ့အကြောင်းပြောလိုက် ၏။ သူတို့စာဖတ်အသင်းရဲ့ဆွေးနွေးမည့်ခေါင်းစဉ်ကို ယခင်အပတ်တည်းကမှပေး

www.burmeseclassic.com



ထားပြီးဖြစ်သည်။ ဆွေးနွေးရာတွင် တစ်ဦးနှင့်တစ်ဦး ငြင်းခုံခြင်းမပြုရ။

တစ်ဦးက ဆွေးနွေးပြောဆိုတာကို နောက်တစ်ဦးက မေးခွန်းထုတ်ခွင့်ရှိသည်။ ဖြေလို့လည်းရသလို မဖြေချင်လည်းရ၏။

ဆွေးနွေးတဲ့အကြောင်းတွေက အများကြီးပါ။ ခေါင်းစဉ်တွေကလည်း တစ်ပတ်တစ်မျိုး ခေါင်းစဉ်ရွေးချယ်ရာတွင် မိမိ၏ကိုယ်ပိုင်စိတ်ကူးကို အမှုဆောင်အဖွဲ့သို့ တင်ပြရ၏။

အဖွဲ့က ပိုင်းဝန်းစဉ်းစားပြီး ဆွေးနွေးသင့်သည်ဆိုလျှင် နောက်တစ်ပတ်အတွက် အသင်းသားတွေကို ခေါင်းစဉ်ပေးလိုက်၏။ ခေါင်းစဉ်တွေက အမျိုးမျိုးပါ။

ဥပမာ ... လူနဲ့တူသောလူ၊ ရာစုဝင်ထဲကမြို့ကြီးများ။ နတ်များ၏စေလိုရာတန်ခိုးများ။ ပုံပြင်ဘာလို့ကြိုက်တာလဲ၊ ရောက်ခဲ့ဖူးတဲ့ အိပ်မက်တစ်နေရာ စသည်တို့အပြင် သမိုင်း။ သိပ္ပံ၊ ကျန်းမာရေး၊ လူ့ယဉ်ကျေးမှု၊ သဘာဝတေးတို့နှင့် ပတ်သက်တဲ့ခေါင်းစဉ်တွေ အသင်းဝင်တိုင်း ထဆွေးနွေးလို့ရတယ်။ ဘယ်သူဆွေးနွေးမှလို့ ကန့်သတ်မထားဘူး။

ဆွေးနွေးပွဲလေးပြီးတော့ နောက်တစ်ပတ်အတွက် ခေါင်းစဉ်ကို အသင်းဥက္ကဋ္ဌက ပြောပြလိုက်တယ်။

"လာမယ့်တစ်ပတ်မှာ ဆွေးနွေးပွဲရဲ့ ခေါင်းစဉ်ကတော့ _ "ခံစားချက်နဲ့အိပ်မက် ... ပဲ ဖြစ်ပါတယ် ... ကြိုတင်တွေးထား လေ့လာထားပြီး နောက်တစ်ပတ်မှာ ဆွေးနွေးကြပါခင်ဗျာ"

ဥက္ကဋ္ဌ စကားဆုံးတော့ အားလုံးငြိမ်သက်စွာနဲ့ ထိုအိမ်လေးထဲက ထွက်လာခဲ့ကြတယ်။ လမ်းရောက်တော့ ကြည်ပြာခင်က _

"နေစိုး နောက်တစ်ပတ်ကျရင် နင်ဆွေးနွေးဖို့ဟာ _ အဲဒီခေါင်းစဉ်နဲ့ နင် ဆွေးနွေးရင်ကောင်းမှာ ... "

"ဘာဖြစ်လို့လဲ ... "

"နင့်မှာ ခံစားချက်တွေရှိမှာပေါ့"

နေစိုး ကြည်ပြာခင်ကို ဘာမှပြန်မပြောတော့ဘဲ သူ့အိမ်ခြံဆီသို့အရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အိမ်ထဲဝင်လာခဲ့သည်။ နေချိုတို့ အိမ်ဘက်ကြည့်လိုက်သေးတယ်။

နေချို့ အရိပ်အယောင်တောင် မတွေ့ရ။

ညနေရောက်တော့ သူ့ခြံထဲကို နေချိုရောက်လာတယ်။ ခက်ထန်နေတဲ့ ဒေါသကို မလုံမလဲကာကွယ်ထားတဲ့မျက်နှာမှာ ဒေါသရိပ်တို့က ခပ်ပါးပါးလေး ပေါ်နေတယ်။

"နေချိုလာလေ"

နေစိုး အိမ်ထဲခေါ်လိုက်တယ်။

"မဝင်တော့ဘူး ကိုကို ... နေချို့ကို 'ခရမ်းပြာ' ကိုလိုက်ပို့ပေးနိုင် မလား ... "

"ပို့ပေးမယ်လေ ... ခဏစောင့် အဝတ်အစားလဲဦးမယ်"

"မစောင့်နိုင်ဘူး ... ဒီအတိုင်းလိုက်ခဲ့ ... "

နေချို တစ်ချက်လှတ်အမိန့်ပေးလိုက်တယ်။ ခရမ်းပြာဆိုတာ မြို့စွန်က ကော်ဖီဆိုင်လေး။ တောင်ကုန်းလေးပေါ်မှာ ချစ်စဖွယ်အဆောက်အဦလေး ဆောက်ထားတယ်။ သီချင်းအေးအေးလေးတွေကိုသာ ငြိမ့်ငြိမ့်ညောင်းညောင်း ဖွင့်တတ်တယ်။

သူနှင့်နေချို အဲဒီဆိုင်လေးမှာ တစ်ခါတရံ ကော်ဖီသွားသောက်တတ်ကြသည်။ ကော်ဖီဆိုင်လေးကို သွားတဲ့လမ်းတစ်လျှောက် နေချို ဘာစကား တစ်ခွန်းမှမပြော။

ဆိုင်ထဲရောက်သောအခါ ကော်ဖီမှာရင်း စားပွဲထိုင်ခုံမှာဝင်ထိုင်လိုက် ကြတော့ ...

"ကိုကို ... နေချိုနဲ့အခုလို သွားရတာ စိတ်ထဲမှာကျေနပ်ရဲ့လား"

"ဘာကိုပြောတာလဲ"

"နေချိုက ကြည်ပြာခင် မဟုတ်ဘူးလေ"

"ဟား ... ဟား"

သူ အားရပါးရ ရယ်လိုက်တယ်။ ကြည်ပြာခင့်ကို နေချို မကျေမနပ် ဖြစ်နေတာ သေချာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... နေချို့ကိုလှောင်နေတာလား"

"မဟုတ်ပါဘူး ... နေချိုပြောတာ ရယ်ရလို့ပါ ... "

"ဟုတ်ပါတယ် ... နေချိုက ကိုကိုတို့လို လူဝင်ဆန့်ပြီး အတွေးအခေါ် ကောင်းတဲ့လူလည်း မဟုတ်ဘူး ... ကိုကို့ကိုလည်း အချွဲအနွဲ့တွေမလုပ်တတ်ဘူး ... ဒီတော့ နေချိုပြောတာ ကိုကို့အတွက် ရယ်စရာဖြစ်နေတာပေါ့"

ပြောရင်းပြောရင်း နေချို ဝမ်းနည်းလာတယ်။

"နေချိုကလည်းကွာ ... ကိုကိုက စတာပါ ... "

"ကိုကိုက ခြေသံပြင်းပြင်းတစ်ချက် စောင့်လိုက်တာပါ ... ကမ္ဘာမြေက လည်း ဘာမှမဖြစ်ပါဘူး ... ဒါပေမယ့် ဖနောင့်နဲ့မြေကြီးကြား ရှင်သန်ခွင့်မဲ့ရတဲ့ ပိုးမွှားလေးတွေရဲ့နာရေးကို ဘယ်သူက အရေးတယူ စဉ်းစားပေးခဲ့လဲ ... "

"နေချိုစကားတော်တော်တတ်လာတယ်"

"နေချို ဘာမှမတတ်ပါဘူး ကိုကို ... နေချိုက ခံစားတတ်တာပါ။ တကယ်တော့ နေချိုဟာ ဘာနဲ့တူလဲ သိလား ကိုကို"

"ဘာနဲ့တူလဲ ... "

"နေကြာတို့ရဲ့ ညနေခင်းလိုပဲ 'နေ'ရှိရာအရပ်ကို သံယောဇဉ်ကြီးစွာနဲ့ လှည့်ပတ်မျက်နှာမူရင်း နောက်ဆုံးနေဝင်ချိန် ညနေလည်းရောက်ရော ဝမ်းနည်း စွာ နေကိုနှုတ်ဆက်ရင်း နောက်တစ်ရက် နေထွက်ချိန်ကို စောင့်ရသလိုမျိုးပေါ့"

"နေချို စာတွေတော်တော်ဖတ်လာတာပဲ"

"နေချိုက ကိုကိုတို့လို စာတတ်ပေတတ် မဟုတ်ဘူး ... လက်တွေ့နဲ့ ဘဝကို တစ်ထပ်တည်း စဉ်းစားတာပဲရှိတယ်"

"နေချို ကိုကို့ကို မကျေနပ်တာတွေပြောတာ ဝသွားပြီလား"

"နေချို မကျေနပ်တာ ကိုကို့ကို မဟုတ်ဘူး ... နေချို့ကိုယ်ကိုပါ နေချို့မှာ ကိုကို့နဲ့ပတ်သက်လို့ ဆန့်ကျင်နိုင်တဲ့အသိလေး တစ်ခုရှိရင် နေချို အခုလို ဖြစ်နိုင်ပါ့မလား"

"ဟင်း ... "

နေချို သက်ပြင်းရှည်ကိုချလိုက်၏။ သူ့အပေါ် သံယောဇဉ်တွယ်ရော



www.burmeseclassic.com

www.burmeseclassic.com



လွန်းသူ၊ သူနဲ့ပတ်သက်တာကို အရာရာကို လွှမ်းမိုးချင်သူ၊ နေချို့မျက်နှာလေးကို သူ ငေးကြည့်နေမိတယ်။

"နေချိုပြောတာကို ကိုကို စိတ်ညစ်သွားပြီလား"

"ဟင့်အင်း … မညစ်ပါဘူး … နားထောင်ရတာတောင်ကောင်းသေးတယ်"

"ကိုကို နားထောင်ကောင်းအောင် နေချိုပြောနေတာ မဟုတ်ဘူး။ နောက်ဆိုမှတ်ထား … ကိုကိုဟာ နေချိုကလွဲလို့ တခြားဘာတစ်ခုမှ ပိုစိတ်မဝင်စားပါနဲ့ … "

"နေချိုကလည်းကွာ … "

"ဘာလဲ … ကိုကိုက ဒီအခွင့်အရေး နေချို့ကိုမပေးနိုင်ဘူးလား"

နေစိုး စဉ်းစားကာ …

"တချို့ကိစ္စတွေကျရင် … "

"နေချို နားလည်တယ် … နေရာတိုင်းမဟုတ်ဘူး"

"ဟုတ်ပါပြီ … "

"နေဦး … ကြည်ပြာခင်နဲ့ ကိုကိုနဲ့က နေရာတိုင်း အတူတူသွားနေတာလား"

မယုံကြည်သည့်လေသံနှင့် နေချိုမေးတော့ …

"မဟုတ်ပါဘူး … စာဖတ်အသင်းသွားတဲ့အခါလောက်ပဲ သူကလည်း အသင်းဝင်တစ်ယောက်ပဲလေ … "

"ဒါဆို နေချိုလည်း ကိုကိုတို့ စာဖတ်အသင်းဝင်မယ် … အပတ်စဉ် ဆွေးနွေးပွဲကို နေချိုလိုက်မယ်"

"ဟင်"

အဲဒါမှ တကယ့်ပြဿနာ။ စာဖတ်အသင်း အဖွဲ့ဝင်တွေအားလုံးဟာ စာသိပ်ဖတ်သူတွေ၊ အကြောင်းအရာတစ်ခု ဆွေးနွေးလျှင်လည်း တစ်ဦးစီရဲ့ သဘောထားကို ထဆွေးနွေးရသည်။ ထိုအခါမျိုးတွင် စာဖတ်ပျင်းသော နေချိုနှင့် ဘယ်လိုလုပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုကိုက မဝင်စေချင်လို့လား"

"ရပါတယ် ... ဝင်ချင်ဝင်လေ ... စာတော့ ဖတ်မှဖြစ်မယ်"

"အဲဒီအတွက် မပူနဲ့ ... ကိုကို့စာအုပ်တွေ နေချို့ကိုပေးဖတ်"

"ကောင်းပါပြီဗျာ ... "

နေချို ပျော်သွားတယ်။ သူ့ရင်မှာလည်း အတော့်ကိုပေါ့သွားတာ။ ကိုကို့ကို ပြောချင်ရာ ပြောပြီးပြီလေ။ ကိုကိုက ကောင်တာမှာ ပိုက်ဆံရှင်းကာ ဆိုင်ပြင်ဘက်ကနေ ပြန်လာခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)
# ခန်းမထဲမှ အလောင်းကောင်များ

နောက်ရက်တွေ ကျောင်းကပြန်လာတာနဲ့ အခန်းထဲတန်းဝင် ကို
ပေးတဲ့ စာအုပ်တွေဖတ်တော့တာပဲ။ ထမင်းစားချိန်ဆို မေမေက အတင်း
ခေါ်ကျွေးမှ ထစားသည်။

"သမီး အခုတလော ဘာစာတွေ ဒီလောက်ဖတ်နေတာလဲ"

"ရာဇဝင် ဘာသာရေး အစုံပါပဲ"

မေမေ့အမေးကို ခပ်တိုတိုဖြေလိုက်၏။ ဖေဖေက ...

"ပြင်ပစာပေတွေကို ဖတ်တာတော့ ကောင်းပါတယ် ... ဒါပေမ
ကျောင်းစာတော့ မလစ်ဟင်းစေချင်ဘူး"

"ဟုတ်ကဲ့ ..."

"ဪ ... ဒါနဲ့ သမီးအဘိုး ပြန်လာတော့မယ်တဲ့ ... နေ့လယ်
ဖေဖေ့ရုံးကို ဖုန်းဆက်တယ်"

"ဘယ်တော့ ပြန်လာမှာလဲ ဖေဖေ ..."

"နောက်လထဲမှာ ဖြစ်ဖို့များတယ် ..."

နေချို တော်တော်ဝမ်းသာသွားတယ်။ အဘိုးက သူ့အချစ်ဆုံး
နိုင်ငံခြားမှ အနုပညာအကယ်ဒမီကျောင်းတစ်ခုမှာ စန္ဒရားသင်တန်းဆ
သင်တန်းသွားပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်စဉ်ကတည်းက အဘိုးလက်ပေါ်မှာကြီးခဲ့သလို အဘိုးရဲ့ ...နပညာအမွေအနှစ်ကို သူရခဲ့သည်။ ညည့်ခံပွဲတွေ မိတ်ဆက်ပွဲတွေက အဘိုးကို ...တ်ရင် သူလိုက်ပါသွားမြဲ။

သူမှာလည်း ပါရမီကပါခဲ့၍လားမသိ။ အရွယ်နှင့်မလိုက်အောင် စန္ဒရား ...ပညာရပ်ကို ထူးချွန်ခဲ့၏။

"သမီး စားလေ ... ဘာတွေစဉ်းစားနေတာလဲ"

မေမေက လှမ်းပြောလိုက်မှ အတွေးစတို့ ပြတ်သွား၏။

"သမီး ကျောင်းစာလည်းလုပ်ရဲ့လား"

"လုပ်ပါတယ် မေမေ"

"အေး အေး ... ပညာရပ်တစ်ခုကို လေ့လာတဲ့အခါ ဆရာ ဆရာမ ...င်တာတစ်ခုတည်းကို လက်ခံရုံနဲ့ မလုံလောက်ဘူး ... ကိုယ်တိုင်တွေးခေါ် ...မြင်တတ်ဖို့လိုတယ် ... ဒါမှ ပညာတတ်တစ်ယောက်ဖြစ်မှာ ... "

"ဟုတ်ကဲ့ ... "

"နောက်တစ်ခု မေမေပြောချင်တာက ပညာရပ်တစ်ခုကို သမာရိုးကျ ...ိုင်း သိမြင်တာထက် ဆန်းသစ်တွေးခေါ်တတ်ဖို့လိုတယ် ...

ဥပမာကွာ ... သမီးအဘိုးက သမီးကို သီချင်းတစ်ပုဒ်ရဲ့ တီးကွက် ...ခုကို သင်ထားပေးတယ် ... သမီးကလည်း အဲဒီသီချင်းကို အပြန်ပြန် ...နှုန်လှန် တီးလာတော့ ကြာတော့ ကျေညက်သွားတယ် ...

အသစ်မဖြစ်လာဘူး ... အသစ်တစ်ခုဖြစ်ဖို့ ... ကိုယ်ပိုင်ဉာဏ်နဲ့ ...ကျင်မှုတို့ပေါင်းစပ်ပြီး လုပ်ရမယ် ... ကျောင်းစာဆိုတာလည်း ဒီလို ... သီအိုရီတစ်ခုကို ပိုင်နိုင်ရင် ဆက်စပ်တဲ့ပုဒ်စာတွေ အကုန်တွက်တတ်ရ ... —

ဆရာမသင်ပေးတဲ့ ပုဒ်စာတစ်ပုဒ်ထဲ တွက်တတ်လို့ မဖြစ်ဘူး"

မေမေရဲ့ ရှည်ရှားလှသည့် ဩဝါဒစကားကို နားထောင်ရင်း နေချို ...စားလို့ပြီးသွား၏။ လက်ဆေး လက်သုတ်ပြီး အခန်းထဲသို့ တစ်ဖန်ပြန်ဝင် ... စာအုပ်များကို ဖတ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာဖတ်လာတော့လည်း မျက်စိကညောင်းလာပြန်တယ်။ စာအုပ်ကို တိုက်ကိုပိတ်၊ အခန်းထဲမှာ ဟိုလျှောက်ဒီလျှောက်လုပ်ပြီး စန္ဒရားတီးချင်လာသဖြင့် စန္ဒရားရှိသည့်အခန်းကိုလာကာ စန္ဒားခလုတ်များကို ညင်သာစွာ တီးလိုက်ပါ

သာယာနူးညံ့သော တေးသွားလေးတွေက ပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ လွင့်ကျသွားသည်။ သူ ကိုကိုကို တီးပြနေကျ တေးသွားလေး ပန်းတွေကြားမှာလျှောက်ကြမယ်တဲ့ ...

ကိုကိုက အဲဒီတီးကွက်ရဲ့တေးသွားကို အရမ်းသဘောကျတာ သာယာနူးညံ့လွန်းတယ်တဲ့လေ။ သူကလည်း ကြည်နူးစိတ်ဝမ်းသာစိတ်တွေနဲ့ တီးပြခဲ့တယ်။

စန္ဒရားတီးရင်း ပြတင်းပေါက်ကနေ ကိုကိုတို့အိမ်ကို လှမ်းကြည့်လိုက်တော့ ဝရံတာကိုထွက်ပြီး နေချိုတီးနေတဲ့ စန္ဒရားသံကို နားထောင်နေတဲ့ ကိုကို့ကို တွေ့လိုက်ရတယ်။

နေချို ဝမ်းသာသွားတယ်။ သူ့ဘဝမှာ ကိုကိုဟာ မရှိမဖြစ် သံယောဇဉ်လွန်ကြူးစွာ တွယ်တာလာခဲ့ရတဲ့သူတစ်ဦးပါ။ ရင်ခုန်သံကို ဘာသာပြန်တတ်တဲ့ အရွယ်မဟုတ်သေးပေမယ့် ...

ငြိတွယ်ရစ်မူးနေတဲ့စိတ်တို့ကို နေချို ဘယ်လိုဖယ်ထုတ်လို့ရပါ့မလဲ။ စန္ဒရားသံဆုံးတော့ ကိုကိုလက်ပြပြီး အိမ်ထဲပြန်ဝင်သွားတယ်။

နေချိုလည်း အခန်းထဲပြန်ဝင်လာပြီး အိပ်လိုက်တော့တယ်လေ။

"ရွတ် ... ရွတ်"

နေချို နောက်က ရုတ်တရက် ခေါ်သံကြားလို့ လှည့်ကြည့်လိုက်ပါ

"နင် ဘယ်သူလဲ"

"ငါ့ကိုတောင် မမှတ်မိဘူးလား"

"ဟင့်အင်း ... "

နေချို ငြင်းလိုက်တယ်။ သူနဲ့ရွယ်တူကောင်လေး မျက်နှာရှုံ့မဲ့သွားတယ်။

"နင် သေချာစဉ်းစားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ် နင့်ကိုမသိလို့ပါ"

"ဒါဖြင့် ငါ့နောက်လိုက်ခဲ့"

ကောင်လေးက အတင်းခေါ်နေတယ်။ နေချို့စိတ်ထဲကလည်း အဲဒီ ကောင်လေးနောက် လိုက်သွားချင်မိတယ်။

"လာ ... "

သူ့လက်ကို ပိုင်နိုင်စွာ ဆွဲခေါ်သွား၏။ နေချို ဘာကြောင့် မငြင်းမိတာ လဲ၊ ကိုယ့်ကိုယ်ကိုယ် နားမလည်ပါ။

မပြေးရုံတမယ် ခပ်သွက်သွက်လျှောက်လာကြသော်လည်း နေချို မောလို့မောမှန်းပင်မသိ။ နေရာတွေကလည်း နေချို တစ်ခါမှမရောက်ဖူးတဲ့ နေရာတွေ။

တချို့နေရာတွေဟာ အတော်ညီညာနေတဲ့မြေပြင်ဖြစ်သလို တချို့ နေရာတွေကတော့ တောအုပ်ကလေးတွေ တောင်ကုန်းမို့လေးတွေ ကိုယ်တိုင် သမ်းလျှောက်နေရတာမျိုးမဟုတ်ဘဲ လွင့်မျောနေသည့်ပုံ။

တစ်နေရာရောက်တော့ ကြီးမားသော ကျောက်လိုဏ်ဂူကြီးတစ်ခုကို တွေ့လိုက်ရ၏။

"လာ ဒီအထဲဝင်ရမယ်"

လိုဏ်ဂူထဲရောက်တော့ အေးစက်စက်နှင့် မှောင်လည်းမမှောင် လင်းလည်းမလင်းဘဲ အလင်းရောင်က မှုန်ဝါးစွာရနေ၏။ အချိန်တော်တော်ကြာ သွင်လာကြပြီးသောအခါ ကျောက်တံခါးကြီးတစ်ချပ်ကိုတွေ့လိုက်ရာ –

သူ့ကိုခေါ်လာတဲ့ ကောင်လေးက တံခါးဖုသဏ္ဌာန် ကျောက်တုံး တစ်တုံးကို ညာဘက်သို့ အသာအယာ လှည့်ဖွင့်လိုက်၏။

"ဝုန်း ... "

နေချို လွန်စွာအံ့ဩထိတ်လန့်သွား၏။

"ဟင်"

ကြီးမားသော ခန်းမကျယ်ကြီးတစ်ခု ကျောက်ခုံများပေါ်တွင် သေသပ် စွာတင်ထားသော လူသေအလောင်းများ။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ ..."

ကောင်လေးက အထဲကိုဝင်ဖို့ သူ့ကိုတိုက်တွန်းတယ်။

"ဟင့်အင်း ... ငါ ... ကြောက်တယ်"

"လာပါ"

နေချို အတင်းငြင်းတာလည်း မရဘူး။ အတင်းခေါ်နေတာ လွန်စွာ စိုးရွံ့ထိတ်လန့်စွာနဲ့ ကောင်လေးလက်ကို ကိုင်ပြီး အထဲကို တစ်လှမ်းချင်း ဝင်လာလိုက်၏။

အစီအရီ တန်းထားသော အလောင်းကောင်များကို ဖြတ်ကျော်လာပြီး ကျောက်ခုတင်တစ်ခုရှေ့ရောက်သောအခါ ကောင်လေးက ရုတ်တရက် ရပ်လိုက်သည်။

ထိုကျောက်ခုတင်တွင် လူသေအလောင်းတစ်ကောင်မှမရှိ လွတ်နေ၏။ ထိုခုတင်ကို ကောင်လေးက လက်ညှိုးထိုးပြီး ...

"ဒီနေရာဟာ နင့်နေရာပဲ"

"ဟင်"

နေချို လန့်သွား၏။ ကောင်လေးကို အားကိုးတကြီး ကြည့်လိုက်သည်။

"သွားလေ ... အဲဒါ နင့်နေရာ"

"ဟင့်အင်း ... ငါမသွားဘူး ... မသွားဘူး"

ထိုအချိန်တွင် ...

အလင်းရောင်တို့ ရုတ်တရက် မှိန်ဖျော့သွား၏။ ကြီးမားသော ဝတ်ရုံ နက်ကြီးကိုဝတ်ထားသော လူကြီးတစ်ယောက် သူတို့နားသို့ ဖြည်းညင်းစွာ လျှောက်လာ၏။ မျက်နှာကိုမူ သဲကွဲစွာမမြင်ရပေ။ ဆံပင်တို့မှာ ရှည်လျားနက် လှပြီး လက်ထဲတွင် အနက်ရောင်တောင်ဝှေးတစ်ချောင်းကို ကိုင်လာ၏။

"အို"

နေချို ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေ၏။ အနားသို့ရောက် သောအခါ လိုဏ်ခေါင်းသံကြီးဖြင့် ...

"ယမပေါ် သူ့အလှည့် မဟုတ်သေးဘူး ပြန်ပို့လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ထိုဝတ်ရုံနက်ကြီးနှင့်လူကို ရှိသေစွာဦးညွှတ်လိုက်၏။ ပြီးနောက် သူ့လက်ကိုဆွဲကာ ထိုအခန်းအပြင်သို့ ပြန်ခေါ်လာသည်။

နေချို့ ရင်တွေတဆတ်ဆတ် တုန်နေ၏။ အခန်းအပြင်အရောက်တွင်

"ဒုန်း"

ကြီးမားသော ခြေစောင့်သံကြီးကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ အလောင်းကောင်များ ရုတ်တရက် အသက်ဝင်လာသလိုနှင့် လှုပ်လာ၏။

"အား ... "

နေချို့ အော်လိုက်၏။ ကောင်လေးက ...

"လာ မြန်မြန်လာ ... "

သူ့လက်ကိုဆွဲပြီး လိုဏ်ဂူထဲကနေ အတင်းပြေးထွက်လာသည်။

"ဟေး ဟေး ဟေး"

လိုဏ်ဂူထဲက အော်ဟစ်သံတွေက ဟိန်းထွက်နေ၏။ သူတို့လည်း လာလမ်းအတိုင်း ပြန်လာပြီး နေချို့အခန်းထဲ ပြန်ရောက်လာသည်။ အိပ်ရာပေါ်တွင် အိပ်နေသော နေချို့နောက်တစ်ယောက်ကိုတွေ့လိုက်ရာ ကောင်လေးက ...

"သွားလေ ... ဝင်တော့"

ခုတင်ဘေးတွင် ရပ်ကြည့်နေသော သူ့ကိုပြောလိုက်၏။ သူက ဘာလုပ်ရမှန်းမသိ။

"သွား"

သူ့နောက်ကျောကို အတင်းတွန်းချလိုက်ရာ အိပ်ရာပေါ်တွင် အိပ်နေသော နေချို့အပေါ် မှောက်ကျသွားတော့သည်။

"အား ... "

"သမီး နေချို့ ဘာမှီး ... "

"ဒုန်း ... ဒုန်း"

"သမီး တံခါးဖွင့်စမ်း ... ဘာဖြစ်တာလဲ"

နေချို့တစ်ကိုယ်လုံး ချွေးတွေပြန်နေသည်။ လူတစ်ကိုယ်လုံး အားပြတ်



www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ် အိပ်ရာမှ အားယူထပြီး ယိုင်ထိုးကာ တံခါးကိုသွားဖွင့်လိုက်၏။

"သမီး"

မေမေက တံခါးကိုတွန်းဖွင့်ပြီး တံခါးဝတွင် ပုံရိပ်သားလဲကျနေသော သူ့ကို ပွေ့ထားလိုက်သည်။

"သမီး ဘာဖြစ်တာလဲ"

မေမေက စိုးရိမ်စွာနှင့်မေးပြီး သူ့ကိုတွဲခေါ်ကာ ခုတင်ပေါ်တင်ထား လိုက်၏။ ဖေဖေက ရေတစ်ခွက်ပြေးခပ်လာပြီး သူ့ကိုတိုက်လိုက်မှ အကြောက်ပြေ သွားသည်။

"သမီး အိပ်မက်ဆိုးတွေ မက်တယ်"

"ပြန်အိပ်တော့နော် ... သမီး အိပ်မက်ဆိုတာ ဒီလိုပဲ"

မေမေက သူ့ခေါင်းလေးကို ပွတ်ပြီး နှစ်သိမ့်၏။ ဖေဖေက ...

"အမေကြီး သမီးနဲ့ အိပ်လိုက်ပါလား"

"ဟုတ်ကဲ့ ... ကိုဟိန်း"

နေချို မေမေ့ရင်ခွင်ထဲတိုးဝင်ပြီး အားရပါးရဖက်လိုက်တယ်။ ခဏ နေတော့ ဖေဖေ အခန်းအပြင်ဘက် ထွက်သွားသည်။ မေမေရဲ့ ကြင်နာယုယ ထွေးသိပ်မှုနဲ့အတူ နေချိုလည်း ပြန်အိပ်ပျော်သွားတော့သည်။



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)
# ဝိညာဉ်များကို စေလိုသူ

နောက်ရက်တွေမှာ နေချို အရင်ကလို တက်ကြွမှုမရှိတော့တာအမှန်ပဲ။ အိပ်မက်ထဲက ကျောက်ခုတင်ကို မျက်လုံးထဲမှာ မြင်မြင်နေတယ်။ တစ်ခါတရံ ကိုယ့်ခုတင်ပေါ် တက်အိပ်ရမှာတောင် ကြောက်လာမိတယ်။

ကိုကိုကတော့ အစွဲအလမ်း သိပ်မထားဖို့ကို အားပေးပါတယ်။ ဒါပေမယ့် နေချိုစိတ်ထဲမှာ ကျောက်ခန်းမကျယ်ထဲက အလောင်းကောင်တွေ သွေးဆောင်နေသလိုလိုနှင့် ဖြစ်နေတော့ တစ်ရက်မှာ ကိုကိုက သူ့ကို နိမိတ်ဖတ်ဆရာမကြီးတစ်ယောက်ဆီ ခေါ်သွားသည်။

ဆရာမကြီးက ဂျစ်ပစီ အဘွားအိုတစ်ယောက်ပါ။ ခြံအကျယ်ကြီးထဲက သွပ်ဝါးအိမ်ကျဉ်းကျဉ်းလေးထဲမှာ အရုပ်မျိုးစုံရှိတယ်။

လူခေါင်းခွံ၊ ကျွဲခတ်ပုံ၊ ဘီလူး၊ မြင်းပျံ၊ နတ်သမီးရုပ် စတဲ့အရုပ်တွေကို စားပွဲခုံရှည်ပေါ်တင်သွားသည်။ ထိုရှေ့တွင် အဘွားအိုတစ်ဦးထိုင်နေ၏ ကိုကိုနှင့်သူ အိမ်လေးထဲဝင်သွားတော့ သူတို့အရင်ရောက်နေတဲ့ လူတချို့ကို တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူတွေရဲ့ နောက်နားမှာ ခပ်ကုပ်ကုပ်ထိုင်ရင်း အရုပ်လူတွေရဲ့ အခြေအနေကို ကြည့်နေသည်။

"ဆရာမကြီးရှင့် လွန်ခဲ့တဲ့ တစ်လလောက်က ကျွန်မ အမျိုးသား ဆုံးလွန်ခဲ့ပါတယ် ... အခု သူ့ဝိညာဉ် ဘယ်ရောက်နေပါသလဲ ဖြစ်နိုင်ရင် သူ့ ဝိညာဉ်နဲ့စကားပြောခွင့်ရချင်ပါတယ်"

အဘွားအိုက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်တယ်။ ပြီးတော့ မျက်လုံးကို အသာအယာမှိတ်ပြီး ...

"နင့်ယောကျ်ားကို ဘယ်သင်္ချိုင်းမှာ သင်္ဂြိုဟ်ခဲ့တာလဲ"

မေးလိုက်၏။

"မော်လပေဟ သင်္ချိုင်းမှာပါ"

"သိပ်ဝေးတယ် ခဏနေဦး ငါကြိုးစားကြည့်မယ်"

ပြောရင်း ပါးစပ်မှလည်း တစ်စုံတစ်ခုကို ခွင့်ပန်နေသည့်ပုံ လှုပ်စိလှုပ်စိ နေမကြာပါဘူး။ အဘွားအို အသားတွေ တဆတ်ဆတ်တုန်လာတယ်။ ပါးစပ်ကလည်း ဂူးဂူးဝါးဝါးနဲ့ ခေါင်းကိုလည်း တအားရမ်းတာ အဆက်မပြတ်ဖြစ်လာသယ်။

စကားသံ တဖြည်းဖြည်း ပီသလာတယ်။ သူ့မူရင်းအသံမဟုတ်ဘူး။ ယောကျ်ားသံကြီး။

"စင်သီ ငါဒုက္ခသိပ်ရောက်နေတယ်၊ ငါ့အတွက် ရည်စူးပြီး တစ်စုံတစ်ရာကို အလှူလုပ်ပေးပါ နေစရာလည်း ငါ့မှာမရှိဘူး။ ငါ့ဘေးနားမှာလည်း အနေအထိုင်တွေမကောင်းဘူး"

ခုနက အဘွားအိုကို မေးတဲ့မိန်းမကို ကြည့်ပြီး သွက်သက်စွာပြောဆဲ

"အိုလှူပေးမယ် ဒါလင် ဟင့် ဟင့်"

ထိုမိန်းမက ဝမ်းနည်းစွာ ငိုရှိုက်ရင်း ဖြေလိုက်တယ်။

"နင်လည်း မဟုတ်တာ ဘာမှမလုပ်နဲ့ ကုသိုလ်စိတ်မွေး လောဘတွေ ဒေါသတွေကြီးနဲ့ ငြိမ်းချမ်းတဲ့ရိပ်သာတွေကိုသွား အလှူများများလုပ်"

ကြည့်လိုက်တော့ အဘွားအိုသတ္တာခန်ပေးမယ့် လှုပ်ရှားပြောဆိုပုံတော



www.burmeseclassic.com

www.burmeseclassic.com



ဗေဟာက်ကြီးတစ်ယောက်အတိုင်းပင် အတန်ကြာပြောပြီးသောအခါ အဘွားအို မှာ ဆတ်ခနဲ တစ်ချက်ဖြစ်သွားသည်။

"ကဲ နင်သွားတော့"

စင်သီ ဆိုတဲ့မိန်းမလည်း လက်ကိုင်အိတ်ထဲက ငွေတချို့ကိုထုတ်ပြီး အဘွားအိုကို ကန်တော့လိုက်၏။

"ဝိညာဉ်တော်က စောင့်ရှောက်ပါစေ"

အဘွားအိုက ဆုပေးလိုက်လေသည်။

နေချို့တို့လည်း ထိုမိန်းမပြန်သွားသောအခါ ရှေ့သို့တိုးလာပြီး အဘွားအို ကို သူ့အိမ်မက်အကြောင်းပြောပြ၏။

သေချာဂရုစိုက်နားထောင်ကာ စားပွဲခုံရှည်ပေါ်ဘက်လှည့်လိုက်ပြီး နတ်သမီး ရုပ်တုသေးသေးလေးကို ဦးတိုက်ကာ ပါးစပ်ကလည်းတတွတ်တွတ် သူတို့ နားမလည်သော စကားကိုပြောနေ၏။ ထို့နောက် ငြိမ်သက်စွာ ဦးနိုက် ပြီး တစ်ဖန် သူတို့ဘက်သို့ ပြန်လှည့်လာသည်။

"မိန်းကလေး လူ့ဘဝကိုလာတာ အလည်သက်သက်ပဲ၊ အိမ်ထောင် ပြုလို့မရဘူး၊ မိန်းကလေးရဲ့မူရင်းဘဝက အဆက်အနွယ်တွေရှိတယ်၊ သူတို့က မိန်းကလေးကို လာသတိပေးပြီး ခေါ်ဖို့လုပ်တာ၊ မိန်းကလေးအချစ်တို့ အိမ်ထောင်ရေးကိစ္စတို့ကို မလုပ်ပါနှင့် ...

တော်ကြာ မိန်းကလေးဝိညာဉ်ကို ပြန်သိမ်းသွားလိမ့်မယ်၊ မိန်းကလေး ဟာ ဝိညာဉ်ဘဝတွေမှာလည်း ဖျော်ဖြေရေးပညာရှင်ပဲ၊ အဲဒါကြောင့် သူတို့က မိန်းကလေးကို သိပ်လိုချင်ကြတယ်"

အဘွားအိုက သူ့ကိုကြည့်ပြီးပြောတာကို နားထောင်ရင်း ကြက်သီးနွေ ထလာသည်။ ဘေးက ကိုကိုက စိတ်ဝင်တစားနဲ့နားထောင်ပြီး ...

"သူ့ကိုပြန်ခေါ်လို့မရအောင် လုပ်လို့မရဘူးလား"

"ဟင်း ဟင်း"

အဘွားအို ကြောက်မက်ဖွယ်ရယ်လိုက်၏။

"သူ့ရဲ့မူရင်းဘဝက သူ့အပိုင်းပဲ၊ သူ့မှာ ပိုင်ဆိုင်သူလည်းရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်သူလည်း ရှိတယ်၊ အခု ဒီကို သူလာနေတာ အငှားနဲ့ ဟိုကလည်း သူ့ကို ဒီမလာခင် ကတိတွေ အထပ်ထပ်တောင်းခဲ့တာ ... သူတို့ကိုပေးခဲ့တဲ့ ကတိဖောက်ရင် အချိန်မရွေး ပြန်ခေါ်မှာပဲ၊ ဘယ်သူမှတားခွင့်မရှိဘူး"

ပြတ်သားစွာပြောဆိုတဲ့ အဘွားအိုရဲ့ စကားကို နေချို ဆက်နားထောင်နိုင်စွမ်းမရှိတော့။ ကိုကို့ကို လက်တို့လိုက်၏။ ကိုကိုက အိတ်ထဲကပိုက်ဆံတချို့ကိုထုတ်ကာ အရိုအသေပေးလိုက်၏။ အဘွားအိုက ဆုပေးလိုက်ပြီး ကိုကို့ကို ...

"နင့်ကို ဝိညာဉ်တစ်ခုက အချိန်တော်တော်ကြာ စောင့်ရှောက်လိမ့်မယ်"

ကိုကိုက ဘာမှပြန်မပြော နေချိုနဲ့အတူ အိမ်ပြင်သို့ထွက်လာခဲ့သည်။ လမ်းရောက်တဲ့အထိ နေချိုအကြောက်မပြေသေး။

"ကိုကို အရမ်းကြောက်ဖို့ကောင်းတယ်နော်"

"ဘာကိုလဲ နေချို"

"နိမိတ်ဖတ်ဆရာမကြီးလေ ... နေချို့ကို ဘာတွေပြောမှန်းမသိဘူး"

"စိတ်ထဲမှာ ဘာမှမထားနဲ့ ... သူက ဒီလိုပဲ မှန်တာတွေလည်းရှိသလို မမှန်တာတွေလည်းရှိတယ်"

"သူပြောတာတွေသာ အမှန်ဆိုရင် နေချို့ကိုတောင် နေချိုမပိုင်သလို ဖြစ်သွားပြီနော်"

"ထားပါကွာ ... မေ့ပစ်လိုက်တော့ ... "

ကိုကိုက မေ့ပစ်လိုက်ဆိုပေမယ့် နေချိုစိတ်ထဲမှာ ဝိညာဉ်တွေက ပြန်ခေါ်ခဲ့ရင်ဆိုတဲ့အကြောင်းကို စွဲနေတော့တယ်။ ခါတိုင်းလို စိတ်ထဲမရွှင်တော့တာ အမှန်ပဲ။

ကိုကိုက အမြဲအားပေးပါတယ်။ တစ်ခါတရံ စန္ဒရားခုံမှာထိုင်ပြီး ခလုတ်တွေကို စိတ်ပါစွာနှိပ်နေမိတယ်။

ညဥ့်နက်သန်းခေါင်အထိ အိပ်မပျော်လို့ ကောင်းကင်ကို အဝိုင်းသမဲ့ ကြည့်ပြီး ကြယ်တွေကို ရေတွက်ရင်း သူ့ရဲ့မူရင်းဘဝဟာ ဘာလဲအကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း အဖြေကို ရှာမရဖြစ်နေရတယ်လေ။

နောက်တစ်ပတ် ကျောင်းပိတ်ရက်မှာ ကိုကို အိမ်ရောက်လာတယ်။

"နေချို စာဖတ်အသင်းသွားမယ်လေ"

"ဩော် ‒ ဟုတ်သားပဲ ခဏလေးနော် ‒ မေမေ့ကိုသွားပြောလိုက်ဦးမယ်"

အိမ်နောက်ဖေး မီးဖိုခန်းတွင် အလုပ်ရှုပ်နေသော မေမေ့ကို အကျိုးအကြောင်း ပြောပြလိုက်တယ်။ မေမေကတော့ အိမ်မှာမရှိ တိုင်းအစည်းအဝေး ပွဲသွားသည်။

"သွားမယ် ကိုကို ‒ စက်ဘီးပါတယ်မလား ‒ နေချို ကိုကို့နောက်ကပဲ လိုက်ခဲ့မယ် ‒ တော်ကြာ ‒ ထိုင်ခုံလုချင်သူတွေ ရှိနေဦးမယ် ‒ "

နေချို ကိုကို့ကို နောက်လိုက်တယ်။ ကိုကိုက ပြုံးရုံသာ ပြုံးရင်း စက်ဘီးကို နင်းတက်လိုက်၏။ အရှိန်ရလာတော့ နေချို နောက်ခုံကို ပြေးတက်ပြီး ထွက်လာကြသည်။

စာဖတ်အသင်းရှိရာ ခြံထဲရောက်တော့ နေချို့ကို စားပွဲတစ်ခုဆီခေါ် သွားပြီး နာမည်စာရင်းသွင်းလိုက်၏။

"ဒီကညီမ နံပါတ်က ကျိစီဘီသုံးဆယ့်တစ် အသင်းဝင်နံပါတ်ပေါ့ ခုံနေရာလည်း အဆင်သင့်လုပ်ထားလိုက်မယ်"

သူ့ကို စားပွဲကလူက ကတ်လေးတစ်ကတ် ထုတ်ပေးပြီးပြောလိုက်တယ်။ အချိန်လိုသေး၍ လူအနည်းငယ်သာရောက်သေးတယ်။ ကိုကိုနှင့်သူ ခြံထဲကို လှည့်ပတ်ကြည့်ကြတယ်။

မရမ်းပင်ပုလေးများ ခရေပင်ပုတိုင်းတိုင်းလေးများ တောင်သရက် ပျဉ်းမ ထက်ပံ စတဲ့ အပင်တွေကို လှပစွာစိုက်ထား၏။

အောက်ခြေတွင် အမှိုက်နှင့်သစ်ရွက်ခြောက်တို့မရှိဘဲ ရှင်းလင်းနေသည်။ မြေမှာလည်း အလွန်ကျယ်သလို အရိပ်ရအပင်တွေကြောင့်လည်း အေးချမ်းလှ၏။

"ကိုကို ဒီခြံက အရမ်းအေးချမ်းတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နေချိုရဲ့"

"ဒီခြံကို ဘယ်သူပိုင်တာလဲဟင်"

"အင်း ... ပိုင်ရှင်ကတော့ မရှိတော့ဘူး၊ ဆုံးသွားပြီ ... သူက အရင်က ဆင်းရဲသားတစ်ယောက်ပါ ... သူရဲ့လုပ်အားခတွေ စုဆောင်းပြီး ဒီခြံနဲ့ စာအုပ်လေးတွေ ဝယ်တယ် ...

တစ်နေ့ စာဖတ်အသင်းတစ်ခု ထူထောင်မယ်ပေါ့ ... အခုတွေ့နေတဲ့ အပင်တွေကိုလည်း စနစ်တကျ စိုက်ပျိုးထားခဲ့တာ ... အခု တွေ့နေတဲ့ အဆောက်အဦကိုလည်း သူကိုယ်တိုင် ပုံစံဆွဲပြီးဆောက်ခဲ့တယ် ... "

"ဩော် ... "

"ဒီခြံနဲ့ ဒီစာဖတ်အသင်းဖြစ်ဖို့ သူ နှစ်သုံးဆယ်ကျော်ကြာအောင် ကြိုးစားခဲ့တယ် ... သူ စွန့်လွှတ်ရတာတွေကတော့ အများကြီးပေါ့ ... ဒီကြားထဲ သူ အလုပ်လုပ်တဲ့စက်ရုံမှာ ကုန်သေတ္တာပြိုကျလို့ လက်တစ်ဖက် စွန့်ခဲ့ရပေမယ့် သူ အားမလျော့ဘူး ...

သူရည်ရွယ်ချက် သူဆန္ဒကိုဖြစ်အောင်ကို လုပ်ခဲ့တယ် ... သူ စာဖတ်အသင်းစဖွဲ့တော့ လူဦးရေက သုံးဦးပဲရှိတယ် ... မြင်းလှည်းသမား တစ်ဦး ကုန်ထမ်းသမားတစ်ဦး နောက်တစ်ယောက်က သူပေါ့ ...

သူက စိတ်ဓာတ်မကျပါဘူး ... ဆက်ပြီး စည်းရုံးတယ် ... အဲဒီ အချိန်တုန်းက ဒီမြို့မှာ စာဖတ်သူဦးရေ အရမ်းနည်းသေးတယ်၊ သူရဲ့ စေတနာ မှန်တယ်လို့ပဲ ပြောရမလား မသိဘူး ...

နောက်တော့ အသင်းဝင်တွေများလာပြီး ... သူ့ရဲ့စာဖတ်အသင်းလေး အောင်မြင်သွားတယ် ... မြို့တော်ဝန်ကလည်း ဂုဏ်ထူးဆောင်ဘွဲ့တွေပေးတာ သူ လက်မခံခဲ့ဘူး ...

မြို့သူဌေးကြီးတွေက သူ့ခြံနဲ့စာဖတ်အသင်းကို ငွေသိန်းနဲ့ချီပြီးဝယ်တာ တောင် သူမရောင်းခဲ့ဘူး ... သူလိုချင်တာ ငွေတွေဂုဏ်တွေမဟုတ်ဘူးတဲ့ လူတွေ စာဖတ်ဖို့ပဲလို့ပြောခဲ့တယ် ... "

"တကယ်မွန်မြတ်တဲ့ ပုဂ္ဂိုလ်ပဲနော် ... သူစာဖတ်အသင်းခွဲပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ ဘာနဲ့ရပ်တည်လဲ ...''

''လာ နေချို ... ကိုကိုပြမယ်''

ခြံဝါအနောက်ဘက် လမ်းကလေးအတိုင်း လျှောက်လာကြ၏။ အနောက်ဘက် မြေပြန့်ကျယ်ကျယ်တွင် ကုန်းကမူလေးများကိုတွေ့လိုက်ရသည်။

''ဒါ သူ့လက်တစ်ဖက်တည်းနဲ့ စိုက်ပျိုးရပ်တည်ခဲ့တဲ့ စိုက်ခင်းဟောင်းတွေလေ ... ပန်းပင်တွေစိုက်ပြီး အသက်မွေးခဲ့တာ''

''အတော်ဖွဲ့ကြိုးတဲ့ ပုဂ္ဂိုလ်ပဲနော် ...''

''ဟုတ်တယ် ... သူ့အကြောင်းနဲ့ပတ်သက်တဲ့အကြောင်းကိုရေးထားတဲ့ စာအုပ်ဆိုရင် ရောင်းမလောက်အောင် ဖြစ်ခဲ့တယ် ...

အဲဒီစာအုပ်ကရတဲ့ငွေကို ဘဏ်မှာအပ်ပြီး စာအုပ်အသစ်ထွက်တိုင်း ဝယ်ဖို့လုပ်ခဲ့တယ် ... သူ ကျန်းမာရေးမကောင်းတာတောင် ထုတ်မသုံးခဲ့ဘူး အသေခံသွားတယ် ...''

''သနားစရာပဲနော် ကိုကို ...''

''သနားစရာထက် ဂုဏ်ယူစရာပေါ့ ... ကိုယ်ကျိုးမဖက် အများအတွက် အနစ်နာခံတတ်တဲ့လူကို သူ့ရဲ့ကောင်းလို့ခေါ်တာ ... သူဟာ ကိုကိုတို့အားလုံး အတွက် စာပေသူ့ရဲကောင်းပေါ့ နေချိုရယ် ...''

''ဟုတ်တယ်နော် ... ဒါနဲ့ ဒီပုဂ္ဂိုလ်ကြီးနာမည် ဘယ်သူလဲ''

''ဦးမြင့်မိုရ်ထွန်းတဲ့ ... လာ စာသင်ခန်းမထဲ သွားကြမယ် အခုလောက်ဆို လူစုံလောက်ပြီ ...''

သူတို့လည်း ခန်းမရှိရာသို့ လျှောက်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)
## အနာဂတ်မြို့ကစကားသံ

စာဖတ်အခန်းထဲရောက်တော့ ထိုင်ခုံအသီးသီးတွင် ထိုင်နေသည့်လူများကို တွေ့လိုက်ရ၏။ နံပါတ်စဉ်အလိုက် ထပ်ထားကြပြီး ကိုယ့်နံပါတ်တွင် ကိုယ်ဝင်ထိုင်ရသည်။

နေချို့နံပါတ်က နောက်ဆုံးမို့ အစွန်ဆုံးခုံတွင်နေရာရသည်။

အဖွဲ့ဥက္ကဋ္ဌက ပထမဆုံး အဖွင့်စကားပြောကြားပြီး ဘဏ္ဍာရေးနည်းတမ်းစာရွက်များကို တစ်ယောက်စီကို ကမ်းပေးကြ၏။

ကြည်ပြာခင်က ကိုကို့ခုံနှင့် နီးကပ်စွာရှိသည်။ အရင်တစ်ခေါက် နေချိုရောက်တုန်းက လေ့လာသူဆိုတော့ နေရာမရွေး ထိုင်လို့ရပေမယ့် အခုကအသင်းဝင်ဖြစ်တော့ သတ်မှတ်နေရာမှာ ထိုင်ရတယ်။

ကိုကို့ကို လှမ်းကြည့်လိုက်တော့ ကြည်ပြာခင်က တိုးတိုးနှင့်ပြောတာကို ကိုကိုက ခေါင်းညိတ်နေ၏။ နေချိုလည်း ဆက်မကြည့်ချင်သဖြင့် ဘဏ္ဍာရေးစာရွက်ကိုသာ ဖတ်နေလိုက်၏။

“အခုအချိန်ကစပြီး ဟိုအရင်အပတ် ပေးထားတဲ့ ခေါင်းစဉ်အတိုင်း ဆွေးနွေးကြတာပေါ့ ... ခေါင်းစဉ် ‘ခံစားချက်နဲ့အိပ်မက်’ပဲဖြစ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးပွဲဥက္ကဋ္ဌကြေညာအပြီးမှာ မျက်မှန်ထူထူနှင့်လူတစ်ဦး ထရပ်လိုက်တယ်။ ပြီးတော့ သူကပဲစတင်ပြီး ...

"ကျွန်တော့်ကို အခုအပတ်ဆွေးနွေးမယ့် ခံစားချက်နဲ့ အိပ်မက်ဆိုတဲ့ ခေါင်းစဉ်နဲ့ပတ်သက်တဲ့အကြောင်းကို ဆွေးနွေးခွင့်ပြုပါ ... "

ခန်းမထဲက လူအားလုံးကို ခွင့်တောင်းလိုက်တယ်။ အားလုံးကလည်း ငြိမ်သက်နေတယ်။ ဘာမှပြန်မပြောဘူး။ ထိုလူကပဲ ...

"လူတိုင်း လူတိုင်းမှာ ခံစားချက်ကိုယ်စီ ရှိကြပါတယ် _ အဲဒီခံစားချက်တွေကတော့ သူတို့ဖြစ်လိုတာ ဖြစ်ချင်တာတွေနဲ့ ဘဝတစ်ခုလုံး ဒဏ်ရာရလိုက်လို့ နာကြည်းတာ စသည်တို့ကို ရင်ထဲမှာ တာရှည်ကိန်းအောင်းထားကြတာပဲ ...

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီခံစားချက်တွေကို အရှည်သဖြင့် ထိန်းချုပ်ထားကြတဲ့အခါ အချိန်ကြာလာတာနဲ့ လွန်စွာမွန်းကျပ်လာပါတယ်၊ အဲဒီခါမှာ ပေါက်ကွဲမှုတွေနည်းအမျိုးမျိုးနဲ့ ဖြစ်လာတော့တာပဲ ...

ကျွန်တော်ငယ်ငယ်က မိုးပျံပူဖောင်းတစ်လုံးကို လိုချင်ခဲ့တယ်၊ အဖေနဲ့အမေက မဝယ်ပေးခဲ့ဘူး။ ကျွန်တော့်ရဲ့စိတ်ထဲမှာ ရချင်တယ်ဆိုတဲ့ စိတ်တစ်ခုပဲရှိတော့ အချိန်ရှိသရွေ့ ဒီပူဖောင်းလေးကို လိုချင်နေတော့တာပဲ _ ကံကောင်းတဲ့ တစ်နေ့မှာ ကျွန်တော့်ဦးလေးတစ်ယောက် အိမ်ကိုရောက်လာတော့ ... ကျွန်တော်လိုချင်တဲ့ ပူဖောင်းလေးကို ပူဆာလိုက်တာ ဦးလေးက ဝယ်ပေးလိုက်တယ် _ ကျွန်တော်သိပ်ပျော်သွားတယ် _ ပူဖောင်းလေးကို လက်ကကိုင်ထားရင်း အကြိမ်ကြိမ်ရလိုခဲ့တဲ့ ကျွန်တော့်အိပ်မက်လေးပြည့်ခဲ့တယ် _

ကျွန်တော် ကိုယ့်ကိုယ်ကိုယ်လည်း အရမ်းဂုဏ်ယူခဲ့တယ် _ သမိုင်းထဲက အလက်ဇန္ဒားဘုရင် နယ်မြေတွေ သိမ်းလို့ရလို့ ဂုဏ်ယူတဲ့ပုံစံမျိုးပဲ ... ကလေးတွေက သူတို့ရဲ့ အလိုချင်ဆုံးဆန္ဒတစ်ခုကို ပြည့်ဝရင် ရလာတဲ့အောင်ပွဲဟာ အလွန်ကြီးမားပါတယ် ...

ဒီလိုမျိုးပါပဲ ... သူတို့ဘဝတွေ တစ်ဆင့်ပြီးတစ်ဆင့် တက်လာတဲ့ ခံစားချက်တွေကို ရယူဖို့ အားသွန်ကြိုးစားတော့တာပဲ _ ဘာလို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရယူပိုင်ဆိုင်ရလို့ဖြစ်လာတဲ့ ပီတိကို သူတို့သိရှိဖူးသွားတယ်လေ ... ဒါကြောင့် ခံစားချက်နဲ့ အိပ်မက်များဖြစ်ဖို့ အားသွန်ကြိုးစားဖို့ လိုမယ်လို့ထင်ပါတယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေ ဆူညံသွားတယ်။ ထိုသူပြောသွားတဲ့အကြောင်းတွေကို လူနှစ်ဦး သုံးဦးက မေးခွန်းထုတ်သေးတယ်။ သူကလည်း သူ့အမြင်ရှုထောင့်ကနေ အကောင်းဆုံး အဖြေကိုပြန်ပေးတယ်။

နောက်တစ်ဦး ထပြီးဆွေးနွေးပြန်တယ်။ နေချို ထလာတဲ့သူကို ကြည့်လိုက်တော့ ယောကျ်ားတစ်ဦး မဟုတ်တဲ့ မိန်းမတစ်ဦးဖြစ်နေတယ်။ ကြည်ပြာခင်လေ။

"ကျွန်မ ငယ်ငယ်ကအရမ်းအတ္တကြီးတယ် ... ဘယ်အလုပ်ကိုမဆို ကိုယ့်ထက်သာလွန်အောင် လုပ်နိုင်တဲ့ လူကိုဆို စိတ်ထဲမှာ အရမ်းဒေါသဖြစ်တာပဲ၊ ကျွန်မ အဲ့ဒီလိုဖြစ်ဖို့ကို ကျွန်မမိသားစုကလည်း ဝိုင်းဝန်းပံ့ပိုးပေးကြတယ်၊

ဒါဟာ ကောင်းတဲ့အလေ့အထတော့ မဟုတ်တူးဆိုတာ တဖြည်းဖြည်း အရွယ်ရောက်လာတော့ သိလာပေမယ့် ငယ်စဉ်ကတည်းက သူတကာအပေါ် အနိုင်ရလိုစိတ်နဲ့ အောင်ပွဲရခဲ့တဲ့ ကျွန်မ အတ္တကြီးတတ်တဲ့အကျင့်ကို မစွန့်လွှတ်နိုင်ခဲ့ပါဘူး ...

ကျွန်မမှာ ငယ်စဉ်ကတည်းက စွဲစွဲမြဲမြဲဝတ်လာတဲ့ နာရီတစ်လုံးကလွဲရင် ကျန်တဲ့ ကျွန်မနဲ့ပတ်သက်တဲ့ အရာဝတ္ထုတွေ ပြောင်းလဲခဲ့ပေမယ့် ကျွန်မစိတ်က အရင်အတိုင်းပါပဲ ...

ဒီတော့ ကျွန်မ စဉ်းစားတယ် တစ်ခုခုပြောင်းလဲသင့်ပြီပေါ့၊ ဒီလိုနဲ့ တစ်နေ့မှာ ကျွန်မလက်မှာ ပတ်တဲ့နာရီထက် ဒီဇိုင်းနဲ့ စက်ကောင်းတဲ့နာရီတစ်လုံးကို တွေ့ခဲ့တယ် ...

ကျွန်မသဘောကျလွန်းလို့ ရယူဖို့ကြိုးစားတယ်၊ ကံဆိုးတာက ကျွန်မလို အပြိုင်စိတ်ဝင်စားတဲ့လူ ရှိနေတယ်၊ အခုဆို ကျွန်မလက်က နာရီလေးလွှတ်လိုက်ပြီးပါပြီ၊ ကျွန်မလိုချင်တဲ့ နာရီအသစ်သာမရခဲ့ရင်ဆိုတဲ့ ခံစားမှုက လှိုင်းထန်နေပြီပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသာ အဲဒီနာရီလေး ပိုင်ဆိုင်ခွင့်ရခဲ့ရင်ဆိုတဲ့ အတွေးနဲ့ အကြိမ်ကြိမ်မက်ခဲ့တဲ့ မျှော်လင့်ချက်အိပ်မက်တွေကို အမြန်ဆုံးပြည့်စေဖို့ကြိုးစားသွားမှာပါ"

"ဖြောင်း ဖြောင်း ဖြောင်း"

ခန်းမတစ်ခုလုံး လက်ခုပ်သံတွေ ဆူညံသွားတယ်။ ကြေညာခင်က ပြုံးတယ်ဆိုရုံလေးပြုံးပြီး သူ့ကိုလှမ်းကြည့်တာ နေချိုမြင်ဖြစ်အောင်မြင်လိုက်တယ်။

ခန်းမထဲကလူတွေရဲ့ မေးခွန်းထုတ်သံတော့ မကြားရဘူး။ အတွက်ကြီးတဲ့ မိန်းမကို မမေးချင်တာလား။ ဒါမှမဟုတ် မေးစရာမလိုလောင်အောင် သူ့အထွေ သမိုင်းက ပြည့်စုံနေတာလား နေချိုမသိပါ။

နောက်ထပ် ဆွေးနွေးမယ့်သူ ထမလာသေးပါ။ အားလုံးက ငြိမ်သက်စွာ ထိုင်နေဆဲ ဘာကြောင့်မှန်းမသိ နေချို တစ်ခုခုကို ဆာလောင်လာသလိုလို ရင်ထဲမှာပဲ စကားလုံးတွေက ပြည့်လာသလိုလိုဖြစ်လာတယ်။

ဒါကြောင့် ထပြီး မတ်တတ်ရပ်လိုက်တယ်။ ထိုင်ခုံတွေမှာ ထိုင်နေသူ တွေအားလုံးက သူ့ကိုငိုင်းကြည့်ကြတယ်။ လူတချို့ ခပ်တိုးတိုး လေသံလေးတွေ က ပါးပါးလေးလွင့်လာ၏။

နေချို အားတစ်ချက်တင်းလိုက်တယ်။ ကိုကိုက အားပေးတဲ့မျက်လုံး အစုံနဲ့ လှမ်းကြည့်တယ်။

"ကျွန်မနာမည် နေချိုသစ်ပါ ... ကျွန်မက ပန်းပွင့်လေးတွေကို စိတ်ဝင်စားပါတယ် ... သူတို့ရဲ့ရှင်သန်မှုကို ခက်ခက်ခဲခဲ ရှန်းကန်ရတာကို ကြည့်ပြီး တစ်ခါတလေ စိတ်မကောင်းဖြစ်မိတယ် ... ကျွန်မဘဝမှာ ကိုယ်ပိုင် လူနေမှုဘဝတစ်ခုအနေနဲ့ ဘာမှမကျေနပ်စရာမရှိခဲ့ပေမယ့် ခံစားချက်နဲ့ပတ်သက် လို့ ကျွန်မဟာ ပင်မြင့်ပေါက်တဲ့ သဇင်ပန်းလိုပါပဲ ... ကိုယ့်ဘဝရပ်တည်ရေး ကိုယ်ပိုင်မဟုတ်ဘဲ ... တခြားဘဝတစ်ခုပေါ် မှီခိုနေရတာမျိုးပါ ... ဒါပေမယ့် ကျွန်မနေရတဲ့နေရာကျဉ်းကျဉ်းလေးကို အရမ်းမက်မောခဲ့တယ် ... ပျော်ပျော် ပျော်ခဲ့တယ် ... တစ်ချိန်ချိန်မှာ ကျွန်မနေတဲ့အပင်ကို ဘဝတစ်ခုရပ်တည်နိုင်

www.burmeseclassic.com



လာလှဲ့မယ့်သူတွေရှိရင် ကျွန်မ အစွမ်းရှိသလောက် တွန်းလှန်မှာပဲ ... သေချာတာက ကျွန်မမှာပိုင်ဆိုင်ထားတာ သစ္စာဆိုတဲ့ မှန်ကန်တဲ့ခံစားချက်နဲ့ အပယ်ပြုရင် လိုက်ပြုမယ် ... အိုရင် လိုက်အိုမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချထားလို့ပေါ့။ ကျွန်မမျှော်လင့်တဲ့ အိပ်မက်က ဒီအပင်ဟာ ကျွန်မကြောင့် လှပတဲ့နေ့ရက်တွေပဲ ... ကံကြမ္မာဆိုးဝင်လို့ ကျွန်မဘဝဆုံးမယ်ဆိုရင်တောင် မွှေးရနံ့လေးတော့ ချန်ထားမှာပါ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

လက်ခုပ်သံများ တသောသောညံသွားတယ်။ အားလုံးက နေချို့ကို ပိုစိတ်ဝင်စားလာတယ်။ စွန့်လွှတ်ခြင်း အနစ်နာခံခြင်းတွေနဲ့ နူးညံ့တဲ့ဘဝကို ပြောင်မြောက်စေသူလို့လည်း ဗိုင်းချီးမွမ်းကြတယ်။

နေချိုက ပြောပြီးမောလွန်းလို့ ထိုင်ခုံနောက်ကျောကို အသာအယာမှီ ထိုင်ရင်း မျက်လုံးကိုပိတ်ထားလိုက်တယ်။

"သူက လှသစ်မလား ... အရမ်းနူးညံ့လိုက်တာ"

"သူ့ရုပ်ရည်ကကို အပြစ်ကင်းတာ"

"အို ... ငါတော့ သူ့လိုစိတ်ထားဖို့တော်တော်ကြိုးစားရမယ်"

စတဲ့ စကားသံတွေကိုကြားနေရတယ်။ မေးခွန်းတွေမေးမယ့် လူတချို့ တောင် သူမောမှန်းသိလို့ ဘာမှဆက်မမေးကြဘူး။ အချိန်အတော်ကြာတဲ့အထိ ဆွေးနွေးမယ့်သူမရှိတော့လို့ အခမ်းအနားကို နောက်တစ်ပတ်ခေါ်စည်းဝေးပြီး ရပ်နားလိုက်တယ်။ အပြန်လမ်းမှာ ကိုကိုက နေချို့ကို ချီးမွမ်းတယ်။

"နေချို သိပ်တော်တာပဲ ... ခံယူချက်လေးကကောင်းတယ်၊ စကား ပြောတာလည်း အပိုအလိုမရှိဘူး"

"ကျေးဇူးတင်ပါတယ် ကိုကို"

ထိုအချိန်တွင် သူတို့စီးလာတဲ့ကားဘီးကို ခပ်ကြမ်းကြမ်းကျော်သွားတဲ့ ကားတီးကြောင့် လဲမလိုဖြစ်သွားတယ်။ လှမ်းကြည့်လိုက်တော့ ကြည်ပြာခင်ဖြစ်နေ တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## မြားနှစ်စင်းနဲ့ကောင်းကင်

နောက်ပိုင်းရက်တွေမှာ နေချို စာဖတ်အသင်းဆွေးနွေးပွဲတွေမှာ ထမဆွေးနွေးဖြစ်ခဲ့ဘူး။ ကိုကို ထဆွေးနွေးရင် သူက အားပေးတယ်။ ပိုဆိုးလာတာက ကြည်ပြာခင်ပဲ ...

"နေစိုး နင်ပြန်ရင် ငါ့ကိုလိုက်ပို့ပေးပါလား"

"မဖြစ်ဘူးဟာ ... နေချိုပါတယ်"

"ဆိုင်ကာယ် ကယ်ရီနဲ့ပဲပြန်နိုင်းလိုက်ပေါ့ဟာ"

"မဖြစ်ဘူး ... သူ ငါ့ကိုစိတ်ကောက်လိမ့်မယ်"

"နင်ကလည်းဖြစ်နေလိုက်တာ နေတော့ ... "

စိတ်ဆိုးပြီး ကြည်ပြာခင် ရှေ့ကထွက်သွားတယ်။ နေစိုး မတတ်နိုင်ပါ။ နေချိုက သူနဲ့အပတ်စဉ် စာဖတ်အသင်းလိုက်လာတာ စိတ်ပါလို့မဟုတ် သူ့ကိုတားမရလို့။ ငယ်စဉ်ကတည်း အတူသွား အတူစားခဲ့တဲ့သူတွေမို့ တစ်ဦးနှင့်တစ်ဦးကလည်း သံယောဇဉ်အရမ်းရှိကြသည်။ ကြည်ပြာခင်က ကျောင်းမှာ ချောတဲ့လှတဲ့နေရာမှာ နာမည်ကြီးလှတာမို့ သူနဲ့သွားလာရတာကို ကျေနပ်သလိုဖြစ်ပေမယ့် သူ့ကိုတွယ်တာလွန်းတဲ့နေချိုကို တစ်ယောက်တည်းခွဲမထုတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို လိုက်ပို့ချင်လို့လား လိုက်ပို့လိုက်လေ"

"မပို့ပါဘူး ... သူ့ဘာသာပြန်ပေါ့"

"နေချို ရှိနေလို့လားဟင်"

"လာပါ နေချိုရယ် ... ကိုကိုတို့ဘာသာ ပြန်နေကျမလား"

ကိုကိုက နေချို့ကို စက်ဘီးနောက်မှာတင်ပြီး နင်းထွက်လာတယ်။ သူတို့မြို့လေးက ကုန်းဆင်းကုန်းတက်များတာမို့ ကုန်းတက်တွေ ကိုကိုအတင်း နင်းတက်ရရင် နေချို နောက်ကဆင်းတွန်းပေးတယ်။ ကိုကိုက မဆင်းခိုင်းပါဘူး။

"ကိုကိုမောနေပြီလား ... နေချို တစ်လှည့်နင်းဦးမယ်လေ"

"ရပါတယ် နေချိုရဲ့ ... "

"ကိုကိုမောမှာစိုးလို့ ... "

"မမောပါဘူး ချွေးပြန်ရုံပဲ"

"ခစ် ... ခစ် ... ခစ်"

"ကိုကိုပြောတာ ရယ်စရာပါလို့လား"

"မဟုတ်ပါဘူး ... ကဲ ... ကဲ ... ကိုကို့ကို ခရမ်းပြာမှာကော်ဖီတိုက်မယ်"

"ကောင်းတယ် ... ဗိုက်ဆာနေတာနဲ့အတော်ပဲ"

ခရမ်းပြာရောက်တော့ နေချိုတို့ကံဆိုးတယ်။ ကျောင်းက သူငယ်ချင်းတွေ ကော်ဖီသောက်တာနဲ့တိုးပါလေရော။

"နေချိုနဲ့ နေချို့ကိုကိုပါလား၊ အတော်ပဲဒကာလိုနေတာနဲ့"

အသံပြုပြုနှင့် သီတာသန့်ရဲ့အသံကိုစကြားရတယ်။

"လာ ... ထိုင်ကြ ... ညက ငါချိုးတွင်းကျတယ်လို့ အိပ်မက်မက်တာမှန်နေပြီ"

"ဘာ ဘယ်လို ... "

နေချို တအံ့တဩနှင့် သီတာသန့်ဘေးမှာထိုင်နေတဲ့ မညှူကိုမေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း ဒါတောင်မသိဘူး — အိပ်မက်ထဲမှာ မစင်တို့ပုပ်နေတဲ့ အကောင်တို့နဲ့အတူ ရှိနေရင် လာဘ်ကောင်းတယ်လို့ပြောကြတယ် — အခု ငါတို့စားသောက်နေတုန်း နင်တို့ရောက်လာတော့ ကျွေးမယ့်မွေးမယ့်သူလာတာ ပေါ့ မဟုတ်ဘူးလား"

"ငပေါမ ... ငါကအကောင်းမှတ်လို့"

"ခစ် ... ခစ်"

သူတို့အားလုံး ဝိုင်းရယ်ကြတယ်။ ကိုကိုက ဘေးဘယ်ညာကြည့်ပြီး

"ချီးစော်နံ့သလိုပဲ"

"ဟင် ... "

နေချို ကိုကို့မျက်နှာကိုကြည့်ရင်း သူကိုယ်တိုင်နှာခေါင်းရှုံ့ပြီးအနံ့ခံတယ်။ ဘာအနံ့မှာလည်းမရဘူး။

"ဘာအနံ့မှလည်းမရပါဘူး"

"နေချိုကလည်း မညှိုညက အိပ်မက်ထဲမှာ ချီးတွင်းထဲပြုတ်ကျတယ်လေ ရေမချိုးလာလို့ သူ့ကိုယ်ကအနံ့ရနေတာ"

"ဟား ... ဟား ... ဟား"

အားလုံးပွဲကျသွားတယ်။ မညှိုမျက်နှာနီပြီး ကိုကို့ကိုရန်တွေ့တော့တာ ပဲ။ ကိုကိုက တဟားဟားနဲ့ရယ်နေတယ်။

"နေချိုတို့ ဘယ်ကပြန်လာကြတာလဲ"

"စာဖတ်အသင်းဆွေးနွေးပွဲက"

"ဟယ် — နေချို စာဖတ်အသင်းတောင်သွားနေပြီပဲ — တော်လိုက် တာ ငါတို့ဆို အနားတောင်မကပ်ရဲသေးဘူး"

သန္တာဖော်က တအံ့တဩနှင့်ဝင်ပြောတယ်။ သူတို့အုပ်စုက လူတောင့် တယ်။ သီတာသန်း၊ မညှို၊ ဖော်လင်၊ သိန်းဖော် လူစုံတက်စုံ နေချိုနဲ့ ကိုကို့ကို ဝိုင်းနောက်ကြစကြနှင့် ပျော်စရာညနေလေးဖြစ်သွားတယ်။

"ဒါနဲ့ ရွှေလကျရင် ဗိညာဉ်ပွဲတော်လာတော့မယ် — နင့်တို့ဘယ်လို စီစဉ်ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖော်လင်းက ဝင်မေး၏။

"ငါတို့အဖွဲ့လိုက်ထွက်ကြရင်ကောင်းမယ်"

"အေးဟုတ်တယ် ... နေချိုရော လိုက်မှာလား"

"ဟို ... ကိုကို"

"နင်ကလည်း ကိုယ်ပိုင်အသက်မရှိသလိုပဲ"

မချူက ဝင်အပြစ်တင်တယ်။

"ဒီလိုလုပ် ... တို့အဖွဲ့ကို ကိုနေစိုးပဲ ဦးဆောင်လိုက် မကောင်းဘူးလား"

"အေး ... ကောင်းတယ်ကိုနေစိုး ... ဦးဆောင်ပေးနိုင်မလား"

နေစိုး ခေါင်းကုတ်ရတယ်။ သူတို့အတန်းကလူတွေလည်းထွက်မှာဆို တော့ ဒီအုပ်စုထဲ သူပါလို့ သင့်ပါ့မလားတွေးနေတယ်။

"နေချို နင့်ကိုကိုကိုပြောဦးလေ"

"ကိုကို့သဘောပါ"

"ဟာ ... နင်ကလည်း အားမရလိုက်တာ"

ကိုကို နေချို့မျက်နှာလေးကိုကြည့်လိုက်တယ်။ မျက်နှာငယ်ငယ်လေး နဲ့ ...

"ကဲ ... ငါ မင်းတို့အုပ်စုထဲပါမယ်"

"ဟေး ... ဟေး ... "

အားလုံးပျော်သွားတယ် ... နေချိုလည်းပျော်တာအရမ်းပဲ။ ကိုကိုက ဦးဆောင်မှုလည်းကောင်းသလို တီထွင်ဉာဏ်လည်းရှိတော့ သူတို့အဖွဲ့ ပေါ်ပြူလာ ဖြစ်မှာအမှန်ပဲ။

"ကိုနေစိုး မျက်နှာဖုံးတွေ ဝတ်စုံတွေချုပ်ဖို့ ဘယ်လိုစဉ်းစားထားလဲ"

"မျက်နှာဖုံးက မြို့အရှေ့ပိုင်းက ဦးမော်ကြီးကို အကြမ်းလုပ်ခိုင်းမယ် ဆေးခြယ်တာက ကိုယ့်ဘာသာခြယ်မယ်"

"ကောင်းတယ် ... "

"ဟဲ့ မချူ ... နင်ကတော့ မျက်နှာဖုံးမလိုဘူး ... ဒီအတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်မျက်နှာက ကြောက်ဖို့ကောင်းနေတာ''

''ခွေးကောင် _ နင့်ရုပ်ကပိုဆိုးသေးတယ် _ နင်ဆိုဝတ်ရုံတောင်မလို ဘူး ... အသားက မီးသွေးတုံးအတိုင်းပဲ''

သူ့ကိုနောက်တဲ့ သိန်းဇော်ကို ပြောဆိုလုပ်တယ်။

အားလုံးရဲ့ ရယ်သံလေးတွေဟာ ခရမ်းပြာတစ်ဆိုင်လုံး ဆူညံသွား တယ်။

''ဟား ဟား ဟား''

ဝိညာဉ်ပွဲတော်အတွက် သူတို့အုပ်စု တက်ကြွစွာလုပ်ကြမယ့်အရေး ကို ညှိနှိုင်းရင်း အချိန်က အတော်လင့်လာသည်။

''ငါတို့ ပြန်တော့မယ် ... ကျောင်းကျမှဆက်ညှိတာပေါ့''

နေချို စကားဝိုင်းကို အဆုံးသတ်ပြီး ကောင်တာမှာ ပိုက်ဆံသွားရှင်း လိုက်တယ်။ ကိုကိုက ...

''ကဲ ငါတို့ပြန်တော့မယ် ... အရုပ်မျက်နှာဖုံးကိစ္စ ငါစီစဉ်ထား မယ်''

အကုန်လုံးကိုပြောပြီး ခရမ်းပြာကပြန်ခဲ့တယ်။

ဝိညာဉ်ပွဲတော်ဆိုတာ သူတို့မြို့လေးမှာ နှစ်စဉ်ကျင်းပတဲ့ပွဲလေးတစ်ခု လည်းဖြစ်သလို အားလုံးကလည်း စိတ်ဝင်တစားရှိကာ ပွဲတော်ကိုပါဝင်ဆင်နွှဲ ကြတယ်။

ကိုယ့်အဖွဲ့နှင့်ကိုယ် သရဲပုံသဏ္ဍာန်ကြောက်စရာ မျက်နှာဖုံးဝတ်ရုံတို့ ဖြင့် ညဘက်မြို့နယ်လမ်းတစ်လျှောက် ရောင်စုံမီးလုံးတွေကြားမှာ သွားလာကြ သည်။

လမ်းဘေးဝဲယာက ပရိသတ်တွေကလည်း ကြည့်ရှုအားပေးကြ ၏။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ နောက်ကြပြောင်ကြနှင့် ပျော်စရာအလွန်ကောင်းသည်။

ကြောက်တတ်တဲ့ လူတွေဆိုရင် လန့်ပြီးထွက်ပြေးလျှင် ရယ်စရာအလွန် ကောင်းလှသည်။ ဝိညာဉ်ပွဲတော်ကို တစ်ပတ်တိတိ ကျင်းပပြီး နောက်ဆုံးည သန်းခေါင်တိတိအချိန်မှာ ကြောက်စရာအကောင်းဆုံးအဖွဲ့ကို ကျင်းပရေး



www.burmeseclassic.com

www.burmeseclassic.com



ကော်မတီက ဆုပေးကာ အခမ်းအနားသိမ်းသည်။

ကျောင်းမှာလည်း ဝိဇ္ဇာညပွဲတော်အတွက်ပဲ လုံးပန်းနေကြတယ်။ ကြည်ပြာခင်က နေစိုးကို သူတို့အဖွဲ့ထဲဝင်ဖို့ အတင်းပြောသည်။

"နေစိုးတို့အဖွဲ့မှာ နင်ပါမှဖြစ်မှာနော်"

"ငါ နေချိုတို့အဖွဲ့ထဲပါဖို့ ပြောပြီးပြီ"

"နင်ကလည်း ကိုယ့်အတန်းကလူတွေနဲ့ပေါင်းတာ မဟုတ်ဘူး။ ဘာမဟုတ်တဲ့လူတွေနဲ့ ..."

"နေချိုက အရမ်းကြောက်တတ်တယ် _ ငါမပါရင် သူလည်းပွဲတော်လည်ရမှာမဟုတ်ဘူး"

"နင် နေချိုကို တော်တော်ချစ်တယ်နော်"

ကြည်ပြာခင်က ရိသဲ့သဲ့ပြောလိုက်တယ်။

"ငါတို့က ဖြူဖြူစင်စင် ဘာအရောင်မှမရှိဘူး"

"အဖြူရောင်ဆိုတာ အချိန်မရွေး အခြားအရောင်တွေလာနိုင်တာပဲ ကြာကြာအစွန်းအထင်းမရှိဘဲ မဖြစ်နိုင်ပါဘူး"

"ကြည်ပြာခင် _ ငါနဲ့နေချိုဟာ အူဝဲထဲကနေလာတာ သူက ငါ့ကို အစ်ကိုတစ်ယောက်လို သိပ်အားကိုးတယ် _ တွယ်တာတယ် _ ငါကလည်း သူလိုတာကို လုပ်ပေးနေရတာ အသားကျနေပြီ၊ ဒီပြင် ငါတို့မှာ ဘာမှမပိုဘူး"

နေစိုး ခပ်မာမာစကားကြောင့် ကြည်ပြာခင် ပြန်လျှော့သွားတယ်။

"ငါပြောတာ နင်လိုက်လျောတာကိုပြောတာ ... ကျန်တာ ဘာရည်ရွယ်ချက်မှမရှိဘူး ... နင်ကလည်း ဒေါသချည်းပဲ"

"နေချိုဟာ ငါ့ညီမလေးပါ _ ဘယ်တော့မှ မပြောင်းလဲမယ့် ညီမလေးတစ်ယောက်ပဲ"

နေစိုးရဲ့ လေးနက်စွာပြောတဲ့စကားကို ကြည်ပြာခင်က ဘာမှမပြောတော့။ သူလိုချင်တဲ့ နေစိုးရဲ့သံယောဇဉ်ထက်ပိုသာတဲ့ ခံစားမှုကိုသာရရှိမယ်ဆို့ သူစိတ်ပိုင်းဖြတ်လိုက်တော့တယ်။

---

ချိုချိုဇော်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## ဝိညာဉ်ပွဲတော်ညကတစ္ဆေ

စည်းကားလှတဲ့ လမ်းမတစ်လျှောက်တွင် ရောင်စုံမီးသီးများကို လှပစွာ ထွန်းညှိထားတယ်။ ညီညာပြန့်ပြူးသောလမ်းမှာ ရောင်စုံကားတွေကို ညနေစောင်းလောက်ထဲက ပြေးဆွဲခွင့်မပြုတော့ဘူး။

ပလက်ဖောင်းတလျှောက် ဆိုင်ရှေ့တွင် ကြောက်စရာရာဘာသရဲရုပ်များ မီးခိုးငွေ့မှိုင်းမှိုင်းများ ရယ်သံကျယ်ကျယ်တို့ဖြင့် တန်ဆာဆင်ထား၏။ ကုမ္ပဏီကြီးတချို့ရဲ့ နီယွန်လျှပ်စစ်ဆိုင်းဘုတ်ပေါ်က ကြော်ငြာတောင်သရဲပုံ သဏ္ဍာန်ဒီဇိုင်းနှင့် ကြော်ငြာသည်။

လုံခြုံရေးဝန်ထမ်းတွေကလွဲရင် တခြားလူတွေအားလုံးက ဝိညာဉ်ပွဲတော်နဲ့ပတ်သက်တဲ့ အထိမ်းအမှတ်ကို ရင်ဘက်မှာဖြစ်စေ ဦးထုပ်မှာဖြစ်စေ ရှိကြသည်။ လူငယ်တွေက အဖွဲ့လိုက် ဝတ်ရုံဖားဖားကြီးတွေ မျက်နှာဖုံးတွေနဲ့ သွားလာကြသည်။ နေချိုတို့သူငယ်ချင်းအားလုံး နေချိုတို့အိမ်မှာပင်စုကာ အပ်ချုပ်ဆရာချုပ်ပေးသော ဝတ်ရုံကိုဝတ်ကြသည်။

"ဟဲ့ သီတာ နင့်ဝတ်ရုံက အောက်ကိုကျလွန်းတယ်၊ လမ်းလျှောက်ရတာ အဆင်ပြေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ်”

“ရော့ နင်က ဒီမျက်နှာဖုံး ... ဒါမှ ဝတ်ရုံအရောင်နဲ့လိုက်မှာ”

အဝတ်အစားမျက်နှာဖုံးအစ နေစိုးက စီစဉ်ပေးသည်။ အားလုံးက သည်း သဘောတူလက်ခံကြသည်။

“နေချို အဝတ်အစားလဲပြီးပြီလား”

“ပြီးပြီ ကိုကို”

“ဆံပင်ကို စုသိမ်းလိုက် ... ခေါင်းစွပ်မှာ ဆံပင်ရှည်ပါတယ်”

“ဟုတ်ကဲ့ ... ”

နေချို ဆံပင်တွေကို ဆံညှပ်အပါးလေးနှင့်စုသိမ်းလိုက်တယ်။ ကိုကိုက ခေါင်းစွပ်ကိုစွပ်ပေးရင်း ကျောကိုကျလာတဲ့ဆံပင်ရှည်အတုကို ညီညာအောင်လုပ် နေတယ်။

“ကိုနေစိုး မဥ္ဇူဝတ်ရုံနဲ့လိုက်ရဲ့လား”

“အင်း ... လိုက်တယ် မြင်တောင်မမြင်ရဘူး”

“ကိုနေစိုးနော်”

“ဟင်း ... ဟင်း ... ဟင်း”

အားလုံး ဝိုင်းရယ်ကြသည်။ မဥ္ဇူက အသားမည်းသူမို့ ဝတ်ရုံအနက် ဆိုတော့ မဲမဲကြီးဖြစ်နေတယ်လေ။ ယောကျာ်းတွေက သိပ်အလုပ်မရှုပ် သူတို့ ကလေးတွေသာ ရှုပ်နေတယ်၊ ဒီကြားထဲ သန္တာဇော်က မိတ်ကပ်လိမ်းဖို့လုပ် သော့ ...

“ဟဲ့ ... မျက်နှာဖုံးစွပ်မှာ နင့်ဘယ်သူကချောတ်ကြည့်မှာလဲ”

သီတာသန့်က အသံကျယ်ကျယ်နှင့်အော်တော့ ဇော်လင်းကထောက်ခံ ထားနေနဲ့ ...

“ဟုတ်သားပဲ ... သန္တာဇော်ရယ် ... ချောတ်ကြည့်ချင်းကြည့်ရင် မျက်နှာဖုံးတော့ ဘယ်ကြည့်မလဲ ... ”

“ဟဲ့ ... ခွေးကောင် ... ကလေကချေခွေး ... နင့်ရည်းစား ဟေဒီ ဘေးကိုသွားချောင်းကြည့် ... ငါ့ကိုလာမကြည့်နဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရည်းစားလေဒီဖတ်ကိုငါကကြည့်ပြီးသွားပြီ"

"ဘာတွေ့လဲ ..."

"ပျောက်နေတယ် ..."

"အေး ... နောက်တစ်ခါကြည့်ရင် တတ်မီးယူသွား"

ညစ်ညစ်ပတ်ပတ်ကိုနောက်နေကြတယ်။ သန္တာဇော်နဲ့ ဇော်လင်းက မတည့်ကြဘူး။ ဇော်လင်းရည်းစား လေဒီဖတ်ဆိုတာ တကယ်တော့မဟုတ်။ ကျောင်းမှာအဝဆုံး ဘယ်လောက်ဝလဲဆိုရင် မြင်းလှည်းများတက်စီးလိုက်ရင် အဲဒီမြင်းလှည်းမဆွဲနိုင်ဘူး။

ဇော်လင်းက ပိန်ပိန်သေးသေးညှပ်ညှပ်ကလေး။ လက်မလေးရဲ့ အစ်ကိုလို့ပြောလို့ရတယ်။ အတန်းထဲက သူထိုင်ခုံတောင် သူနိုင်အောင် မ,မနိုင် ဘူး။ သူတို့နှစ်ယောက်ကို အားလုံးက ဝိုင်းနောက်ကြတာ တစ်ရက် ဇော်လင်းကို ဘယ်ကောင်တွေမြှောက်ပေးလိုက်သည်မသိဘူး ကျောင်းပြန်တော့ လေဒီဖတ်ကို လိုက်စကားပြောတယ်။

"ဟဲ့ ... ခင်မျိုးသန္တာရင်ပြူး"

လေဒီဖတ်က အသားပေါသလို နာမည်ကလည်းပေါတယ်။

"ဘာလဲ ..."

ဇော်လင်းလန့်သွားတယ်။ ဟိုက ပုံမှန်လေသံပါ။

"ငါ နင့်ကိုပြောစရာရှိလို့"

"ပြော ... မြန်မြန်ပြော ... ငါဗိုက်ဆာနေပြီ"

မိန်းကလေးဆိုတော့ နည်းနည်းမှုတာပေါ့။ ဇော်လင်းကလည်း သနား စဖွယ်အမူအရာနှင့် ...

"ငါလေ ... နင့်ကို မျက်စိထဲကကိုမထွက်ဘူး"

"ဘာ ..."

"တကယ်ပါ အခု ညညဆိုရင်"

ဇော်လင်းရှင်ထဲဆို့သွားတယ်။

"ဘာဖြစ်လဲ ညညဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မပျော်ဘူး"

"နင့်ဘာသာ အိပ်မပျော်တာ ငါနဲ့ဘာဆိုင်လဲ"

"နင်က ငါ့မျက်လုံးထဲကမှ မထွက်တာ"

"ဟင်"

ဟိုက ဘယ်လိုသဘောပေါက်သွားသည်မသိ။ ဇော်လင်းကို ဒေါသမျက်လုံးတွေနှင့်ကြည့်ပြီး ဂေါ်ဇီလာစိတ်ဆိုးလို့ မြို့ထဲဝင်လာတဲ့ ခြေလှမ်းတွေနဲ့ သူ့ရှေ့ကနေထွက်သွားတယ်။ သူ ခပ်ဝေးဝေးရောက်မှ ...

"အား နိုင်ပြီ နိုင်ပြီကွ"

ဇော်လင်းကြွေးကြော်ရင်းထအော်တယ်။ နောက်တစ်ရက် ရောက်တော့ အခန်းထဲကို အတန်းပိုင်ဆရာမဝင်လာပြီး ...

"ဇော်လင်း လာစမ်း"

ဇော်လင်း ရင်ထိတ်သွားတယ်။ အတန်းထဲကထွက်ပြီး ဆရာမအနားသွားတော့ ...

"မင်း မနေ့က ခင်မျိုးသန္တာရင်ပြုံးကို စော်ကားတဲ့စကားပြောတယ်ဆို"

"ဟား ... ဟား"

တစ်တန်းလုံး ရယ်သံတွေဆူသွားတယ်။

"ဖျန်းဖျန်း ... "

"ငြိမ်ငြိမ်နေကြစမ်း ... ငါမေးတာဖြေ ဟုတ်လား"

"မဟုတ်ပါဘူး ... "

"မဟုတ်ဘဲ တိုင်မလား ... နင်မညာနဲ့"

"ကျွန်တော် သူ့ကို ကျွန်တော့်ရောဂါအကြောင်းပြောတာပါ"

"ခင်မျိုးသန္တာရင်ပြုံး လာစမ်း ... "

တလိမ့်လိမ့်နှင့် ဆရာမအနားရောက်လာတယ်။

"သူ နင့်ကိုဘာတွေပြောလဲ"

"သူ အိပ်မရဘူးတဲ့"

"နောက်ရော ... "



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့မျက်လုံးထဲကမထွက်ဘူးတဲ့"

"ဟုတ်လား သူပြောတာ"

"ဟုတ်ကဲ့"

"ဆရာမ အဲဒါ သမီးကိုသူစော်ကားတာ သူ့မျက်လုံးသေးသေးလေးထဲ သမီးဘယ်လိုလုပ်ရောက်နေလဲ"

"ဟား ဟား ဟား "

"ဖျန်း ... ဖျန်း"

"ဘာဖြစ်နေကြတာလဲ"

ဆရာမက အတန်းသားတွေဘက်လှည့်ဟောက်ပြီး ...

"အတန်းသားအချင်းချင်း အဲဒီလို အပြုအမူတွေလုပ်တဲ့အတွက် ဇော်လင်းကိုအပြစ်ပေးရမယ်"

"ဖျန်း ဖျန်း ဖျန်း"

သူ့ထက်ရှည်တဲ့ကြိမ်လုံးနဲ့ စော်ခံလိုက်ရတာ ဇော်လင်း လောင်းကြေး အနိုင်ရလို့သောက်ထားတဲ့ လက်ဖက်ရည်တောင် အန်ထွက်မတတ်ပဲ။ အဲ့ဒီထဲက ပိုနစ်နာတာက နောက်ပိုင်းမှာ လေဒီဖတ်က သူ့ကို ဦးစားပေးဆက်ဆံတဲ့အဆင့် မှာ နံပါတ်တစ်ဖြစ်လာတော့တယ်။

သူ ဆရာမအရိုက်ခံရတာ စိတ်မကောင်းလို့ထင်ပါရဲ့။

"ဟဲ့ ဇော်လင်း ဘာတွေစဉ်းစားနေတာလဲ"

"ဘာမှ မစဉ်းစားပါဘူး"

"မသိပါဘူး လေဒီဖတ်ကိုများ သတိရနေတာလားလို့"

နေချို ဝတ်စုံလှလှကိုဝတ်ရင်း ပြောလိုက်တယ်။

"ဟယ် နေချိုက လှလိုက်တာ ... တကယ့်ဝိဉာဉ်မင်းသမီးလေး အတိုင်းပဲ"

"ဟုတ်ပါရဲ့"

သွယ်လျလျခန္ဓာကိုယ်က လေထဲလွင့်နေတဲ့ ဝတ်ရုံဖြူဖြူကြောင့် အဲ မျက်နှာဖုံးသာစွပ်မထားရင် တကယ့်နတ်သမီးအတိုင်းဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … အားလုံးပြီးရင်သွားကြမယ်"

ကိုကိုကပြောလိုက်ပြီး အိမ်ရှေ့ထွက်လာတော့ မေမေက လန့်သွားလို့ ရယ်ကြရသေးတယ်။

"သမီးတို့ ညည့်သိပ်မနက်စေနဲ့နော် — သား နေစိုး မင်းညီမလေးကို ရှုစိုက်"

"ဟုတ်ကဲ့ အန်တီ"

လမ်းတစ်လျှောက်လုံး ကိုယ်လိုသူလို သရဲမျက်နှာ သရဲဝတ်စုံတို့ဖြင့် တွေ့နေရတယ်။ တစ်ဦးနှင့်တစ်ဦး သိသိမသိသိနောက်ကြပြောင်ကြနှင့် အလွန်ပျော်ဖို့ကောင်းတယ်။ နှင်းမှုန်တို့ကလည်း ခပ်ပါးပါးလေးကျနေတယ်။ လမ်းဘေးတွေမှာလည်း လိုက်ကြည့်နေသည့်လူတွေက ပြည့်နေတယ်။

"ဟယ် … ဟိုမှာကြည့်စမ်း သရဲအစားအစာရပြီတဲ့"

"အေး … ဗိုက်ဆာနေတာနဲ့ အတော်ပဲဝင်စားမယ်"

"အေးကောင်းတယ် — ဘာတွေရောင်းတာလည်းမသိဘူး"

အားလုံးက စိတ်ဝင်စားပြီး ဆိုင်ထဲဝင်လာကြတယ်။ ဘူဖေးစနစ် သူတို့အဖွဲ့တစ်ဖွဲ့လုံးအတွက် ငွေအရင်ရှင်းပြီး ပန်းကန်တစ်ချပ်စီဆွဲကာ ခုံတန်းပေါ်တွင်ချထားသော အစားအသောက်များကို စိတ်ကြိုက်ထည့်ကြတယ်။

စားချင်စဖွယ် ဟင်းလျာများကို ဒီဇိုင်းထုတ်ထားတာပါ။ အရိုးခေါင်း အသားကင် အသည်းပုံငါးကင်စတာတွေနဲ့ ခပ်ဆန်းဆန်းမို့ စားနိုင်သလောက်ထည့်ပြီး စားပွဲခုံသို့ သွားထိုင်ကာ စားကြတယ်။ အရင်ရောက်နေသူတွေက ဆိုင်ထဲမှာပြည့်နေသည်။

"မဒူ အသည်းစားသရဲမ နှင်နေဦးမယ်"

"နင်ကျတော့ရော အရိုးခေါင်းကိုက်နေတယ် သေတောင်မသေသေးဘူး ဆော်လိုက်တာ"

"ဟယ် — သီတာသန့် နှင့်ပုံနဲ့ အူအခွေလိုက်စားနေတာ တကယ် ကြိုက်တယ်"

"နင်ကျတော့ရော လက်ချောင်းတွေကိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကြနောက်ကြနှင့် စားနေကြတာ ဖပိုးကိုနှင့်ရော။ ဘူဖေးမလား အသားကုန်ကြီးကြတာပေါ့။ ထိုအချိန်တွင် အစိမ်းပုပ်ရောင်ဝတ်ရုံနဲ့ သရဲဝကြီး ဆိုင်ထဲသို့ ဝင်လာတယ်။ ကောင်တာကလူက ထမကြိုဘူး။ အကြောင်းသိလို့ လားမသိဘူး။ ကောင်တာမှာ ပိုက်ဆံသွားရှင်းတော့ အောင့်သက်သက်နဲ့ ယူလိုက်သည်။ သရဲ ဝဝကြီးကတော့ ဘာမှဂရုမစိုက်။

"ဗန်းတွေရော"

"ဟိုမှာ"

သရဲဝဝကြီးက ဗန်းနှစ်ဗန်းယူပြီး အစားအသောက်တွေကို အားရပါး ရထည့်တယ်။ ပြီးတော့ နှစ်ဗန်းလုံးကို လက်တစ်ဖက်စီနဲ့ကိုင်ပြီး နေချိုတို့စား ပွဲဘေးက စားပွဲမှာ ထိုင်စားတော့တာပဲ။

ရာဘာမျက်နှာဖုံးတွေနဲ့မို့ ချွတ်ပြီးစားရန်မလို။ ဖော်လင်းက သရဲဝဝ ကြီးကိုကြည့်ပြီး အခြေအနေကို သဘောပေါက်တယ်ထင်တယ်၊ ကျောခိုင်းပြီး ထိုင်လိုက်တယ်။ ဟုတ်တယ်လေ။ ဒီဆိုက်က သူတို့မြို့လေးမှာ လေဒီဖတ် တစ်ယောက်ပဲ ရှိတာတဲ့ သူ့ဆိုဒ်ကလည်း သူတစ်ယောက်တည်းမို့ သူ ကြာကြာ မလုံခြုံပါဘူး။

"ဟင် ... ဖော်"

သရဲမဝဝကြီးက သူ့ကိုတွေ့သွားပြီး ရင်ခေါင်းသံနှင့်ရေရွတ်လိုက်တယ်။

"ဟော့ကောင် _ သိန်းဖော်လုပ်ဦး ... ငါကြောက်တယ်"

"မင်းကလည်းကွာ ... သရဲအချင်းချင်းပဲ"

"ကြင်နာပါတယ် _ ဖော်ကလည်း"

အားလုံး လေသံတိုးတိုးနှင့်နောက်နေကြ၏။

"ဖော် ... လာဦး"

အသံကအောင်လှသည်။

"သွားလိုက် _ တော်ကြာ နင့်ကို ကုပ်ချိုးသတ်နေဦးမယ်"

မဋ္ဌုက အတင်းကိုတွန်းတယ်။ အခြေအနေအရပ်ရပ်ကို ငဲ့ညှိပြီး ဖော်လင်း သရဲမဝဝကြီးစားပွဲမှာသွားထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ စား"

"ဟင်"

ဇော်လင်းလန့်သွားတယ်။ အသည်းကို သိတ်ခနဲထိုးပြီး ပါးစပ်ဝကို ထိုးပေးလိုက်တယ်။

"ရပါတယ် ... ကိုယ့်ဘာသာစားပါ"

"အင်း ... "

သူ့ကိုကြည့်လိုက် စားလိုက်နှင့် မသိလျှင် သရဲမဝဝကြီးက မှင်စာလေး ကို ရှေ့ထားပြီး အစာစားပြနေသည့်ပုံ။

"ဇော် ... မျက်လုံးထဲမှာရှိသေးလား"

"ဘာကိုလဲ"

"တို့လေ ... "

သွားပြီ။ ဇော်လင်း ဘာဖြေရမှန်းမသိတော့။ ဟိုတစ်ခါက အလောင်း အစားလုပ်ထားတာလို့ပြောရင်း ထသတ်မလားမသိဘူး။ မတတ်နိုင်ဘူး မီးစင် ကြည့်ကရမှာပဲ။

"ကျန်သေးတယ်"

"တို့လေ ... ဇော် အရိုက်ခံရတာ စိတ်မကောင်းဘူး"

အသံကန့်နေ ...

"ရပါတယ် ... "

"ဇော်က သတိမထားမိတာပါ ... တို့မျက်လုံးထဲမှာလည်း ဇော်ရှိနေပြီ ဒီမှာကြည့် ... "

မျက်နှာဖုံးကိုချွတ်ပြီး မျက်စိကိုအတင်းဖြဲပြတယ်။ ဒီမြင်ကွင်းကို တစ်ဘက်ပိုင်းက အားလုံးမြင်တော့ ဝိုင်းရယ်တာပေါ့။ လေသံကျယ်ရတဲ့အထဲ အမူအရာပါ ပါတော့ ရယ်သံကမစဲဘူး။ လေဒီဖတ်က ဒါတွေကိုလုံးဝဂရုမစိုက် ဘူး။ သူက အစားကြီးသလောက် အချစ်ကြီးတယ်လေ။

"ဇော့်ကိုလေ အရင်က သတိမထားမိခဲ့ဘူး ... ခုတော့ ဒီဘတ်ရှပ်ထဲ ကနေ ဘုန်း ... ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့"

သူ့ရင်ဘတ်ထုသံက စားသောက်ခန်းတစ်ခုလုံး ဟိန်းသွားတယ်။ ဖော်လင်း ကြာကြာဆက်မထိုင်ချင်တော့။ ကယ်တင်မယ့်သူကို တောင့်တနေလိုက်တယ်။

"ခင်မျိုးသန္တာရင်ပြူး"

"ရှင်"

အသက်ကြီးကြီး လူဝဝကြီးကခေါ်လိုက်တယ်။

"လာလိုက်ခဲ့ ... နင့်ကို အပြင်မထွက်နဲ့အသက်ကြီးတဲ့လူတွေ နင့်ကိုတွေ့ရင် သွေးလန့်မှာစိုးလို့လို့ပြောထားတယ်မလား"

"ဟုတ် ... "

"လာ ... ဟိုကလေးကို နင်ခေါ်လာတာလား"

"ဟုတ်ဘူး ... "

"ဒါဖြင့် လာ ... "

လေဒီဖတ် ထလိုက်သွားတယ်။ ပြန်ခါနီးတောင် သူ့ကိုမျက်လုံးပြူးပြူးလိုက်သေးတယ်။ ဖော်လင်းက သက်ပြင်းကို လေးတွဲစွာချမယ်ကြံသေးတယ်။

"ဟိုကလေးလာခဲ့"

"နင်တို့တော့နေဦး"

"ဟား ... ဟား ... ဟား"

အားလုံးလည်းစားပြီးကြလို့ အပြင်ကိုပြန်ထွက်လာတယ်။ တစ်လမ်းလုံး ပါးစပ်ကိုမပိရဘူး။ ရယ်လိုက်ရတာ တစ်နေရာရောက်တော့ ကြည်ပြာရောင်သရဲမတစ်ယောက်ကိုတွေ့ရတယ်။

"ဟိုသရဲမကိုကြည့်စမ်း ပျာပျာနဲ့"

"အပြာရောင်ဝတ်ထားတာပဲ ပြာပြာနဲ့နေမှာပေ့ါ"

"မဟုတ်ဘူးဟ ... ဘာကိုရှာနေတာလည်းမသိဘူး"

မျှုနှင့်သိတာသန့်တို့ တိုးတိုးလုပ်နေကြတယ်။ သိပ်မကြာပါဘူး အပြာရောင်သရဲမ သူတို့ကိုတွေ့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေစိုးပါလား ထွက်လာတာကြာပြီလား"

"ကြာပြီ ကြည်ပြာ"

"ငါတို့နဲ့လိုက်ခဲ့ပါလား ... အနောက်ပိုင်း ကျင်းပရေးကွင်းသွားမလို့"

"နေတော့ နောက်မှလိုက်ခဲ့မယ်"

"ပြီးရော နင်က မခွဲနိုင်မခွာရက်ဖြစ်နေတယ်"

နေချို့ကို မျက်စောင်းထိုးပြီးပြောတယ်။ နေချိုက မသိဟန်ဆောင်လိုက်တယ်။ ကြည်ပြာခင်တို့ ထွက်သွားပြီး မကြာခင် သူတို့အဖွဲ့လည်း အနောက်ဘက်ကွင်းလိုက်လာခဲ့တယ်။ ကွင်းတစ်ကွင်းလုံး သရဲရုပ်တွေရှုပ်နေပဲ။ ကွင်းအစပ်မှာ စင်မြင့်တစ်ခုရှိတယ်။ စင်မြင့်ပေါ်မှာ တေးသရုပ်ဖော်ကနေကြတယ်။ နေချိုတို့ ရှေ့ကိုတိုးပြီးကြည့်ရာ စင်အောက်ဘက် ညာဘက်ထောင့်နေရာကမှောင်နေသည်။ ထိုအမှောင်ထဲ ရုတ်တရက် အရိပ်တစ်ခုထွက်လာကာ နေချိုရှိရာကို လှမ်းကြည့်လိုက်၏။

"ဟင် ... "

နေချိုလန့်သွား၏။ ဝတ်ရုံအနက်ရှည် ဆံပင်ရှည်နှင့်မျက်နှာတစ်ခုလုံး မည်းနေတယ်။ အားလုံး သတိမထားမိဘူး။

"ကိုကို ဟိုမှာ"

"ဘာလဲ နေချို"

"ဟိုမှာလေ ... "

"ဩော် ... သရဲအရုပ်နဲ့လူကိုပြောတာလား"

"အရုပ်နဲ့လူမဟုတ်ဘူး။ တကယ့်သရဲအစစ်"

နေချိုအသံတုန်နေတယ်။

"မဟုတ်တာကွာ ... နေချိုကတော့ ရယ်စရာတွေပြောနေပြီ"

"မဟုတ်ဘူး ကိုကို ... နေချိုတကယ်ပြောတာ"

နေချို ကိုကို့လက်မောင်းကို အတင်းဖက်တွယ်ထားရင်းပြောတော့ ကိုကိုက ...

"လာ ကိုကိုတို့သွားကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း နေချိုကြောက်တယ်"

"လာပါ ... "

ကိုကိုက အတင်းခေါ်ပြီးသွားကြည့်ရာ သူတို့ကို ကျောပေးပြီးကွင်းပြင်ဘက်သွားသည်။ ကိုကိုနှင့်နောက်ကလိုက်ကြည့်ရင်း လူပြတ်သည့်နေရာသို့ ရောက်သွားရာ ...

"ကိုကို ပြန်ရအောင် ... နေချိုကြောက်လာပြီ"

"ဒါလူပဲနေမှာပါ"

"ဟာ ... "

"ဟင်"

ထိုဝတ်ရုံအနက် မျက်နှာမည်းကြီးမှာ သူတို့ရှေ့တွင်ပင်ပျောက်သွား၏။

"ကို ... ကို ... ပြန် ... မယ်"

"အင်း ... "

တုန်ရီစွာနှင့် ပြန်ပြေးလာကြ၏။

"ဟဲ့ ... နင်တို့နှစ်ယောက်တည်း ဘယ်သွားနေတာလဲ"

သီတာသန့်အမေးကို ချက်ချင်းမဖြေနိုင် အရမ်းမောလွန်းလို့ နေချို ရင်ဘတ်ကို လက်နဲ့ဖိထားရသည်။

"သ ... ရဲ ... တ ... ကယ် ... သ ... ရဲ ... တွေ့ ... လို့"

"မဖြစ်နိုင်တာ ... "

"ဟုတ် ... တယ်"

နေစိုးကပါပြော၍ အားလုံး ယုံသလိုလိုဖြစ်လာသည်။

"နေချို နင်သရဲမှန်းဘယ်လိုသိလဲ"

နေချို သိန်းဇော်မေးတာကိုမဖြေဘဲ နေစိုးကိုကြည့်ပြီး

"ကိုကို အိပ်မက်ထဲမှာ နေချို့ကို ပြန်ပို့နိုင်းတာ အဲဒီသရဲကြီး"

"ဟင် ... "

နေစိုး အံ့ဩသွားသည်။ နေချိုကပြောပြီး ရှိုက်ကာငင်ကာငိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်တွေဟာ တကယ်မဟုတ်ပေမယ့်
တကယ်ဖြစ်စေတဲ့ အိပ်မက်တွေကို
ရင်ဆိုင်ရတဲ့အခါ . . .
တကယ်ပဲပင်ပန်းပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## ကဝေလက်ရဲ့ ဝိညာဉ်ခေါ်သံ

နောက်ရက်တွေမှာ နေချိမလိုက်တော့ဘူး။ ဖေဖေနဲ့မေမေကတောင် အံ့ဩနေတယ်။ ကိုကိုက အမျိုးမျိုးခေါ်လည်း မလိုက်ဘူး။ အိမ်ထဲမှာအောင်းပြီး စန္ဒရားပဲတီးနေလိုက်တယ်။

ကြားရတဲ့သတင်းတွေကြောင့်လည်း စိတ်မကောင်းဖြစ်မိပေမယ့် ကိုကို့ကို အပြစ်မတင်မိပါဘူး။ နေ့လယ်ပိုင်းက မဉ္ဇူနဲ့သီတာသန့်ရောက်လာတယ်။

"နေချို ကြည်ပြာခင်ကတော့ အသားကုန်ပွဲကြမ်းနေတယ်၊ ကိုနေစိုးကို မရရအောင်စည်းရုံးပြီး သူတို့အဖွဲ့ထဲခေါ်တယ် _ ပြီးတော့ သူ ကိုနေစိုး အနားကကိုမခွာဘူး ...

နင်သာပါလာရင် အဲဒီလိုဖြစ်မှာမဟုတ်ဘူးဟာ _ ကြည်ပြာခင့်ကြည့်ရတာ နေစိုးကိုကပ်တာ တကယ်မေတ္တာရှိပုံမရဘဲ ပြိုင်ပွဲတစ်ခုကိုပြိုင်နေသလိုမျိုးပဲ"

"သူက ဘာဖြစ်နေတာလဲ"

"နင့်ကို မနာလိုဖြစ်နေတာ ... သူထက်သာတဲ့အချက်တွေ နင့်မှာ အများကြီးရှိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာတွေသာနေလို့လဲ _ သူ့လိုလည်း ဟိုနေရာပါ ဒီနေရာပါ လေလုပ်ပါဘူး"

မဉ္ဇူက သေချာစဉ်းစားကာ ...

"ဒီလိုဟာ နင်နဲ့ကြည်ပြာခင်က လှတာ တစ်ယောက်တစ်မျိုး မိဘတွေ ချမ်းသာတာလည်း ဘာမှမကွာဘူး _ အဲ _ ကိုနေစိုးနဲ့ပတ်သက်လာရင် သူ့ရှုံးတယ်လေ _ နင်တို့က ငယ်ငယ်တည်းက အတူတူနေလာကြတာ သံယောဇဉ်ကြီးတာပေါ့ ...

သူက အဲဒီသံယောဇဉ်ကို နှစ်နဲ့လိုက်စားချင်နေတာ _ ခက်တာက ယောကျ်ားတွေရဲ့စိတ်ပဲ _ အသစ်အဆန်းဆို မြည်းစမ်းချင်ကြတယ် ..."

နေချို့စိတ်ထဲ စိုးရိမ်စိတ်လေးဝင်လာတယ်။

"ကိုကိုက အဲဒီလိုလူစားမျိုး ဟုတ်မယ်မထင်ဘူး ... မဉ္ဇူရယ်"

"မဉ္ဇူကလည်း ဘာတွေပြောနေမှန်းမသိဘူး ... တော်ကြာ နေချို စိတ်မကောင်းဖြစ်နေဦးမယ်"

သီတာသန့်က မဉ္ဇူကို ဝင်ဟန့်လိုက်တယ်။ အဲဒီအချိန်ကစလို့ ကိုကို အပေါ် ထားတဲ့ သံယောဇဉ်လေးတွေ လျော့သွားတာ စိုးရိမ်လာတယ်။

အရွယ်တွေကလည်း တဖြည်းဖြည်းရလာတာမို့ ရင်ခုန်တတ်လာပြီလေ။ ကိုကိုဟာ အရာရာကို အရွယ်နဲ့မလိုက်အောင် ရင့်ကျက်တတ်တယ်။ ကိုကိုနဲ့ နေချိုတို့ရဲ့သံယောဇဉ်က အဖြူထည်သက်သက်ပါပဲ။

ပိညာဉ်ပွဲတော်ရဲ့နောက်ဆုံးည သန်းခေါင်ယံမှာ ဆုရတဲ့လူသုံးဦးကို ဘွဲ့ဦးပရေးကော်မတီက ကြေညာပါတယ်။ ဒါပေမယ့် နှစ်ယောက်သာ ဆုလက်ခံ ယူပြီး ကျန်တစ်ယောက်က လာမယူပါဘူး။ ဆုရသူတွေက သရဲမဝဝ ခင်မျိုးသန္တာရင်ပြုံးရယ် မှင်စာသရဲ ဖော်လင်းတို့က ဖူးစာစုံစွာရကြတယ်။

ဆုလာမယူတဲ့ သရဲကို ဘယ်သူမှမသိပေမယ့် နေချိုကသိပါတယ်။ ဘာကြောင့် သရဲအစစ်ဖြစ်နေလို့လေ။

ကျောင်းမှာ ဆုရတဲ့ ခင်မျိုးသန္တာရင်ပြုံးနဲ့ ဖော်လင်းတို့အကြောင်းဟာ ဒီပ်တန်းသတင်းအဖြစ် ရက်အတော်ကြာရေပန်းစားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မျိုးသန္တာရင်ပြူးက ဂုဏ်ယူပြီး ဖော်လင်းကခွင့်ယူတယ်။ ရှက်လို့တဲ့ ကျောင်းမှာဆိုလည်း သူ့ကိုမြင်ရင် ကျောင်းသားတွေက သရဲ သရဲဆိုပြီး ထွက်ပြေး ကြ အိမ်ကလူတွေဆိုလည်း ဒီလိုပဲ ဒါကြောင့် အခန်းထဲကတောင် အပြင်မထွက် ဘူး။ အရှင်းဆုံးပြောရရင် မှန်တောင်မကြည့်ဘူး။

ကိုယ့်ကိုယ်ကိုယ် ပြန်ကြောက်မိမှာစိုးလို့တဲ့။

ဖော်လင်း ကျောင်းမတက်တာကို အတန်းပိုင်ဆရာမကအစ နားလည် တယ် နားမလည်တာက သူ့ရဲ့လေဒီဖတ်ပဲ။ အိမ်ကို ကိုယ်တိုင်သတင်းလာမေး မယ်လုပ်တော့ ဖော်လင်းက မိသားစုအတွက် အနစ်နာခံပြီး ကျောင်းလာတော့ တယ်။

ဟုတ်တယ်လေ။ သူတို့အိမ်က ဝါးအိမ်လေး။ လေဒီဖတ်တက်လိုက်ရင် အိမ်ပြိုသွားမှာ။ အဲဒီအခါ သူတို့မိသားစု နေစရာပျောက်သွားမှာပေါ့။

နေချိုတို့အတန်းတင်စာမေးပွဲလည်း တဖြည်းဖြည်းနီးလာတယ်။ စာ ကျက်ကြ နားမလည်တဲ့စာတွေကို ဆရာမတွေကို လိုက်မေးကြနဲ့ တော်တော် ပင်ပန်းကြတယ်။

တချို့စာတွေဆို ကိုကိုကရှင်းပြပေးပေးမယ့် သူ့စာမေးပွဲလည်းရှိတော့ အားနာရတယ်။ စာမေးပွဲဖြေတော့ နေချိုတို့က စဖြေရတယ် ကိုကိုတို့က နောက် ဖြေရတယ်။

နွေရာသီကျောင်းပိတ်ရက်တွေမှာ သူငယ်ချင်းတွေနဲ့ နေချိုတို့မဆုံဖြ ဘူး။ ကိုကိုနဲ့နေချိုနှစ်ဦးသာ ဟိုသွား၊ဒီသွားလုပ်ကြတယ်။

နွေနေ့လယ်တစ်ရက်မှာ ဖိတ်စာတစ်စောင်ကိုင်ပြီး ကိုကို အိမ် ရောက်လာတယ်။

"နေချို ကြည်ပြာခင် မွေးနေ့လာဖိတ်တယ်"

"အဲဒါ နေချိုနဲ့ဘာဆိုင်လဲ _ ကိုကို့ဘာသာသွားပေါ့"

"မဟုတ်ဘူး နေချိုရဲ့ _ နေချိုတို့သူငယ်ချင်းတွေအားလုံးကိုလည်း ဖိတ်တာ ...ညနေခင်း သူငယ်ချင်းတွေချည်းပဲ ပျော်ပျော်ပါးပါး ပါတီလေး တစ်ခုလိုလုပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း နေချိုမလိုက်ချင်ဘူး"

"ကြည်ပြာခင်က နေချို့ကို ရအောင်ခေါ်ခဲ့ပါတဲ့"

နေချိုး စဉ်းစားတယ်။ သူမပါလည်း ကိုကိုကသွားမှာပဲ။ သူငယ်ချင်းတွေလည်း မတွေ့ရတာလည်းကြာပြီမို့ တွေ့ချင်တယ်လေ။

"ဘယ်နေ့လဲ ..."

"လာမယ့် တနင်္ဂနွေနေ့ ညနေ"

"ကောင်းပြီလေ ... နေချိုလိုက်ခဲ့မယ်"

နေချို ကြည်ပြာခင့်မွေးနေ့ပွဲသွားဖို့ အစစအရာရာပြင်ဆင်မှ ဖြစ်မယ်ထင်တယ်။

ကြည်ပြာခင်ကလည်း အလှဆုံးဖြစ်အောင်ပြင်မှာ အသေအချာပဲ။

ကိုကိုပြန်သွားပြီးတော့ ဗီရိုကိုဖွင့်ပြီး အဝတ်အစားရွေးတယ်။ တစ်ထည်မှစိတ်တိုင်းမကျဘူး။ အသစ်ဝယ်ဖို့ပဲ စိတ်ကူးလိုက်တယ်။ ဖေဖေပြန်လာတော့ အဝတ်အစားဝယ်ဖို့ ပူဆာလိုက်တယ်။

"သမီးမှာ အဝတ်အစားတွေ အများကြီးပဲ ဘာလို့ထပ်ဝယ်မှာလဲ"

"အသစ်မှ မရှိတာ"

"ဟိုတလောက ဝယ်သေးတယ်လေ"

"တနင်္ဂနွေနေ့ကျရင် သူငယ်ချင်းမွေးနေ့ရှိတယ်"

"အဖေကြီးရေ ဝယ်သာဝယ်ပေးလိုက် နောက်မို့ဆို စိတ်ကောက်လို့ဆုံးမှာမဟုတ်ဘူး"

"မင်းကြောင့်ခက်တာပဲ"

ဖေဖေက မေမေ့ကိုလှည့်မဲပြန်တယ်။ မေမေကလည်း ငြိမ်ခံတတ်သူမဟုတ် ပြန်ပြောတာပဲ။

"ကျွန်မတို့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ ...လိုအပ်တာအကုန်လုပ်ပေးရမှာပဲ ...ဒါလေးဝယ်ပေးလိုက်ရလို့ ရှင့်စည်းစိမ်ကုန်သွားမှာလား"

"ငါပြောတာ ငွေကုန်လို့မဟုတ်ဘူး ...စည်းကမ်းရှိဖို့ စည်းနဲ့ကမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ ...အခုတော့ မရှိတာလည်းမဟုတ် လိုတာလည်းမဟုတ် အပိုသက်သက်"

"ရှင်ဟာလေ ... မိန်းမတွေစိတ်ကိုနားမလည်ဘူး"

နေချို သူ့အခန်းထဲသို့ လစ်ထွက်လာတယ်။ ဖေဖေနှင့်မေမေတိုက်ပွဲက တဖြည်းဖြည်းကြမ်းလာတော့ သူမနေရဲတော့ဘူး။ ခဏနေတော့ အဘိုးရဲ့အသံကို ကြားရတော့ အဘိုးအပြင်က ပြန်လာပြီပဲလို့သိလိုက်ရတယ်။

"မင်းတို့ကလည်းကွာ ... မကြီးမငယ်နဲ့ ...တော်တော့ ဘယ်မှာလဲ ငါ့မြေး, မိဝါ ...သွားခေါ်စမ်း"

"ဟုတ်ကဲ့ ..."

"မင်းလည်းသတိထား ...ဒါ မင်းရုံးမဟုတ်ဘူး ...ဟိုလူဟောက် လိုက် ဒီလူဟောက်နဲ့ နောက်ငါဘာသံမှမကြားချင်ဘူး"

ဖေဖေက ဘာမှပြန်မပြောရဲဘူး ခေါင်းကြီးငုံ့ပြီးနေတယ်။ အဘိုးက ဖေဖေ့အဖေဆိုပေမယ့် မေမေ့ကို ချွေးမလို့သဘောမထား သမီးရင်းပမာချစ်တယ်။

"လာ ငါ့မြေး အဘိုးဘေးမှာထိုင်"

"ဟုတ် ..."

နေချို ကုပ်ကုပ်လေး အဘိုးဘေးကခုံမှာဝင်ထိုင်တယ်။

"ငါ့မြေးဘာလိုချင်လို့လဲ"

"ငါ့မြေးမှာ အသစ်မရှိလို့လား"

"ရှိတဲ့ဟာတွေမကြိုက်လို့"

"ဒါဆို အဘိုးဝယ်ပေးမယ်ဟုတ်လား"

"ဟေး ... ဒါမှ သမီးအဘိုး"

အဘိုးကို လက်နှစ်ဖက်နဲ့အတင်းဖက်ထားလိုက်တယ်။ ဖေဖေက ခေါင်းတခါခါနဲ့ ထပြီးထွက်သွားတယ်။ အဘိုးက သူ့ကိုသိပ်ချစ်တာ။

သူငယ်ငယ်တည်းက ပူဆာရင် အကုန်ဝယ်ပေးတာပဲ။ အဘိုးကိုယ်တိုင် ကားမောင်းလိုက်ပို့တယ်။ နေချိုကလည်း သူကြိုက်တာအကုန်ဝယ်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးက အပြုံးလုံးဝမပျက် နောက်ကပိုက်ဆံလိုက်ရှင်းတယ်။ ကားပေါ်ရောက်တော့ ...

"ငါ့မြေးက မြင်တတ်တယ် ... ငါ့မြေးဝယ်တာတွေ ငါ့မြေးနဲ့လိုက်မှာသေချာတယ်"

"တကယ်ပြောတာလား အဘိုး"

"တကယ်ပေါ့"

"ဒါကြောင့် အဘိုးကို သမီးကချစ်တာ"

"ဟုတ်ပါပြီဗျာ"

မြေးအဘိုးနှစ်ယောက် ပျော်ရွှင်စွာနဲ့အိမ်ကိုပြန်လာကြတယ်။ နေချိုဆိုးစားတယ်။

ကြည်ပြာခင့်ကို ဘာလက်ဆောင်ပေးရင်ကောင်းမလဲ။ ဟုတ်ပြီ။ စာဖတ်အသင်း ဆွေးနွေးပွဲတုန်းက ပြောဖူးတာရှိတယ်။ နာရီ ဒီဇိုင်းလှလှနဲ့ဆို။

မနက်ဖြန် နာရီစင်တာသွားဝယ်ပြီး လက်ဆောင်ပေးလိုက်မယ်။ ဒါဆိုဆန္ဒပြည့်ပြီပေါ့ ...

ညဦးပိုင်းမှာ အဘိုးနဲ့အတူ စန္ဒရားတီးကွက်တွေကို လေ့လာလိုက်တယ်။

"ငါ့မြေး အဘိုးအခုတီးပြမယ့် တီးကွက်ကိုသေချာမှတ်ထား။ ခံစားမှုအမြင့်ဆုံးရောက်ကို လိုသလို သံစဉ်နဲ့လုပ်ယူလို့ရတယ်"

"ဟုတ်ကဲ့"

အဘိုးစန္ဒားလက်ကွက်ကို စမ်းလိုက်တယ်။ ငြိမ့်ညောင်းသာယာစွာထွက်လာပြီး တဖြည်းဖြည်းတီးကွက်ကစိပ်လာကာ စန္ဒရားအသံက နှင်းပေါက်လေးတွေပမာ တပေါက်ပေါက်နှင့်ကျလာတယ်။

ထိုအချိန်တွင် ...

"အူ ..."

ခွေးတစ်ကောင် ဆွဲဆွဲငင်ငင် အူသံကိုကြားလိုက်ရာ ကြက်သီးမွေးညှင်း



www.burmeseclassic.com

www.burmeseclassic.com



ဖျန်း နေချိုထလာသည်။ အဘိုး စန္ဒရားတီးသံက ရပ်မသွား။ ပိုလို့ပင် အသံက မြင့်လာ၏။

"အူ ...အူ ...အူ"

ခွေးအူသံတွေက အိမ်နှင့်နီးသထက်နီးလာလေရာ နေချိုကြောက်စိတ်ကို ထိန်းလို့မရ။ အဘိုးက ငြိမ်ငြိမ်နေရန် မျက်ရိပ်ပြ၏။

"အဘိုး ..."

အိမ်အပြင်ဘက်တွင် အခိုးအငွေ့သဖွယ်ထွက်လာသည်။ အရိပ်များ များပြားလာသည်။ တစ်ချက် တစ်ချက် ငှက်ဆိုးထိုးသံက စန္ဒရားအသံထက် ပို၍ရှည်နေတယ်။

အဘိုးရဲ့တီးကွက်တွေက ကြောက်စရာကောင်းလာတယ်။ အလှူးတွေ အလိမ်းတွေက တစ်စုံတစ်ရာကို ထွေးပိုက်ထားသည့်ပုံပေါ်နေတယ်။

နေချို ကြောက်လွန်းလို့ ထပြေးရင်ကောင်းမလား စဉ်းစားတယ်။ ထလည်းမထရဲ။

ဝိညာဉ်တွေက ခြံထဲပြည့်တယ်။ နေချိုမကြည့်ဘဲလည်းမနေနိုင်။ ပြတင်းပေါက်ကနေကြည့်လိုက်တယ်။

"ဟင်"

ဟို ...တစ္ဆေကြီးပါလာတယ်။ ဒူးတွေက တဆတ်ဆတ်တုန်ကာ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီးထားပေမယ့် ဝတ်ရုံအနက်ဆံပင်ရှည်ရှည် မျက်လုံးက ရဲနေတဲ့ မျက်နှာမည်းကြီးကို ဖျောက်လို့မရဘူး။

"ဟင့် ...ဟင့်"

သူ ငိုရှိုက်လိုက်တယ်။ အဘိုးက ရိပ်မိတာပဲလား တီးကွက်ဆုံးခါနီးလို့လားမသိဘူး အသံက အချိုဒိကိုရောက်လာ၏။ ခွေးအူသံတွေကလည်း ဝေးသထက်ဝေးသွားသလို အခိုးအငွေ့တွေကလည်း ကြည်လင်လာ၏။

"ဟင့် ဟင့်"

"ငါ့မြေး ဘာလို့ငိုနေရတာလဲ"

"ဟို ...ဝိညာဉ်တွေ ...လာတယ်အဘိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ...ဟား ...ဟား ...ငါ့မြေးတီးကွက်ထဲရောနှစ်ဝင်သွားတာပါ အကောယ်မဟုတ်ပါဘူး ..."

"ဟင့်အင်း ...သမီးတကယ်တွေ့လိုက်ရတာ"

"ငါ့မြေးနဲ့တော့ ခက်ပြီ ...အဘိုးခုနတီးတဲ့ တီးကွက်က ဘာလဲ သိလား"

"မသိဘူး အဘိုး"

"ဝိညာဉ်ခေါ်သံဆိုတဲ့ တီးကွက်ပဲ"

"ရှင်"

နေချို လန့်သွားပြီး ခုံမှထကာ အခန်းထဲပြေးဝင်သွားသည်။ သူမျက်လုံးထဲမှာတော့ ဝတ်ရုံနက်ကြီးကို မြင်နေရဆဲပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## ပန်းပွင့်ငုံထားတဲ့ရွက်ဖက်

ကြည်ပြာခင်တို့ ခြကျယ်ကျယ်ထဲတွင် ရောင်စုံမီးပုံများကို လှပစွာ ထွန်းထားတယ်။ အလင်းရောင်က မှိန်ဖျော့ဖျော့ပါပဲ။ တခြားလူကြီးများကို မဖိတ်ထားဘဲ ရင်းနှီးတဲ့ သူငယ်ချင်းတွေပဲ ဖိတ်ထားတာမို့ စားပွဲခုံတွေမရှိပါ။

အစားအသောက်များတင်ထားသော ခုံနှင့်စတိတ်ရှိုးစင် အသေးစား လေးတစ်ခုလုပ်ထားတယ်။ စင်ပေါ်မှာ ကီးဘုတ်တစ်ခုတင်ထားပြီး ကီးဘုတ် ဆရာကိုငှားထားတာ။

"လာ နေစိုးနဲ့နေချို လူတွေတောင်အတော်စုံနေပြီ"

ကြည်ပြာခင်က နေချိုကို သေချာကြည့်တယ်။ မျက်နှာနည်းနည်းပျက် သွားတယ်။ နေချိုဝတ်လာတာက သူ့ထက်မသာရင်တောင် မညံ့ဘူးလေ။

"ဟယ် ... နေချို တယ်လှနေပါလား"

မဍ္ဍူတို့ပြေးလာပြီး ဝိုင်းနှုတ်ဆက်ကြတယ်။

"ဒါတောင် ရေမချိုးရသေးဘူး"

"နင်ကလည်း ညစ်ပတ်လိုက်တာ ကိုနေစိုးကမပြောဘူးလား"

"ဟင့်အင်း ... သူမှမသိတာ"



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာခင်မကြားဟန်ပြုပြီး စတိတ်စင်ဘက် ထွက်သွားတယ်။ မျှတို့ကလည်းသက်သက်ကိုပြောတာ ...

"ဟဲ့ ... သိန်းဇော် ဇော်လင်းတစ်ယောက်မတွေ့ပါလား"

"သူလေဒီဖတ်ဆီ သွားနေလို့နေမှာပေါ့"

"မဟုတ်ဘူးဟ ... နယ်ပြောင်းသွားပြီ ... နင်တို့စိတ်မကောင်းမှာစိုးလို့ လာနှုတ်မဆက်တာ"

"အေးလေ ... သူပါလာရင်ကောင်းမှာပဲ"

သူငယ်ချင်းတွေက ဇော်လင်းပါမလာလို့ စိတ်မကောင်းဖြစ်နေတယ်။ ကြည်ပြာခင့်မွေးနေ့ဆိုတာတောင် မေ့သွားတယ်။ ကြည်ပြာခင်ကလည်း တခြားသူငယ်ချင်းတွေနဲ့ ရယ်စရာပြောနေတယ်။

"ဟဲ့ နေစိုး ... နင်က ငါ့မွေးနေ့မှာ အစီအစဉ်ကြေညာသူလုပ်"

"ကောင်းပြီလေ ... "

"နင် အစီအစဉ်စာရွက်ရေးပြီးပြီလား"

"ပြီးပြီ ... ရော့"

နေစိုး စာရွက်ကို လှမ်းယူပြီးဖတ်လိုက်တယ်။ ပြီးတော့ စတိတ်စင်ပေါ်တက်သွားပြီး အစီအစဉ်ကြေညာလိုက်တယ်။

"အခု ရောက်လာတဲ့ ကြည်ပြာခင်သူငယ်ချင်းများခင်ဗျာ"

"ဗျာ ... "

ယောကျ်ားလေးအုပ်စုက ဝိုင်းပြီးနောက်တယ်။ နေစိုးက ဘာဆက်ပြောရမှန်းမသိ။ ကြည်ပြာခင်က အခြေအနေကို ဝင်ထိန်းတဲ့အနေနဲ့ လက်ညှိုးကိုနှုတ်ခမ်းပေါ်တင်ပြီး တိတ်တိတ်နေဆိုတဲ့သဘောနဲ့လုပ်ပြတယ်။

"အစီအစဉ် ပထမအနေနဲ့ စတိတ်ရှိုးပွဲလုပ်ပါ့မယ် ... ဒီက သူငယ်ချင်းတွေထဲက သီချင်းဆိုချင်သူတွေ ကိုယ်ဆိုမယ့်သီချင်းကို ကီးဘုတ်ဆရာကိုပြောပြီး ဆိုနိုင်ပါတယ်"

"ဖြောင်း ... ဖြောင်း"

ဘာမှလည်းမဆိုင်ဘူး။ လက်ခုပ်သံတွေ ထွက်လာတယ်။ ပိုပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



လှူတချို့ စင်ပေါ်တက်ပြီးဆိုကြတာ တစ်ယောက်ပြီးတစ်ယောက် နေချို့တို့အုပ်စုက အသံကျယ်တဲ့ သီတာသန့်ကိုမြှောက်ပေးတယ် ... သီတာသန့်က ငြင်းရှာတယ် ဆိုမယ်တဲ့။

သီတာသန့် စင်ပေါ်ရောက်တော့ ဖြစ်ပါ့မလားဆိုပြီး နေချို့စိုးရိမ်မိသေးတယ်။

"အခု မွေးနေ့ရှင် မကြည်ပြာခင်ရဲ့မွေးနေ့မှာ ကျွန်မတို့သူငယ်ချင်းအုပ်စုကိုဖိတ်တဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် ...

ဒါပေမယ့် ကျွန်မတို့အုပ်စုထဲကရောက်မလာနိုင်တဲ့ သူငယ်ချင်းအတွက် ဒီသီချင်းလေးကိုဆိုပါရစေ"

တကယ်ပါ ထင်မထားပါ။ သီချင်းတောင်မဆိုရသေးဘူး။ အပြောနဲ့တင်ဟုတ်နေသည်။ ကီးဘုတ်ဆရာက သီချင်းအင်ထရိုဝင်လိုက်တာနဲ့ ...

"ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေ ဆူညံသွားတယ်။ သီတာသန့်ဆိုတဲ့ သီချင်းက ဗဒင်ရဲ့ သိုးမဲတွေအကြောင်း သီချင်းအားလုံးငြိမ်သက်စွာနားထောင်နေကြတယ်။ နေချို့တို့အုပ်စုက တစ်ယောက်ပခုံးတစ်ယောက် ဖက်ထားပြီး မျက်ရည်တွေဝဲလာတယ်။

သီချင်းလည်းဆုံးရော သီတာသန့် စင်အောက်ပြေးဆင်းလာပြီး နေချို့ကိုဖက်ကာ ငိုတော့သည်။

"ဖော်လင်း ပါလာရင်အရမ်းကောင်းမှာပဲနော်"

"ကံကြမ္မာက ဒီလောက်ပဲ တို့ကိုဆုံခွင့်ပေးထားတာပဲလို့ သဘောထားလိုက်ပါ သီတာရယ်"

"ဟုတ်တယ် သီတာရယ် ... ငါတို့ တစ်နေ့ပြန်ဆုံနိုင်တာပဲ"

နေချို့နဲ့မဉ္ဇူက သီတာသန့်ကို နှစ်သိမ့်လိုက်သည်။ စင်ဖ'ါ်မှာတော့ တစ်ယောက်ပြီး တစ်ယောက်ဆိုတဲ့ သီချင်းသံတွေက ဆူညံနေတာပဲ ... ကြည်ပြာခင်က မကြည်တဲ့ပုံနဲ့ သူ့ကိုကြည့်တော့ စိတ်ဆတ်တဲ့မဉ္ဇူက ...

"လာ ငါတို့ပြန်မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



သီတာသန့်ကလည်း ပြန်ဖို့လုပ်တယ်။ သိန်းဇော်ကလည်း ပြန်မယ်ပေါ့။ နေချိုကတားပါသေးတယ်။ မရဘူး ပြန်သွားကြတယ်။ သူက ကိုကို့ကို စောင့်ရဦးမယ်လေ။ စင်ပေါ်မှာ အစီအစဉ်ကြေညာနေတဲ့ကိုကိုက ဘာမှမသိဘူး။

"ပထမ အစီအစဉ်ပြီးတဲ့အခါ မွေးနေ့ရှင် ကြည်ပြာခင်က မွေးနေ့ပွဲကြလာတဲ့ သူငယ်ချင်းတွေကို သီချင်းတချို့ဖျော်ဖြေပေးပါ့မယ်"

"ဖြောင်း ... ဖြောင်း"

ကြည်ပြာခင် စင်ပေါ်တက်လာပြီး သီချင်းစဆိုတယ်။ သူဆိုတဲ့ သီချင်းက ခင်မောင်တိုးရဲ့ ဝတ်မှုံသီချင်းတီးလုံးနဲ့ လိုက်ဖက်စွာကြည်ပြာခင် အသံငြိမ့်ငြိမ့်လေးထွက်လာတယ်။

အသံအတတ်အကျမှန်မှန်နှင့် ထွက်လာတဲ့ ကြည်ပြာ့ဆီကအသံကြောင့်မွေးနေ့လာတဲ့ သူငယ်ချင်းတွေ ငြိမ်သက်စွာအားပေးကြတယ်။ သီချင်းလည်းဆုံးရော ...

"ဖြောင်း ... ဖြောင်း"

လက်ခုပ်သံတွေညံသွားတယ်။ ကြည်ပြာခင်က စင်အောက်မဆင်းသေးဘဲ ...

"သူငယ်ချင်းအားလုံးကို ကျေးဇူးတင်ပါတယ်"

"ဟေး ... ဟေး"

"အခု ကျွန်မရဲ့အခင်ဆုံးသူငယ်ချင်းနဲ့ အချစ်ဆုံးသူငယ်ချင်းကို ကျွန်မရဲ့မွေးနေ့ပွဲမှာ သီချင်းတစ်ပုဒ်နဲ့ဖျော်ဖြေပေးဖို့တောင်းဆိုပါရစေ"

အားလုံးရဲ့စိတ်ထဲ ဇဝေဇဝါဖြစ်သွားတယ်။ ဘယ်သူလဲပေါ့ အသံတွေတိတ်သွားတယ်။

"နေချိုပဲ ဖြစ်ပါတယ်"

ကြည်ပြာခင်ရဲ့အသံကြောင့် နေချိုလန့်သွားတယ်။ ရင်လည်းထိတ်သွားတယ်။ သူက စန္ဒရားတီးရုံသက်သက် ပရိသတ်နဲ့ထိတွေ့ဖူးတာ မိုက်ကိုင်ပြီး တစ်ခါမှ မဆိုဖူးဘူး။

ကြည်ပြာခင်က အခု သူ့ကို ပညာပေးပြီ။ အားလုံးရဲ့ မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သွေးဆီရောက်လာတယ်။ ကြည်ပြာခင်ကလည်း စင်ပေါ်ကနေ လှမ်းခေါ်တယ်။ မထူးဘူးဆိုပြီး စင်ပေါ်ကိုတက်ပြီး မိုက်ကိုလှမ်းယူလိုက်တယ်။

ကိုကိုက စင်အောက်ကနေ အားပေးတဲ့အပြုံးတစ်ခုကို ပြုံးပြတယ်။ ဒူးတွေ လက်တွေ အနည်းငယ်တုန်နေတယ်။ မတတ်နိုင်ဘူး ဆိုရတော့မှာပဲဆိုပြီး အားကို တင်းလိုက်တယ်။

"ကျွန်မ မကြည်ပြာခင့်ကို ဒီလက်ဆောင်နဲ့အတူ ဖတ်ဆရာအလိုကျ ဆိုတဲ့သီချင်း လက်ဆောင်ပေးပါရစေ"

လက်ထဲကိုင်ထားတဲ့ နောက်ဆုံးပေါ်နာရီလေးထည့်ထားတဲ့ဘူးလေး ကို ကြည်ပြာခင့်ကိုပေးလိုက်တယ်။ ကြည်ပြာခင်က ပြုံးပြီးယူတယ်။ တီးလုံးက စပါပြီ ...

"ရင်ထဲမှာ အောင်တွေခတ်မထား xxx လွတ်လပ်ခြင်းတွေ ယူဆောင်သွား xxx သူများလိုရှုပ်နှောင်ထားဖို့တော့ xxx တို့ကချစ်သူလေး ကိုသနား"

နေချို့အသံသြသြက တစ်ကွက်ချင်းထွက်လာတယ်။ ရင်ထဲကခံစားမှု တွေကို ဂီတသမားပီပီနစ်ဝင်စီးမျောလိုက်တယ်။

"ရင်ထဲမှာ အဖြူရောင်လေးပါ xx ချစ်သူမင်းရယ်ယုံနိုင်မလား မင်းလေးကိုရင်မှာသိပ်ချစ်ဖို့တော့ xx မင်းလေးက ကိုယ်ကိုစိတ်မဝင်စား

ကိုယ်ကဒီအတိုင်းပဲထား xxx မင်းလိုချင်တာယူလိုက်ပါ ... ထိမ်ညာဟန်ဆောင်နေတာမဟုတ်ပါ xxxx ဒါဟာအရိုးသားဆုံးချစ်သူ ပါ ...

မရေရာလှ ဘဝလမ်းတွေများမှာ xxx အခုဆို ဘာမှမသိသူတစ်ယောက် xx အချိန်တွေကိုဖြတ်သန်းရင်းနဲ့ အသည်းကွဲရမယ့်နေ့ရက်တွေ ကို xxx မင်းနဲ့တို့ရဲ့ ...

နေချို ဆိုရင်း ဆိုရင်း ခံစားမှုက အမြင့်ဆုံးရောက်လာတယ်။ ရင်ထဲက ချိုသိပ်ပြီးချစ်ရတဲ့ ချစ်သူတစ်ယောက်ကို ပေးဆပ်မှုပြည့်ဝစွာ ရေးစပ်ထားတဲ့ သီချင်းလေးမို့ ကိုယ်နဲ့လည်းတိုက်ဆိုင်နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မူရင်းအဆိုတော် Air Supply က ဒီ Making Love သီချင်းကို ဘယ်လောက်ထိခံစားပြီးဆိုခဲ့လေသည်မသိ။ နေချိုက ဆိုနေရင်းပင် မျက်ရည်က ဝိုင်းလာသည်။

*သေရာပါမယ့်ကြင်နာခြင်းများ xxx စာနာကူညီနားလည်ဖို့ _ ဆုတောင်းရင်းနဲ့ _ နေ့သစ်များကိုရင်ဆိုင်မယ် xx ပြန်ဆုံချင်တယ်ချစ်သူ ရယ် xxx အချစ်ဆုံးရေ ...*

ကိုကို့မျက်နှာကို နေချိုလှမ်းကြည့်လိုက်တယ်။ သူ့ကို ဇီဝေစွာနဲ့ပြုံးပြီး ကြည့်နေတယ်။

*ငါတော့ မေ့လို့မရတော့ဘူး xxx အချစ်ဆုံးရေ xx ငါတော့မေ့လို့ မရတော့ဘူး ... ငါတော့မေ့လို့မရတော့ဘူး ...*

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

နားထောင်နေတဲ့ သူငယ်ချင်းတွေ အားပေးမှုက လျှံထွက်လာတယ်။ ကြည်ပြာခင်က နေချိုလက်ကိုဆွဲပြီး လာနှုတ်ဆက်သည်။

"ကွန်ဂရက်ကျူးလေးရှင်း နေချို ... ကိုယ် သိပ်ကျေးဇူးတင် တယ်"

"ဟုတ်ကဲ့"

နေချိုပြန်နှုတ်ဆက်ပြီး စင်အောက်ဆင်းလာတယ်။ အားလုံးလိုလိုက နေချိုကို ဝိုင်းချီးမွမ်းကြတယ်။

"အသံရော _ ခံစားမှုရောက သီချင်းစာသားတွေနဲ့သိပ်လိုက်တာပဲ နေချိုတစ်နေ့ အဆိုတော်ဖြစ်မှာကျိန်းသေးတယ်။

"ကျေးဇူးတင်ပါတယ် ... "

နေချိုကိုသိတဲ့ ကြည်ပြာခင့်သူငယ်ချင်းက အားပါးတရလာပြောတယ်။ မွေးနေ့ပွဲကတော့ ပျော်ပျော်ရွှင်ရွှင်နဲ့စားကြသောက်ကြနဲ့ ပျော်စရာဖြစ်လာတယ်။ အတန်ငယ်ညဉ့်နက်လာတော့ နေချိုခေါင်းထဲမူးလာတာနဲ့ ထိုင်ခုံတစ်လုံးပေါ်မှာ ခြေထောင့်လူရှင်းရာမှာ တစ်ယောက်တည်းသွားထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက တော်တော်နဲ့ပြန်ရမှာမဟုတ်သေးဘူး။ အားလုံးပြီးမှ ပြန်ရဖို့များတယ်။ နေချိစောင့်ရမှာပေါ့။

"ဟိတ် ... တစ်ယောက်တည်းလား"

နောက်ကျောဘက်ကထွက်လာတဲ့အသံကြောင့် နေချိလန့်သွားတယ်။ လှည့်ကြည့်လိုက်တော့ သူမမြင်ဘူးတဲ့ ကိုကိုတို့အရွယ် လူသုံးယောက် နေချိမွေးနေ့လုပ်တဲ့နေရာကို လှမ်းကြည့်လိုက်တော့ မြူးဇစ်တီးလုံးသံနဲ့ကနေကြတယ်။ သူနဲ့လည်း နည်းနည်းလှမ်းတယ်။

"လာပါ မင်းမှာအဖော်မရှိဘူးမလား"

"ဟို ... ဟို"

နေချိ ထရပ်လိုက်သည်။ သူတို့ကိုကြည့်ပြီး ကြောက်သွားတယ်။ အရက်လည်းမူးနေပုံရသည်။ သူတို့သုံးယောက် သူ့ကိုဝိုင်းထားပြီး တစ်ယောက်က ပခုံးနှစ်ဖက်ကို ရုတ်တရက်ကိုင်ပြီး ...

"မင်းက သိပ်ချစ်ဖို့ကောင်းတာပဲ ... လာ ဟိုဘက်နားသွားရအောင်"

"ရှင် ... ရှင် ... ဘာ ... လုပ် ... တာ ... လဲ ... ဖယ်"

"မင်းကလည်း ဒါလေးကိုများ ... "

နေချိကြောက်စိတ်က အထွတ်အထိပ်သို့ရောက်လာ၏။ လှမ်းအော်ရင်လည်း မွေးနေ့က လူတွေကြားပါ့မလား။ တီးလုံးသံက အကျယ်ကြီး။ ထိုအချိန်တွင် ...

"ဟေ့ကောင် လွှတ် ... "

"ဟင် ... "

နေချိ အရမ်းဝမ်းသာသွားသည်။ ကိုကို့အသံကိုကြားလိုက်ရပြီး သူ့ပခုံးကိုကိုင်ထားသောသူက ကိုကိုနှင့်မျက်နှာချင်းဆိုင်လိုက်တယ်။

"မင်းနဲ့ဘာဆိုင်လို့ဝင်ပါတာလဲ"

"ဆိုင်လို့ပေါ့ကွာ"

ဘေးကအဖော်နှစ်ယောက်ကတည်း ကိုကို့ကို မျက်နှာချင်းဆိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နေချို ကိုကို့အတွက် စိုးရိမ်သွားတယ်။

"မင်း ကိုယ့်အလုပ်ကိုယ်လုပ်ပါ ... ငါတို့ကိုမနှောင့်ယှက်နဲ့"

"မင်းတို့ မဟုတ်တာလုပ်လို့ငါပြောတာ"

"ဘာဖြစ်လဲကွာ ... မင်းနဲ့ဘာဆိုင်လဲ"

"ဒါ ငါ့ချစ်သူ ... "

နေချို့ရင် ဒိန်းခနဲခုန်သွားတယ်။ မျက်နှာလည်း နီရဲသွားတယ်။ အို ကိုကိုက ငါ့ကိုသူ့ချစ်သူဆိုပါလား။ ဟာ ဒါဆို ငါ့ကို ကိုကိုက အိုကြည်နူးတာလား ပျော်ရွှင်တာလားမသိ။ ရင်လှိုက်လှိုက်ပြီးတက်လာတယ်။ လူတစ်ကိုယ်လုံးလည်း လေထဲမြောက်သွားသလိုပဲ။

နေချို လှည့်ပြီး ခြံထဲကပြေးထွက်ခဲ့တယ်။ နေချို့ ဂါဝန်ဖြူဖြူလေးက လေထဲလွင့်နေတယ်။ လမ်းမီးတိုင်ရဲ့အလင်းအောက်က ပလက်ဖောင်းတလျှောက် ပြေးလာတယ်။

အို _ လှလိုက်တဲ့ည။ ကြည့်ဦး _ လမ်းလေးတွေကလည်းလှတာပဲ။ မီးတိုင်ကြီးလည်းလှတယ်။ နေချို့အတွက် ကမ္ဘာသစ်ထဲရောက်နေသလို။ ကိုကို ဘာလို့ အဲဒီလိုပြောရတာလဲ ဘာတဲ့ ...

ဒါ ... ငါ့ချစ်သူတဲ့

နေချို ပြေးရင်းနဲ့စဉ်းစား ပြုံးလိုက်တယ်။ ငါဟာ ကိုကို့ချစ်သူ ကိုကို့ရဲ့ အချစ်တွေကိုပိုင်တဲ့လူ။ ရုက်စိတ်ကတစ်ဖန်ဖြစ်လာတယ်။ ရင်တွေက ဒိန်းဒိန်း ခုန်လိုက်တာ ...

အိမ်ရောက်တဲ့အထိ ပြေးလာတာ မမောဘူး။ အိမ်ထဲရောက်လာတော့ သူပြန်အလာကိုစောင့်နေတဲ့ မေမေ့ကိုတွေ့တော့ အတင်းပြေးဖက်ပြီးရယ်လိုက် တယ်။

"အရူးမလေး ဘာဖြစ်လာမှန်းမသိဘူး"

"မေမေ ... "

"ဟေ"

"မေမေ့ကို ဖေဖေ ရည်းစားစကားပြောတော့ ဘယ်လိုနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေး ဘာတွေမေးမှန်းမသိဘူး"

မေမေရှက်သွားတယ်။ မေမေ့ကိုဖက်ပြီး အားရပါးရတစ်ချက်နမ်းပြီး အခန်းထဲကို ပြေးဝင်လိုက်တယ်။

အခန်းထဲက ကိုယ်လုံးပေါ်မှန်ရှေ့မှာ မတ်တတ်ရပ်ပြီး သူ့ကိုယ်သူ အားပါးတရကြည့်လိုက်တယ်။ ပြီးတော့ ...

အလှဆုံးပြုံးလိုက်တယ်။

ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ မျှော်လင့်မှုတွေပြည့်ဝခြင်းစတဲ့ ရသတွေပါတဲ့ အပျိုစင်လေးရဲ့ အလှပဆုံးအပြုံးတစ်ပွင့်ဟာ တိမ်တွေအချင်းမခက်တာကြောင့် ကောင်းကင်လှသလို လှတော့တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ရှုတွေ့ယာ ရှုတို့ရှင်မှာ ထင်ကြမ်တင်စီးလော့
စေသာခွဲဖုံးကြွတာသပဲ . . .
လောကခံကြောင့် စေရှောင်ပျောက်ထယ်ထင်ရပေမယ့်
ပန်းနုကြွထံနှင့်ရင်ခွန်းဆံ ကြွန်ချက်မိတွေ့အခါ
ရင်ဝသထံထမှာ . . .
စေပြန်သာထထံထယ် . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)
## ဝိညာဉ်တို့ ဓါးခုံရုံး

နေချိုနဲ့ကိုကို ချစ်သူတွေဘဝမှာ ဘာမှထူးခြားမှုမရှိပါဘူး။ အရင်လိုပါပဲ။ ခံစားမှုကတော့ ပိုလာတာပေ့ါ။ အောင်စာရင်းတွေထွက်တော့ နေချိုတို့အားလုံး အောင်ကြတယ်။

ကိုကိုတို့အောင်စာရင်းက နည်းနည်းနောက်ကျမှထွက်တယ်။ ကိုကို လည်းအောင်တာပဲ။ ဂုဏ်ထူးသုံးခုတောင်ပါတယ်။ ကြည့်ပြာခင်က နှစ်ခု ...

နေချိုကတော့ ကျောင်းကို ကိုကိုမပါဘဲသွားရတော့တယ်။ ကိုကို ပြည်နယ်တက္ကသိုလ်ကိုသွားပြီလေ။

ကိုကိုနဲ့ခွဲရတော့ နေချိုမနေတတ်တာ အမှန်ပါ။ ဘယ်သွားသွား ဘာလုပ်လုပ် စိတ်မပါဘဲ ငေးငေးငိုင်ငိုင်ဖြစ်နေတယ်။

စာဖတ်အသင်း အပတ်စဉ်ဆွေးနွေးပွဲလည်း တစ်ခါတရံမှသာ ရောက်တော့တယ်။ ဆွေးနွေးမယ့် ခေါင်းစဉ်လေးတွေတော့ နားစွင့်ထားတာပေ့ါ။

ကိုကို့ကိုလွမ်းလို့လားမသိဘူး ညဘက်ဆို စန္ဒယားပိုတီးဖြစ်တယ်။ အဘိုးကတော့ သူ့ဝိညာဉ်ခေါ်သံဆိုတဲ့ တီးကွက်ကို ရအောင်သင်ဖို့ပြောပေမယ့် နေချို ကြောက်လို့မသင်ဘူး။

www.burmeseclassic.com



နေချို မျက်လုံးထဲမှာလည်း ဝတ်ရုံနက်သရဲကြီးကို ညဘက်ဆို မြင်မြင်နေတယ်။ အရင်တစ်ခါကလို အိပ်မက်ဆိုးမက်မှာလည်းကြောက်နေမိတယ်။ တချို့ သရဲဆိုတာ အိပ်မက်ထဲမှာပဲ နှောင့်ယှက်တတ်တယ်လို့ အဘိုးပြောထားလို့ ညဘက်မှာ အိပ်ရမှာတောင်ကြောက်လာတယ်။

တစ်ခါတရံ ရှားရှားပါးပါးလာတတ်တဲ့ ကိုကို့ဖုန်းကိုလည်း ညဘက်ဆိုမျှော်နေမိတယ်။ တစ်ည ...

"ကလင် ... ကလင်"

ဖုန်းလာတဲ့အသံကြောင့် နေချို ဧည့်ခန်းထဲသို့ပြေးကာ ဖုန်းကို ကိုင်လိုက်သည်။

"ဟဲလို ... "

"နေချိုလား"

"ကိုကို"

နေချို အရမ်းဝမ်းသာသွားတယ်။ ကိုကိုဖုန်းဆက်တာလေ။

"နေချို နေမကောင်းဘူးလား"

"ကောင်းပါတယ် ကိုကို"

"နေချို အားမရှိသလိုပဲ ကျန်းမာရေးဂရုစိုက်လေ"

"ဟုတ်ကဲ့ ... "

"ကိုကို ဒီမှာအရမ်းပင်ပန်းတယ်ကွာ ... အပတ်စဉ်လက်တွေ့နဲ့ စာမေးပွဲတွေက နားရတယ်လို့မရှိဘူး"

"စားရေးသောက်ရေးရော ... "

"အဆင်ပြေပါတယ် ... အိပ်မှာလိုတော့ မဟုတ်ဘူး ... အဆောင်ဆိုတော့ အများစာပေါ့ နေချိုရယ် ... "

"နေချို့ကိုရော ကိုကိုသတိရရဲ့လား"

"ရတာပေါ့ ... ကြည်ပြာနဲ့တောင် နေချို့အကြောင်းခဏခဏပြော ဖြစ်တယ်"

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ နေချို"

"ကိုကိုနဲ့ မကြည်ပြာခင်က တစ်ကျောင်းတည်းလား"

"တစ်ကျောင်းတည်းတော့မဟုတ်ဘူး ... ဒါပေမယ့် ကိုကိုတို့မြို့က ကျောင်းလာတက်တဲ့လူဦးရေက ဒီမှာတအားနည်းတယ်လေ ... ဒီတော့ မြို့သူမြို့သားအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ကူညီရိုင်းပင်းကြတာလေ"

"ဪ ... "

"နေချို ကိုကို့ကို သတိရရဲ့လား"

"ရတာပေါ့ ကိုကိုရယ် ... "

"ကိုကိုလည်း နေချို့ကို သိပ်လွမ်းတာပဲ"

"ကျေးဇူးတင်ပါတယ် ကိုကို"

"ဒါပဲကွာ ကိုကိုစာကျက်ခန်းဝင်ရဦးမယ် ... နေချို ကိုကို့ကို ဘာပြောစရာရှိသေးလဲ"

"ကိုကို ... "

"ပြောလေ နေချို ... "

"နေချို ကိုကို့ကို အရမ်းချစ်တာပဲ ကိုကိုရယ်"

"အင်းပါ ... ဒါပဲနော်"

တစ်ဘက်က ကိုကို ဖုန်းချသွားပေမယ့် နေချို ဖုန်းကိုကိုင်ထားဆဲ။ မေမေက အိမ်နောက်ဘက်ကထွက်လာပြီး ဖုန်းကိုင်ရင်း မတ်တတ်ရပ်နေတဲ့ နေချို့ကို တွေ့သွားသောအခါ ...

"ဟဲ့ ... သမီး ဖုန်းခွက်ကိုင်ပြီး ဘာလုပ်နေတာလဲ"

"ဪ ... အင်း ... ဘာမှမလုပ်ပါဘူး"

ကပျာကယာ ဖုန်းခွက်ကိုပြန်တင်လိုက်တယ်။ နေချို့စိတ်ထဲမှာ ကိုကိုနဲ့ ပတ်သက်တဲ့ စိုးရိမ်စိတ်လေးတွေ ရင်မှာဖြစ်လာတယ်။

ကြည်ပြာခင် သူ့ကွယ်ရာမှာ ဘယ်လိုနေကြမလဲ။ ကြည်ပြာခင်ရဲ့ ဂရုစိုက်မှုအောက်မှာ ကိုကိုကျေနပ်နေမလား။ နေချို့အပေါ် မေ့နိုင်ပြီလား ...

တကယ်ပါ ကိုကို။ မချစ်တတ်ခင်ကရော ချစ်တတ်လာတော့ရော



www.burmeseclassic.com

www.burmeseclassic.com



နေချို့ရဲ့စိတ်အစဉ် တည်မှီရာက ကိုကိုပါ။ နေချိုတွေးရင်း အိပ်မပျော်ပါ။ အိပ်ရာပေါ် လူးလွန့်ရင်း ကိုယ့်ရင်ထဲက ဒဏ္ဍာရီကို ခံစားမှုတွေရေးမှတ်နေမိတယ်။

"အူ ... အူ"

ခွေးအူသံတွေက တဖြည်းဖြည်း နေချို့အနားကို နီးနီးလာတယ်။ နေချို တစ်ကိုယ်လုံးတောင့်တင်းနေတယ်။ အာခေါင်တွေလည်း ခြောက်ကပ်နေတယ်။

"လာ ... ထ ... လိုက်ခဲ့"

အသံပဲကြားရတယ် ... လူကိုမမြင်ရဘူး။

"ဘယ်သူလဲ ... ဘာလုပ်မလို့လဲ"

"လိုက်ခဲ့ဆိုလိုက်ခဲ့ ... "

အသံက ညို့ငင်ဆွဲခေါ်ယူနေသဖြင့် နေချိုထလိုက်သွားမိတယ်။ အိမ်အပြင်ရောက်တော့ ယခင်လာခေါ်တဲ့ သူတို့အရွယ်ကောင်လေးပဲ။

"လာ ... "

"ငါ ဘယ်လိုက်ရမှာလဲ"

"မမေးနဲ့ဟာ လိုက်ခဲ့ဆိုလိုက်ခဲ့"

ကောင်လေးက စိတ်တိုသံပါနေတယ်။ ထူးခြားတာက နေချို့တစ်ကိုယ်လုံး ပေါ့ရွှတ်ရွှတ်ကြီး မြေကြီးနဲ့ခြေထောက်လည်းမထိဘူး။ သူ ကောင်လေးနောက်ကနေ တောက်လျှောက်လိုက်လာသည်။

အရင်ရောက်ခဲ့တဲ့ လိုဏ်ဂူထဲပဲဝင်လာကြတယ်။ မှောင်မဲနေတဲ့ ဂူတစ်နေရာရောက်တော့ ကောင်လေးက ကျောက်တုံခါးကို တွန်းဖွင့်လိုက်တယ်။ အရင်ရောက်ခဲ့တဲ့ အခန်းမှာလို အလောင်းကောင်တွေ မတွေ့ရဘဲ ကျောက်ခုံအမြင့်တစ်ခုပဲရှိတယ်။ အခန်းကလည်း လင်းနေတယ်။ မွှေးရနံ့လိုလို အနံ့ကိုရတယ်။ မီးခိုးငွေ့လိုလို အခိုးအငွေ့တွေကလည်း အခန်းထဲမှာပြည့်နေသည်။ နေချို ကျောက်ခုံအမြင့်ရှေ့မှာ မတ်တတ်ရပ်လိုက်တယ်။

"ဒေါင် ... ဒေါင် ... ဒေါင်"

ခေါင်းလောင်းသံထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... "

နေချို လန့်ပြီး ရေရွတ်လိုက်တယ်။ ကြောက်တော့မကြောက်ဘူး။ အခန်းထဲကို မျက်နှာမည်းမည်း ဝတ်ရုံရှည်ကြီးဝတ်ထားတဲ့ တစ္ဆေကြီးနှင့်အတူ ကိုယ်လုံးဗလာ အရှက်လုံရုံ ဖုံးထားသော အချိုးမကျသော လူနှစ်ဦးပါလာ၏။ ဝတ်ရုံမည်းနှင့်လူကြီးက အမြင့်မှာတက်ထိုင်လိုက်သည်။

ထို့နောက် ...

"မင်းရောက်လာပြီလား"

စကားကို တစ်လုံးချင်းပြော၏။

"ဟုတ်ကဲ့ ... "

"မင်းကို ဝိညာဉ်တွေရဲ့နေရာကို ပြန်ခေါ်မယ်"

"ရှင်"

ထိုလူကြီး၏စကားကြောင့် နေချိုလန့်သွားသည်။

"မင်းကို လူ့လောကကို ဘာလို့လွှတ်လဲသိလား"

"မ ... သိ ... ပါ ... ဘူး"

"ဂီတ ... ပညာရပ်ကိုသင်ယူဖို့"

"ရှင် ... "

ဒီတစ်ခါတော့ အံ့ဩသွားရတာပါ။ ထိုဝတ်ရုံအနက်နှင့်လူကပဲ ဆက်ပြောသည်။

"ဒီ မရဏမြို့တော်ဟာ မင်းနေရာအစစ်ပဲ _ ဒါတွေကို မင်းမေ့နေပြီ ... မင်းအခုနေတဲ့နေရာက အစစ်မဟုတ်ဘူး အရိပ်တွေ"

" ... "

နေချို ပြန်ပြောဖို့လုပ်ပြီးမှ မပြောတော့ဘဲ နေလိုက်တယ်။

"မင်းသိအောင် ငါပြောရရင်တော့ ဘဝတွေဟာ အရိပ်ဖြစ်နေလို့ တစ်ခုပြီးတစ်ခု ပြောင်းနေကြတာ _ ဝိညာဉ်ကတော့ ပြောင်းလို့မရဘူး _ အလုပ်တွေလည်းများတယ် _ အချိန်တစ်ခုရောက်လာရင် ဝိညာဉ်တွေဟာ ကောင်းကင်နိုင်ငံကိုတူထောင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဝတ်ရုံနက်ကြီးပြောတာကို နေချိုတစ်ခုမှနားမလည်ပါ။ သူ့ကို ညို့စက်ကွင်းတစ်ခုထဲခေါ်ထားသလိုမျိုးဖြစ်နေ၍သာ ရပ်နေရတယ်။

"မင်း လူ့ဘဝမှာ ကြာကြာမနေရဘူး"

"ရှင် ... "

"ဟုတ်တယ် ... မကြာခင် မင်းကိုပြန်ခေါ်တော့မယ်"

ထိုဝတ်ရုံနက်နှင့်လူကြီးကို ထိတ်လန့်စွာကြည့်ပြီး ...

"မလာပါရစေနဲ့"

"မရဘူး လာကိုလာရမယ်"

အမိန့်ဆန်သည့်အသံဖြင့်ပြောသည်။

"မလာဘူး ... မလာဘူး ... မလာဘူး"

"မလာဘူး ... မလာဘူး ... မလာဘူး"

နေချို ကြုံးအော်လိုက်တယ်။

"ဟဲ့ သမီး ဘာတွေအော်နေတာလဲ"

"ဟင် ... "

မေမေက ခုတင်ဘေးကနေ အတင်းလှုပ်နှိုးပြီးမေးတယ်။

"မေ ... မေ"

"ဘာလဲ သမီး ... အိပ်မက် မက်ပြန်ပြီလား"

"ဟုတ်ကဲ့ ... "

"သမီး _ သိပ်အားနည်းနေတယ်နဲ့တူတယ် _ ဒေါက်တာဥာဏ်ဝင်းဆေးခန်းကို ပြမှဖြစ်မယ်"

နေချိုခေါင်းကို အသာအယာငြိမ့်ပြီး မေမေကပြောတော့ မေမေ့ကိုအားကိုးတကြီးပြန်ဖက်ထားလိုက်တယ်။ အိပ်မက်လား။ တကယ်ပဲလားတော့ နေချို ရေရေရာရာမစဉ်းစားတော့။

ရှိုက်ကြီးတငင်သာ ငိုချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)
## သေမင်းနိုင်တဲ့အဆောင်

နောက်တစ်ရက်မှာ နေချို့ဆီကို မဥ္ဇူနဲ့သီတာသန့် အိမ်ကိုရောက်လာ
တယ်။ နေချို့ကို သေချာကြည့်ပြီး မဥ္ဇူက ...

"နေချို နင်ပိန်သွားတယ် ... နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ကောင်းတယ်သာဆိုတယ် ... နင့်အသံက အားမရှိလိုက်တာ"

"နင်တို့ထင်လို့ပါ လာဟာ ခြံထဲသွားမယ်"

သူတို့ကို ခြံထဲခေါ်လာခဲ့တယ်။ နေချို့တို့ခြံက ကျယ်ကျယ်လေးမို့ သ
နဲ့အခြားပန်းမျိုးစုံ လှပစွာ စိုက်ထားလို့ ပန်းခြံလေးလိုဖြစ်နေတယ်။

ခုံဝိုင်းအပုလေးတွေလည်း လုပ်ထားတာမို့ စိတ်အေးလက်အေး
လွတ်လပ်စွာပြောလို့လည်းရတယ်လေ။

"နင်တို့အမေက စိတ်ကူးကောင်းတယ်နော်"

"ဟုတ်တယ်ဟ ခြံက ပန်းခြံအတိုင်းပဲနော်"

"အင်း ... "



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါစွာဖြေသော နေချို့ကို မဥ္စူက ...

"နေချို နင်ဘာဖြစ်နေတာလဲ _ ငါတို့ကိုပြော _ ငါတို့တတ်နိုင်တာ အကုန်လုပ်ပေးမယ် ... "

"ငါအိပ်မက် မက်တယ်ဟာ"

"ဘယ်လိုမက်တာလဲ"

"ဝိညာဉ်တွေနဲ့ ပတ်သက်တဲ့ အိပ်မက် _ ငါ့ကိုလာခေါ်နေတယ်"

သီတာသန့်က မယုံကြည့်သည့်ပုံဖြင့် ...

"မဖြစ်နိုင်ပါဘူး _ နင်စိတ်ထဲမထားနဲ့ အိပ်မက်ဆိုတာ မက်ချင်တာ မက်တာမလား"

"မဟုတ်ဘူးဟ _ ငါမက်တဲ့အိပ်မက် ပုံစံသိပ်မကွာဘူး။ ပြီးတော့ အပြင်မှာတကယ်ဖြစ်နေတဲ့အတိုင်းပဲ"

"အင်း _ ငါတို့ကိုပြောပြဟာ ဒါမှလုပ်သင့်လုပ်ထိုက်တာ လုပ်ကြရတာပေါ့"

နေချို သူတို့ကို ပြောသင့်မပြောသင့် စဉ်းစားလိုက်တယ်။ သူငယ်ချင်းဆိုတော့ ပြောရတာကောင်းမယ်ထင်တယ်။ ဒါမှ လွတ်လွတ်လပ်လပ် လုပ်သင့်တာလုပ်လို့ရတာပေါ့။ အဲဒါကြောင့် ...

အိပ်မက် မက်ခဲ့တဲ့ နှစ်ခါစလုံးကအကြောင်းကို ပြောပြလိုက်တော့ သူတို့နှစ်ယောက်လုံး အရမ်းအံ့ဩသွားတယ်။ သီတာသန့်က ...

"ဒါဆို သူတို့က နင့်ကို တကယ်လာခေါ်တာပေါ့"

"ဟုတ်မှာပေါ့ ... "

" နင်မကြောက်ဘူးလား"

နေချို ဘာမှမပြော။ အဝေးသို့သာငေးကြည့်နေတယ်။ မဥ္စူရော သီတာသန့်ပါ စိတ်မကောင်းကြဘူး။

"ဒီလိုလုပ်ဟာ ငါတို့ နိမိတ်ဖတ်ဆရာမကြီးဆီသွားမေးတယ်၊ ကာကွယ်ဖို့ရတာ ကာကွယ်နိုင်အောင်ပေါ့"

မဥ္စူက အကြံပေးတယ်။ နေချိုက အားလျော့တဲ့လေသံနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ထူးလာမှာမဟုတ်ပါဘူးဟယ်"

"ထူးတာ မထူးတာထား မသွားဘဲနေတာထက်စာရင် အကြိုညတ်လေးဘာလေးရတာပေါ့"

"ဟုတ်တယ်နေချို ... မဥ္ဇူပြောတာ ငါလည်းသဘောတူတယ် ... သူက စွမ်းတယ်လို့နာမည်ကြီးနေတာ"

"ငါ အရင်က ကိုကိုနဲ့တစ်ခေါက်ဖူးတယ်"

"ဒါက ကြာပြီပဲ ... ဒီလိုလုပ် ငါတို့ မနက်ဖြန်လာခေါ်မယ်၊ နင် အိမ်ကပဲစောင့်"

"အင်း ... "

နေချိုလည်း စိတ်ပါသွားတယ်။ အခုလို ကြောက်စိတ်တွေနဲ့ နေရတာထက်စာရင် ဖြေသိမ့်စရာတစ်ခုခုတော့ ဖြစ်လာနိုင်တာပေါ့။ ဒါကြောင့်လည်း မဥ္ဇူတို့ကို ခေါင်းညိတ်လိုက်တယ်။

နောက်နေ့မနက်စောစော မဥ္ဇူနဲ့သီတာသန့်လာခေါ်တာနဲ့ နေချို နိမိတ်ဖတ်ဆရာမကြီးဆီထွက်လာခဲ့တယ်။ လမ်းတစ်လျှောက်လုံး နေချိုစကားတစ်လုံးမှ မပြောဘဲ သီတာသန့်စက်ဘီးနောက်ကနေ တိတ်တိတ်လေးပါဘယ်။ မဥ္ဇူကတော့ ပြောလိုက်တဲ့စကား။ တစ်လမ်းလုံး ပါးစပ်ကိုမပိတ်ဘူး။

လမ်းတစ်နေရာရောက်တော့ လမ်းကိုဝါးလုံးနှင့်တားပြီး ပိတ်ထားတာကြောင့် စက်ဘီးကိုဆင်းတွန်းရတယ်။ ဝါးလုံးရဲ့ရှေ့မှာ ထောင်ထားတဲ့ဆိုင်းဘုတ်ကို သီတာသန့်က အော်ပြီးဖတ်တယ်။ လမ်းပြင်နေသည်။

"၁၀၀/- "

"ဟဲ့ ... သီတာသန့် ဟိုဆိုင်းဘုတ်ကိုဖတ်ကြည့်စမ်း"

"ဘာလဲ ... "

"ဟိုမှာလေ ... လမ်းပြင်နေသည် တစ်ရာကျပ်တဲ့"

"ဟုတ်တယ်ဟ ... ခစ် ခစ်"

မဥ္ဇူပြတဲ့ ဆိုင်းဘုတ်ကိုဖတ်ပြီး သီတာသန့်ကရယ်တယ်။ ထိုအချိန်မှာ မျက်မှန်ထူထူနှင့်ကောင်လေးတစ်ယောက် သူတို့နှင့်မျက်နှာချင်းဆိုင်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာတာကိုတွေ့လိုက်ရသည်။

"သီတာသန့် ဟိုမှန်ကြောင်က တို့အတန်းကမလား"

"အသာနေ ... ငါနှောက်လိုက်မယ်"

"အေး ... ကောင်းတယ်"

သီတာသန့်ကို မဥ္ဈူကမြှောက်ပေးတယ်။

"ဟဲ့ ... ခင်မောင်လေး ဒါ နင်တို့နေတဲ့လမ်းလား"

နှုတ်ဆက်သလိုလိုနဲ့မေးတဲ့ သီတာသန့်ကို ထိုမျက်မှန်နဲ့ကောင်လေးက သေချာကြည့်ပြီး ...

"ဩော် ... သီတာသန့်တို့ပါလား ... ဘယ်သွားမလို့လဲ"

"ကိစ္စရှိလို့ဟ ... ဒါနဲ့ လမ်းပြင်နေတာလား"

"ဟုတ်တယ်ဟ ... "

"အေးဟာ ... ငါတို့လမ်းလည်းပျက်နေတယ် ... အဲဒါ ပြင်ချင်တယ် နင်လည်းလမ်းပြင်လား ... "

ခင်မောင်လေးက သီတာသန့်ကို ကြောင်တောင်တောင်နဲ့ကြည့်ပြီး–

"အေး ... ငါလည်းပြင်ပါတယ်"

"ရော့တစ်ရာ မနက်ဖြန်လာပြင် ... ဆက်ဆက်တော့လာနော်"

သီတာသန့်က ပိုက်ဆံတစ်ရာ ခင်မောင်လေးကိုပေးပြီး စက်ဘီးကိုတွန်းကာ ထွက်ခဲ့ကြတော့သည်။ ခင်မောင်လေး သီတာသန့်ပေးတဲ့ ပိုက်ဆံတစ်ရာတန်ကို လက်ကကိုင်ကာ ကြောင်တောင်တောင်နဲ့ကြည့်ရင်း ကျန်ခဲ့တယ်။

"ဟဲ့ ... သီတာသန့် ... ဟိုမှန်ကြောင်သနားပါတယ် ... ပိုက်ဆံကိုင်ပြီးကျန်ခဲ့တယ် ... "

"ထားလိုက် ... မနက်ဖြန် တို့လမ်းလာမပြင်ရင် ဒင်းကိုတရားစွဲမယ်"

"ခစ် ... ခစ်"

မဥ္ဈူကရယ်တယ်။ နေချိုလည်း လိုက်ရယ်တယ်။ သူငယ်ချင်းတွေက နောက်နောက်ပြောင်ပြောင်တွေမို့ နေချိုပျော်လာတယ်။

အမှန်ဆို ဒီလမ်းလေးက သွားရင် ပိုနီးလို့သာလာခဲ့ရတာ တစ်လမ်းလုံး



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးတွန်းလာရင်း အိမ်တစ်အိမ်ရှေ့တွင် ချိတ်ထားသော ဆိုင်းဘုတ်ကြောင့် အံ့ဩသွားတယ်။ ဆိုင်းဘုတ်မှာ ရေးထားတာက ...

ဖု ပျ နေသည်။

တဲ့ အဲဒီဆိုင်းဘုတ်ကို မြင်ဖြစ်အောင်မြင်တာက မဒွ ...

"ဟဲ့ ... သီတာသန့် ... ဟိုဘက်အိမ်ရှေ့က ဆိုင်းဘုတ်ကိုဖတ်ကြည့်စမ်း"

"အေး ... ဘာတဲ့လဲ ဖု ပျ နေသည်တဲ့"

"အထူးအဆန်းပဲ ... ဘာဖုလည်းမသိဘူး ... ဝင်ကြည့်ရအောင်"

နေချိုလည်းဖတ်သည်။ ပထမတော့ သဘောမပေါက်ဘူး နောက်မှ စဉ်းစားမိပြီး ...

"လာပါဟာ ... နင်တို့ကလည်း အရာရာပါတယ် ... ဘာဖုမှပျတာ မဟုတ်ဘူး"

"နေချို နင်လည်း ဟိုမှန်ကြောင်လို ကြောင်သွားပြီ ... ဒီမှာ သေချာရေးထားတာမတွေ့ဘူးလား"

"မဟာအတွေးအခေါ်ပညာရှင်မကြီးနှစ်ယောက်ရေ ... အဲဒီ ဆိုင်းဘုတ်ကို ဘယ်ကောင်တွေ လက်ဆော့သွားလို့ အက္ခရာအချို့ပျက်နေတာ ... သေချာကြည့်ကြည့် ဖုပျနေသည်မဟုတ်ဘူး ... ဖုန်းပျက်နေသည်လို့ ရေးထားတာ"

"ဟုတ်လို့လား ... "

ဒါတောင် မယုံသေး။ နောက်မှ သေချာစဉ်းစားမိပြီး အားရပါးရရယ်ကြသည်။

"ခစ် ... ခစ် ... ခစ် ... "

"ရယ်မနေနဲ့ ဘာဖုမှန်းသိအောင် ဝင်ကြည့်ကြ ... သိပ်စပ်စုတဲ့ကောင်မတွေ"

နေချို ကောင်းကောင်းပြောလိုက်တယ်။ သူတို့ လမ်းဆက်လျှောက်ရင်း တစ်ဘက်လမ်းထိပ်က လမ်းနာမည်ကိုဖတ်လိုက်မှ ပိုအံ့ဩသွားသည်။

"ယောမင်းကြီးလမ်း"



www.burmeseclassic.com

www.burmeseclassic.com



မဥ္ဇူက ...

"တော်သေးတာပေါ့ _ ယောမင်းကြီးလမ်းမို့လို့ _ မြင်းထိန်းတော် လမ်းသာဆိုရင် _ သူတို့ရေးထားတဲ့ဆိုင်းဘုတ်တွေကို မြန်မာစာကို မြန်မာ ဘာသာပြန်နဲ့ မြန်မာတွေဖတ်ရမယ်"

"ခစ် ... ခစ် ... ခစ်"

နေချိုနဲ့ သူတို့နှစ်ယောက် ရယ်ကြမောကြနဲ့ လာကြတာ လာရင်းကိစ္စ တောင်မေ့သွားတယ်။ နိမိတ်ဖတ်ဆရာမကြီးအိမ်ရောက်တော့ သူတို့ရှေ့မှာ လူ နည်းနည်းရှိသေးတာမို့ စောင့်ရသေးတယ်။ သူတို့အလှည့်ရောက်တော့ ဆရာမကြီး ရှေ့တိုးပြီးထိုင်လိုက်တယ်။ ဆရာမကြီးက သူ့ကိုသေချာကြည့်ကာ

"မိန်းကလေး တစ်ယောက်တည်းမေးမှာလား"

"ဟုတ်ကဲ့"

"ဘေးက ဘယ်သူလဲ"

"ရှင်"

နေချို အံ့သြစွာရေရွတ်လိုက်တယ်။ သူ့ဘေးဘယ်ညာကိုကြည့်လိုက် တော့ ဘယ်သူကိုမှလည်း မတွေ့ဘူး။ မဥ္ဇူနဲ့ သီတာသန့်က သူ့အနောက်ဘက် ခပ်လှမ်းလှမ်းမှာ ...

နိမိတ်ဖတ်ဆရာမကြီးက နေချိုညာဘက်ဘေးကိုကြည့်ပြီး လက်နှစ်ဖက် ကိုမြှောက်ကာ ...

"လာ ... နင်လာခဲ့ နင်ဘာလုပ်ချင်လဲငါသိတယ် ... လာခဲ့"

အမိန့်ဆန်ဆန်စကားကိုပြောလိုက်သည်။ အိမ်လေးတစ်ခုလုံး တိတ်ဆိတ်နေတယ်။ နေချို ကြက်သိန်းတွေထလာပြီး လေအေးတစ်ချက် ရုတ်တရက်တိုက်သွားသည်။ နိမိတ်ဖတ်ဆရာမကြီး မျက်စိကို အသာအယာ မှိတ်ရင်း အသားတို့မှာ တဆတ်ဆတ်တုန်လာ။

"ဟင်း ... ဟင်း"

ညည်းသံကြီးထွက်ပေါ်လာကာ နိမိတ်ဖတ်ဆရာမကြီးမျက်လုံးများပါ ပြူးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... နင်အမြန်ဆုံးလာခဲ့ရမယ်"

နေချို ကြောက်လန့်ပြီး ရင်တွေ တဒိုင်းဒိုင်းခုန်လာသည်။

"နင် ... ပေးထားခဲ့တဲ့ ကတိကို နင်ဖျက်ဖို့လုပ်နေတယ်"

နိမိတ်ဖတ်ဆရာမကြီး လေသံက ပုံမှန်မဟုတ်။ အာခေါင်သံညှသြကြီး သူ့ကို လက်ညှိုးထိုးကာအပြစ်တင်၏။

"နင့်ဘဝကို နင်မေ့နေပြီလား"

"ဟို ... ကျွန်မ"

"တော် ... နင့်ကို နှစ်မစေ့သေးလို့မှတ်"

ပြင်းထန်သော ဒေါသသံက နေချို့ကို ပိုလို့ထိတ်လန့်လာကာ မျက်ရည်များပင် ဝိုင်းလာ၏။

"ဒုန်း ... "

"အ ... မ ... လေး"

ကြမ်းပြင်ကို ခြေဖြင့် ပြင်းထန်စွာစောင့်သံကြောင့် နေချို လန့်အော်လိုက်သည်။ နိမိတ်ဖတ်ဆရာမကြီးလည်း ကြမ်းပေါ်မှာ ပုံရက်သားလဲနေသည်ကို တွေ့ရ၏။ နေချိုတို့ ဘာလုပ်ရမှန်းမသိ။ ဆရာမကြီးကို ကူညီရန် အနားပင် မကပ်ရဲပေ။ အတန်ကြာလာမှ အနည်းငယ်လှုပ်လာ၏။

"ရေ ... ရေ ... ခပ် ... ပေး ... ပါ"

မညျက အခန်းထောင့်ရှိ ရေအိုးမှ ရေတစ်ခွက်ကိုပြေးခပ်ကာယူလာပြီး တိုက်လိုက်၏။

"အင်း ... "

နိမိတ်ဖတ်ဆရာမကြီး ဖြည်းဖြည်းချင်းထလာနိုင်၏။ နေချိုတို့လည်း ဘေးမှာနေ၍ အခြေအနေကိုစောင့်ကြည့်လိုက်သည်။ ပြန်၍ထိုင်နိုင်သောအခါမှ သက်ပြင်းချနိုင်၏။

"မိန်းကလေးကို ဝိညာဉ်တွေက အလိုရှိနေတယ် ... ဒါကြောင့်နဲ့ ဘယ်သွားသွား ဘေးကလိုက်ပါနေတာပဲ"

"ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ခုန မိန်းကလေးဘေးမှာ ဝိညာဉ်တစ်ခုပါလာတယ် မိန်းကလေးကမြင်ရမှာမဟုတ်ဘူး ... နေဦး အဘွားပစ္စည်းတစ်ခုပေးလိုက်မယ်"

နိမိတ်ဖတ်ဆရာမကြီးက စင်ဘက်လှည့်ပြီး တစ်စုံတစ်ရာရှာသည်။ ထို့နောက် နေချို့ဘက်ပြန်လှည့်ကာ လက်ထဲတွင်ပါလာသော ကြေးပြားအပိုင်းလေးကိုပေး၏။

"ရော့ ... မိန်းကလေး ... ဒီကြေးပြားလေးကို လည်မှာဆွဲထား ဝိညာဉ်တွေ မိန်းကလေးကိုနှောင့်ယှက်လို့မရတော့ဘူး"

"ဟုတ်ကဲ့ ... "

နေချို့ ရှိသေစွာလက်နှစ်ဖက်နှင့် လှမ်းယူလိုက်တယ်။ ကြေးပြားလေးရဲ့သက်တမ်းက ဘယ်လောက်ကြာပြီလဲမသိ။ ချေးများပင် တက်နေသည်။

"ကဲ ... သွားတော့"

"အဘွားကို ကျေးဇူးအရမ်းတင်ပါတယ်"

နေချို့ အရိုအသေပေးပြီး အိတ်ထဲကပိုက်ဆံထုတ်ကာ နိမိတ်ဖတ်ဆရာမကြီးကို ပေးလိုက်၏။

"မိန်းကလေးကို ဝိညာဉ်တွေအနှောင့်အယှက်မပေးပါစေနဲ့လို့ အဘွားဆုတောင်းပေးလိုက်တယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်အဘွား"

နေချို့တို့လည်း အဘွားအိုကိုနှုတ်ဆက်ပြီး ပြန်ခဲ့ကြတယ်။ လမ်းမှာ ချူက ...

"နေချို့ နင် ဆရာမကြီးပေးတဲ့ ကြေးပြားကိုသေချာဆောင်ထားနော်"

"အေးပါ ... "

"အေးပါမလုပ်နဲ့ ... လည်ပင်းမှာတစ်ခါတည်း ကြိုးတစ်ခုနဲ့ဆွဲထား"

သီတာသန့်က မဆွဲမှာစိုး၍ သတိပေးတယ်။ နေချို့ကိုယ်တိုင်လည်း ကြေးပြားလေးကိုကြည့်ပြီး ကြည်နူးမိတယ်။ ညစ်ထွေးနေတဲ့ စိတ်တွေလည်း ကြည်လင်သွားသလို ခံစားမိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)
## ရေမှာရေးမယ့်အရုပ်

နေချို စိတ်လက်ပေါ့ပါးစွာဖြင့် အရင်လိုလန်းဆန်းတက်ကြွလာသည်

ကိုကိုကလည်း တစ်ပတ်တစ်ကြိမ်တော့ သူ့ဆီဖုန်းဆက်တယ်။ အခုတစ်ခေါ

ကိုကိုပြန်လာလျှင် နေချို ကိုကို့ကို ပြောစရာတွေအများကြီးရှိတယ်။

ကိုကို့ကို နေချိုပြောလိုက်ရင် ဝမ်းသာမှာအမှန်ပဲ။ နေချိုကတော့

တကယ်ပျော်တယ်လေ။ ခုဆို ကိုကိုက နောက်ဆုံးနှစ်ကျောင်းသားကြီး မကြာမ

ဘွဲ့ရတော့မည်။

နေချိုက စာမေးပွဲနှင့်ကံမလိုက် ဆယ်တန်းဖြေတိုင်း တဘုန်းဘုန်း

ကျ ငယ်ငယ်ကစာတော်သလောက် ဆယ်တန်းကျမှ အောင်ကိုမအောင်။

နှစ်နှစ်လောက် ဆက်တိုက်ကျတော့ ဘယ်လိုမှစိတ်ဓာတ်ကိုမြှင့်တ

လို့မရတော့။ ဆက်မဖြေတော့ဘူး။ သူ့နည်းတူ မချူနဲ့သီတာသန့်လည်းမအော

သိန်းဇော်တစ်ယောက်ကတော့ အရှင်းပဲ။

တစ်နှစ်ကျပြီးတည်းက သူ့မိဘပွဲရုံအလုပ်ထဲဝင်လုပ်တာ။ ခုဆို စီး

ရေးသမားတစ်ယောက်တောင်ဖြစ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သီတာသန့် ကြည့်ပြာခင့်မွေးနေ့တုန်းကဆိုတဲ့ သီချင်းသံကိုဘယ်လိုလုပ် ဇော်လင်းကြားသွားလည်းမသိ နေချိုတို့ ဒုတိယနှစ်ဆယ်တန်းစာမေးပွဲဖြေတော့ ရောက်လာပြီး သီတာသန့်ရဲ့အသံကို တစ်သက်လုံးနားထောင်ဖို့ခေါ်သွားတယ်။

သီတာသန့်မိဘတွေက ပိုက်ဆံရှိတော့ သဘောမတူဘူး။ ဒါပေမယ့် တစ်နှစ်လောက်လည်းကြာရော ဇော်လင်းရဲ့အစွမ်းကိုသိပြီး အိမ်ပေါ်ခေါ်တင်လိုက်ရတယ်။

ခုဆို သီတာသန့်ကလေးနှစ်ယောက်ဖြစ်နေပြီလေ။ သူတို့နှစ်ယောက် ဇာတ်လမ်းမှာအသည်းကွဲသွားတာက ခင်မျိုးသန္တာရင်ပြုံးခေါ် ဇော်လင်းရဲ့ လေဒီဖတ်ပဲ။

သူက လူကောင်ကြီးသလောက် ဒေါသလည်းကြီးတယ်။ သီတာသန့်ကို ကိုယ်နဲ့ဖိသတ်မယ်။ ဇော်လင်းကို ကားတင်ပြေးမယ်လုပ်နေတာ။

ကံကောင်းလို့ ကားတံခါးပေါက်က သူ့ခန္ဓာကိုယ်နဲ့မဆန့်တာကိုတွေးမိပြီး အဲဒီအကြံအစည်ကို စိတ်လျှော့လိုက်တာ။ ဇော်လင်းက ကြောက်လို့တဲ့။ သီတာသန့်နဲ့နှစ်ယောက် အိမ်ထဲကနေအပြင်ကို ထွက်ကိုမထွက်ဘူး။

ခင်မျိုးသန္တာရင်ပြုံးဘက်ကကြည့်ရင်လည်း ရင်နာစရာပါ။ သူ့ကို ပထမဆုံးရင်ခုန်အောင် ရည်းစားစကားပြောခဲ့သူ သရဲဘွဲ့ကိုအတူတူရခဲ့သူ အဲဒီလို အမှတ်တရရှိသူက သူများရင်ခွင်ရောက်သွားသောအခါ ...

သူလည်း ကြေကွဲရရှာတာပေါ့ ...

မဥ္ဇူနဲ့ဇော်ထိုက်ကတော့ အရင်အတိုင်းပဲ။ ဘာမှမပြောင်းလဲဘူး။ နေချိုတို့သူငယ်ချင်းတွေ တစ်ခါတလေ သီတာသန့်တို့အိမ်မှာ ဆုံဖြစ်ကြပါတယ်။

အဲဒီအခါမျိုးမှာ မဥ္ဇူနဲ့ဇော်ထိုက်ကို ဝိုင်းစကြပေမယ့် သူတို့နှစ်ယောက်လုံးရဲ့ရင်ဘတ်ထဲက အဖြူရောင်ကတော့ မစွန်းထင်ခဲ့ဘူး။

"ဟဲ့ နေချို ... နင်ကသာ ငါတို့ကိုစနေတာ နင်ရောဘယ်လိုလဲ"

"အင်း ... ကိုကိုပြန်လာမှ"

"ဇော်လင်းနော် ... "



www.burmeseclassic.com

www.burmeseclassic.com



သူကိုစသော ဇော်လင်းကို နေချိုပြောလိုက်၏။ ပြီးတော့ ...

"ဖေဖေ့ရုံးမှာ ဟိုတစ်နေ့က ကိုကို့အဖေက စကားစတယ်တဲ့၊ သူကလည်း လူငယ်သဘောပဲလို့ပြန်ပြောခဲ့တယ် ... သမီးသဘောက ဘယ်လိုလဲတဲ့ ... ငါ့ကိုမေးတယ်"

"ဘာလဲ နင်ကငြင်းလိုက်တယ်မလား"

"အင်းလေ ... အခုလားလို့"

"ဟား ... ဟား ... ဟား"

သူငယ်ချင်းတွေက ဝိုင်းရယ်ကြတယ်။ နေချိုမရှက်ပါဘူး။

"ရယ်မနေနဲ့ ငါအကောင်းပြောတာ"

"ဟယ် ... နေချို နင့်ဖေဖေကို အဲဒီလိုပြောတာလား"

သီတာသန့်က ကလေးကိုချီရင်း သူ့ကိုမေးတယ်။

"ဘယ်ကလာ ငါအဲဒီလိုပြောမလဲ ... အင်း ... အဲ ... နဲ့ နည်းနည်းမူတာပေါ့၊ ဒါနဲ့ပဲဖေဖေက ဟုတ်ပါတယ် ... ငါ့သမီးကငယ်သေးတာပဲ ... အိမ်ထောင်ရေးဆိုတာ နားလည်မှာမဟုတ်ဘူးလို့ပြောတယ်"

"ဒါဆို နင်ကြွေပြီပေါ့"

"ဘယ်ရမလဲ နေချိုပဲ ... ကိုကိုပြန်လာမှတိုင်ပင်ပြီး မင်္ဂလာဆောင်ဖို့လုပ်တာပေါ့လို့ပြောတော့ ဖေဖေကငါ့ကိုခေါင်းတညိတ်ညိတ်နဲ့ကြည့်ပြီး ငါ့သမီးကတော့ သူ့အမေအတိုင်းပဲလို့ပြောတယ်"

"နင့်အမေက ဘာဖြစ်လို့လဲ ... နင့်အဖေကိုနိုးလို့လား"

"အဲဒါတော့ ငါမသိဘူး ... သူတို့ကိစ္စပဲ ... ငါ့အဖေက ငါ့အမေ ရိတာဟာ ဘာလုပ်လုပ် ငါက ကိုကို့ကိုတိုင်ပင်တယ်ပေါ့ဟာ၊ ငါ့အမေက သူ့ မတိုင်ပင်ဘူး ... အဲဒါကိုပြောတာ"

"သဘောပေါက်ပြီ ... အဲဒါနဲ့ ဘာဆက်ဖြစ်လဲ"

"သူတို့နှစ်ယောက်ရန်ဖြစ်တာပေါ့ ... ငါလည်း အခန်းထဲဝင်နေလိုက် တော့တယ်"

"နင့်အဖေနဲ့အမေက ရယ်ရတယ်နော် ... သမီးမင်္ဂလာကိစ္စပြော



www.burmeseclassic.com

www.burmeseclassic.com



တောင်ရန်ဖြစ်ကြတယ်"

မညွှန့်က နေချို့ကိုပြောတော့ ...

"ငါ ... ကိုကိုနဲ့အိမ်ထောင်ကျရင် ရန်မဖြစ်ဘူး ... ကိုကိုမကြိုက်တာလည်း ငါဘာမှမလုပ်ဘူး ... ကိုကိုပြောတဲ့အတိုင်းလည်းနေမယ်"

"နင် ကိုနေစိုးကို အရမ်းချစ်တာပဲနော်"

"ချစ်တာပေါ့ မညွှန့်ရယ် ... ငါ ငယ်ငယ်တည်းက သူ့ကိုတွယ်တာခဲ့သံယောဇဉ်ကြီးခဲ့သလို အရွယ်ရောက်လာတော့လည်း သူ့ကိုပဲချစ်ခဲ့တာ ... "

လေးနက်စွာပြောတဲ့ နေချို့စကားကို အားလုံးက နားထောင်ကြတယ်။ သူတို့လည်း သိတာပဲ။ နေချို ကိုကို့ကို အရမ်းချစ်တယ်ဆိုတာ။

"ဒါနဲ့ နေချို နင့်ကြေးပြားလေးရှိသေးရဲ့လား"

နေချို့လည်ပင်းတွင် အကျီနှင့်ဖုံးနေသဖြင့် ကြေးပြားဆွဲသည့်ကြိုးကိုမြင်၍ မညွှန့်ကမေးခြင်းဖြစ်သည်။

"ဒီမှာလေ ရှိပါတယ်"

"နင်အမြဲဆွဲထားပါနေချိုရယ် တော်ကြာ ... "

"တော်တော့ မညွှန့် ... ငါ အဲဒီအကြောင်းတွေမတွေးချင်ဘူး"

"ဟုတ်သားပဲ မညွှန့်ကလည်း ... ဘာတွေပြောမှန်းမသိဘူး"

သီတာသန့်က မညွှန့်ကို ဝင်ဟန့်၏။ နေ့လယ်ရောက်တော့ ဖော်ထိုက်က အလုပ်ကိစ္စရှိသေးလို့ဆိုပြီး ပြန်သွားတယ်။ မညွှန့်နဲ့နေချိုက ညနေစောင်းမှ စက်ဘီးနဲ့ပြန်လာတယ်။

စက်ဘီးစီးလာရင်း လမ်းသွယ်လေးတစ်ခုရှေ့ဖြတ်တော့ ...

"နေချို ဒီလမ်းကိုမှတ်မိလား"

မညွှန့်ပြတဲ့လမ်းသွယ်လေးကိုကြည့်လိုက်တယ်။

"ဟင့်အင်း ... မမှတ်မိဘူး"

"ယောမင်းကြီးလမ်းလေ ... သုခမိန်တွေချည်းနေတာ"

"ဪ ... အေး ... ဖုပြတဲ့လမ်းပဲ"

"ခစ် ... ခစ် ... ခစ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရယ်သံကြောင့် ဘေးကဖြတ်သွားတဲ့ ကောင်လေးတွေက နောက်သွားကြသည်။ နေချိုတို့ကတော့ ဂရုမစိုက်ပါဘူး။ စက်ဘီးကိုဆက်နင်းလာကြသည်။

မဒ္ဒူက နေချိုကို အိမ်အထိလိုက်ပို့ပြီးမှ သူပြန်သွားတယ်။ သူငယ်ချင်းတွေအားလုံးက နေချိုကို သိပ်ချစ်ကြတယ်။ ဘာပဲလုပ်လုပ် ဦးစားပေးတယ်။

နေချိုကလည်း သူတို့ကိုချစ်တာပါပဲ။ အရင်လို အမြဲတမ်းအတူတူသွားကြလာကြတဲ့ အခွင့်အရေးမရှိတော့ပေမယ့် စိမ်းမသွားကြပါဘူး။

မဒ္ဒူကတော့ ဖက်ရှင်ဒီဇိုင်းသင်တန်းတက်ပြီး ဒီဇိုင်းဆိုင်ဖွင့်ထားတယ်။ သီတာသန့်ကလည်း ကလေးတစ်ဖက်နဲ့မအား။ ဇော်လင်းနဲ့ဇော်ထိုက်တို့က စီးပွားရေးသမားတွေဖြစ်နေကြပြီ။

နေချိုတစ်ယောက်တည်းသာ ဘာအလုပ်မှမရှိ၊ စန္ဒယားတီး အပင်လေးတွေစိုက်။

တစ်ခါတရံ အဘိုးခေါ်တဲ့ ညည်းခံပွဲသွားပြီး စန္ဒယားတီးသည်။

ဒီလိုနဲ့ပဲ အချိန်တွေကုန်လာခဲ့တယ်လေ။

တစ်နေ့ ညနေခင်း နေချိုခြံထဲက ပိတောက်ပင်ခြေရင်းနားတွင် စံပယ်ပင်တစ်ပင်ကို ပျိုးနေခိုက်တွင် ...

"ဟိတ် ... ကောင်မလေး"

"အမလေး ... "

နေချိုလန့်သွားတယ်။ လှည့်ကြည့်လိုက်တော့ ကိုကိုဖြစ်နေတယ်။

"ဟင် ... ကိုကို ဘယ်တုန်းကပြန်ရောက်တာလဲ"

"ခုပဲ နေချို"

"ဘာလို့ ဖုန်းမဆက်တာလဲ နေချိုလာကြိုမှာပေါ့"

"နေချို အံ့ဩသွားအောင် ... နေချိုနေကောင်းရဲ့လား"

"ကောင်းပါတယ် ကိုကို ... "

ကိုကိုက တယုတယနှင့် နေချိုလက်ကလေးကိုကိုင်လိုက်၏။

"ကိုကို နေချိုကို အရမ်းလွမ်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို အောက်ကိုငုံ့ထားလိုက်ပြီး နေချို ဘာမှပြန်မပြောဘဲနေလိုက်တယ်။ ကိုကိုက နေချို့ကို အသာအယာဆွဲပြီး သူ့ရင်ခွင်ထဲ ထည့်ကာဖက်ထားလိုက်တယ်။

"နေချို ... ကိုကိုတို့လက်ထပ်ရအောင်နော် ... ကိုကို နေချို့ကိုမခွဲနိုင်တော့ဘူး"

ကိုကိုက လေးနက်စွာပြောတဲ့စကားကို နေချို ကိုကို့ရင်ခွင်ထဲကနေကြားတော့ ကျေနပ်ပီတိတွေနဲ့ပေါ့။ ကိုကိုက ကိုယ်ကိုအသာခွာပြီး မျက်နှာချင်းဆိုင်ကာ ...

"ကိုကိုမေးတာဖြေလေ"

"ဘာကိုလဲ ... "

"ကိုကိုတို့ လက်ထပ်ရအောင်လို့"

"ကိုကို့သဘောပါပဲ"

ခါးကနေ သူ့ကိုဆွဲမြှောက်လိုက်ကာ ...

"ဒါမှ ကိုကိုရဲ့နေချိုကွ ... "

"မလုပ်နဲ့ကိုကို နေချိုပြုတ်ကျဦးမယ်"

"ကိုကို့အသည်းကို ပြုတ်ကျအောင်လုပ်မလား ချစ်လို့ပါ"

"ဟုတ်ပါတယ် နေချိုပြောစရာရှိလို့"

အဲဒီခါမှ အောက်ကိုပြန်ချပြီး ...

"ဘာပြောမလို့လဲ ... "

"ဒီမှာကြည့် ... ဒီစံပယ်ပင်လေးက ကိုကို့အခန်းကကြည့်လည်းမြင်ရတယ် ... နေချို့အခန်းကကြည့်လည်းမြင်ရတယ် ... ဒီစံပယ်ပင်လေးပွင့်လို့ မွှေးရင်လည်း နှစ်ယောက်လုံးမွှေးတာပေါ့ ...

ပြီးတော့ ကိုကိုပြန်လာတာနဲ့ ဒီအပင်လေးစိုက်တာနဲ့အတော်ပဲ ကိုကို့နဲ့ နေချိုတို့အမှတ်တရပေါ့ ... "

ကိုကိုက စံပယ်ပင်လေးဘေးနားမှာ နေချို့နဲ့အတူထိုင်လိုက်ရင်း—

"စံပယ်ပင်လေးရေ မင်းသခင်မကတော့ မင်းကို တယုတယနဲ့ထား



www.burmeseclassic.com

www.burmeseclassic.com



တာနော် ... အပွင့်ပွင့်ရင် မွှေးအောင်လုပ်"

"အို ... ကိုကိုကလည်း ကိုကိုပြောတာကို သူမှ နားမလည်ဘဲ"

"နားလည်ပါတယ် ... ကြည့်ခေါင်းညိတ်နေပြီ"

"ခစ် ... ခစ်"

ကိုကိုက စံပယ်ပင်လေးရဲ့ကိုင်းကို ခေါင်းညိတ်သလိုလုပ်ပြတာကို ကြည့်ပြီး နေချိုရယ်လိုက်တယ်။

"ကဲ ... ကိုကိုပြန်ဦးမယ်"

"ဟုတ်ကဲ့ ... "

ခြံဝထိ နေချိုလိုက်ပို့လိုက်တယ်။ ညဘက်ရောက်တော့ နေချိုစနူရာ ကို ကိုကိုကြားအောင်တီးပြလိုက်တယ်။ ကိုကိုက ဝရံတာထွက်ပြီး လက်ပြရင်း နားထောင်တယ်။

သီချင်းဆုံးတော့ အိပ်တော့ဆိုတဲ့သဘောနဲ့ လက်ကိုလုပ်ပြလိုက်တော့ နေချိုလည်း အိပ်ရာထဲဝင်ပြီး ကြည်နူးစွာအိပ်ပျော်သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)
## ကံကြမ္မာဆိုးနဲ့အဖြူရောင်သတို့သမီး

အိမ်မှာ လူကြီးတွေအလုပ်ရှုပ်နေကြတယ်။ ကိုကို့နဲ့နေချယ်တို့ရဲ့ မင်္ဂလာပွဲကို အခမ်းနားဆုံး အကြီးကျယ်ဆုံးဖြစ်ဖို့အတွက် နေချယ်မိဘတွေရော ကိုကို့မိဘတွေပါ စီစဉ်ကြတယ်။

မင်္ဂလာဆောင်မယ့်ခန်းမက မြို့ပြင်ခပ်လှမ်းလှမ်းက ဆယ့်ကိုးရာစု ဗိသုကာလက်ရာနဲ့ဆောက်ထားတဲ့ ဒီမြို့ရဲ့ တော်ဝင်မြို့တော်ခန်းမတစ်ခုဖြစ်သည်။

မင်္ဂလာဆောင်အတွက် အကောင်းဆုံး ဒီဇိုင်းဝတ်စုံကို မဥ္ဇူကာတာဝန်ယူချုပ်ပေးသည်။ အခမ်းအနားအပြင်အဆင် အကျွေးအမွေးအတွက် အားလုံးကို ဇော်လင်းနှင့် ဇော်ထိုက်တို့က တာဝန်ယူပြင်ဆင်ပေး၏။ တီးဝိုင်းကတော့ ဒီမြို့ရဲ့ နာမည်ကြီးဆုံး မိုးပျံငှက်ဆိုတဲ့ တီးဝိုင်းကိုငှားထား၏။ နေချယ်နှင့် ကိုကို့တို့လည်း ဖိတ်စာဖိတ်ရ ဟိုသွားရဒီသွားရနှင့် နားရတယ်မရှိပေ။

"နေချယ် ပင်ပန်းနေပြီလား"

"ဟင့်အင်း မပင်ပန်းပါဘူး"

www.burmeseclassic.com



"တစ်နေကုန်သွားလာနေရတာ ကိုကို့အသည်းလေး ပင်ပန်းမှာစိုးလို့"

"ရပါတယ် ... ကိုကိုနဲ့အတူသွားနေရင် နေချိုမပင်ပန်းပါဘူး ... နေချိုလေ ကိုကို့ကိုသိပ်ချစ်တာ"

"ကိုကိုလည်းနေချို့ကိုသိပ်ချစ်ပါတယ်"

ကောင်းကင်ကလမင်းပင် အားကျသည်ထင်၏။ သူတို့နှစ်ယောက်ကြည်ပြုံးပြတယ်။ ကြယ်တွေချင်းမတည့်လို့ ခွပ်တာခြင်းမျိုး ဒီညမှာမဖြစ်ခဲ့ပါ။ နေချိုတို့စိုက်ခဲ့တဲ့ စံပယ်ပင်လေးကလည်း ကိုကို့စကားနားထောင်သည်ထင်၏။ အစွမ်းကုန်ကို မွှေးတော့တာပဲ။

မင်္ဂလာဆောင်မည့်နေ့ ရောက်လာတော့ သတို့သားမိသားစု စောစီးစွာခန်းမလို့သွားနေရသည်။ သတို့သမီးက နောက်မှလိုက်လာကာ ပရိသတ်နှင့်အတူ သတို့သားကကြိုရသည်။

"ဟယ်နေချို ... ဒီဝတ်စုံဖြူလေးနဲ့ နင်သိပ်လှတာပဲ"

"နင်တော်လို့ပေါ့ မဥ္ဆူရယ်"

"မဥ္ဆူတော်တာထက် နေချိုကပိုလှလို့ပေါ့"

သီတာသန့်ကဝင်ပြောတယ်။ နေချိုတို့ သူငယ်ချင်းတွေ စုံစုံညီညီပါ နေချို့ကိုစကြနောက်ကြနှင့် အရမ်းပျော်စရာကောင်းလှ၏။

"နေချို နင် ငါတို့ကိုခဲဖိုးကောင်းကောင်းပေးရမယ်နော်"

"အေးပါဟ ဖော်လင်းရ"

"မပေးလို့ကတော့ နင်ငါ့အကြောင်းသိတယ်နော် ... လေဒီဖတ်နင်တို့အခန်းထဲထည့်သိပ်ထားလိုက်မယ် ... ငါက လေဒီဖတ်ကိုအပိုင်ပဲ"

"သိုးမဲ ဘာဖြစ်နေလဲ"

"ဟဲ ... ဟဲ နောက်တာပါ လေဒီဖတ်(စ်)ရယ်"

သီတာသန့်ကိုတော့ ဖော်လင်းက အသေလန့်တယ်။ သီတာသန့်မထင်လျှင် မထင်သလိုလုပ်တတ်၏။ သူ့ယောက်ျားကိုခေါ်တာလည်း လူ... ဖက်စွာ သိုးမဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားလှတဲ့ ဂါဝန်ဖြူလေးပေါ်တွင် အနီရောင်စံပယ်ပွင့်လေးများကို ခပ်ကျဲကျဲထိုးထား၏။ ဇာလက်အိတ်၊ ဖဲပြားအဖြူကို ခေါင်းမှာထိုးကာ မျက်နှာချပဝါဖြူဖြူပါးပါးလေးဖြင့် လွန်စွာလှပနေသော နေချို့ကို သူငယ်ချင်းများက ကြည့်မဝနိုင်ဖြစ်ကြ၏။

"ဟဲ့ ... ဇော်ထိုက် ခန်းမကိစ္စအကုန်ပြီးပြီလား"

"ပြီးပါပြီ မဇ္ဈူရယ် ... ငါတို့သူငယ်ချင်းကို အရင်ဆုံးကြည့်ရအောင် ပြေးလာတာ"

"ဒါဖြင့်လည်း ပြီးရော"

"နှင် ဒီဇိုင်းထုတ်တာ သိပ်တော်တာပဲ ... ငါမင်္ဂလာဆောင်ရင် နှင့်ကိုငှားမယ်"

"ဒါများဇော်ထိုက်ရာ လွယ်လွယ်လေး ... သူ့ယူလိုက်ရင်ပိုမကောင်းဘူးလား"

"ဟဲ့ ဇော်လင်း ခွေးကောင်"

မဇ္ဈူရက်သွားတယ်။ သူတို့နှစ်ယောက်ကို အမြဲအားလုံးကစနေကြပဲလေ။ အရင်ကတော့ ဘာမှမဖြစ်။ နောက်ပိုင်းမှာ မဇ္ဈူရက်လာသည်။

"နေချို့လည်ပင်းမှာ ပုလဲလည်ဆွဲဆွဲဖို့ကျန်သေးတယ်"

"ဒါဆို ဒီကြေးပြားဆွဲကြိုးလေးက ... "

"ခဏချွတ်ထားလိုက် ရပါတယ်"

နေချို့ ကြေးပြားဆွဲကြိုးလေးကို ချွတ်လိုက်တယ်။

"ပေး ... ငါယူထားလိုက်မယ်"

မဇ္ဈူက ယူပြီးသူ့အိတ်ထဲထည့်ထားလိုက်၏။ နေချို့လည်ပင်းတွင် ပုလဲဆွဲကြိုးများကို ထုံးရစ်ချင်းဆွဲထားပြီး လည်ပင်းအောက်ဘက်တွင် ကျောက်ဆွဲကြိုးကိုဆွဲလိုက်၏။

"အခုမှ ငါ့သူငယ်ချင်းက ပိုလှသွားတယ်"

"ခန်းမရောက်ရင် အဝသာစား"

ထိုအချိန်တွင် နေချို့မေမေ အခန်းဝရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် _ ငါ့သမီးလေးကလှလိုက်တာ _ တကယ့်နတ်သမီးလေး အတိုင်းပဲ"

"မချူလက်ရာပေါ့ မေမေရဲ့"

"ကျေးဇူးတင်ပါတယ် သမီးရယ်"

"ရပါတယ် ကိုယ့်အချစ်ဆုံးသူငယ်ချင်းပဲ"

"သမီးတို့ပြီးရင်လည်း သွားမယ် အချိန်နီးနေပြီ"

"ဟုတ်ကဲ့ အန်တီ"

နေချို သူငယ်ချင်းတွေနှင့်အတူ အခန်းထဲကထွက်လာရာ ဧည့်ခန်းက စောင့်နေတဲ့ ဖေဖေနဲ့အဘိုးက ချီးကျူးလို့မဆုံးဘူး။

"ငါ့သမီး အရမ်းလှတယ်ကွာ ဖေဖေနဲ့တူလို့ကွ"

"ရှင်နော် ... "

"ဟီး ဟီး ... "

အားလုံးက ပြုံးစိစိဖြစ်သွား၏။

"သတို့သမီးလေးစီးမယ့်ကားကို အဘိုးကိုယ်တိုင်မောင်းမယ်"

"ရပါတယ် အဖေ ... ကျွန်တော်မောင်းမယ်"

"မင်းက သတို့သမီးအဖေဆိုတော့ မသင့်တော်ပါဘူး _ မမောင်းနဲ့ ငါပဲမောင်းမယ်"

"ဒရိုင်ဘာ ... "

"တော် ... ငါ့ဘာသာမောင်းပါ့မယ်ဆို ဘာဖြစ်နေလဲ"

အဘိုးနှင့်ဖေဖေက ကားလုမောင်းဖို့လုပ်နေတယ် နေချိုတို့က အိမ်ပေါက်ဝရပ်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေ၏။

"ရှင်ကလည်းတစ်မျိုး ... လာ ... သမီးသွား ကားပေါ်တက် _ အဘိုးမောင်းလိမ့်မယ် ... ရှင်က ကျွန်မနဲ့နောက်ကားစီး ... "

မေမေဝင်ပြောမှ ကိစ္စကရှင်းတော့တယ်။ နေချိုက ကားနောက်ခန်းမှာ တစ်ယောက်တည်းထိုင်ပြီး အဘိုးကရှေ့ကမောင်းတယ်။ ဖေဖေနှင့်မေမောင်းက နောက်တစ်စီး။ မချူတို့အုပ်စုကတစ်စီး အိမ်ကထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်ရောက်တော့ ကုန်းဆင်းကုန်းတက်များလာ၏။ နေချို ကား နောက်ခန်းကလိုက်လာရင်း နှာခေါင်းထဲ၌ ပုပ်အက်အက်အနံ့ရလာရာ ...

"အဘိုး ပုပ်စော်နံ့လား"

"ဟေ ... "

အဘိုးက နှာခေါင်းဖြင့်ပြင်းပြင်းရှူကြည့်၏။

"မနံပါဘူး ငါ့မြေးရဲ့"

"သမီးနံတယ် ... "

"စိတ်ထင်လို့နေမှာပါ"

နေချို စိတ်ထဲမသိုးမသန့်ဖြစ်လာ၏။ ဘိမိဘေးတွင် တစ်စုံတစ်ယောက် က လာထိုင်နေသလို ခံစားရသဖြင့် ဘေးဘက်သို့ လှည့်ကြည့်လိုက်ရာ ...

"အမလေး"

"မြေး ဘာဖြစ်တာလဲ"

အဘိုးက ကားနောက်ခန်းဘက်လှည့်မေးလိုက်ရာ ကုန်းအဆင်းမို့ သက်ကိုင်ကို မထိန်းနိုင်ဘဲ လမ်းဘေးက ကျောက်နံရံကိုဝင်တိုက်လိုက်တော့ သည်။

"ဒိုင်း ... "

ကားလေးမှာ အရှိန်အလွန်ပြင်းသောကြောင့် တစ်စီးလုံးကြေမွသွား သည်။

"အို ... "

"ဟာ ... "

"လုပ်ပါဦး ... ကျွန်မသမီးလေးကို ကယ်ကြပါဦး"

နောက်ကလိုက်ပါလာသော နေချို့ဖေဖေနှင့်မေမေတို့က သူတို့ကားကို ရပ်လိုက်ပြီး အောက်သို့ပြေးဆင်းသွား၏။

မဥ္ဇူတို့လည်း အလျင်အမြန် နေချို့ကားရှိရာသို့ ပြေးလာပြီးကြည့်လိုက် သည်။

"အမလေး ... သမီးလေးရဲ့ အဖြစ်ဆိုးလှချည်လား"

ကားတိုက်ချိန်တွင် တံခါးမှ လွင့်စဉ်ကျပြီးလမ်းနှင့်ခေါင်းဆောင့်မိကာ



www.burmeseclassic.com

www.burmeseclassic.com



ဦးနောက်ပွင့်သေဆုံးသွားကာ နေချို့ကိုဖက်ပြီး သူမငေးကိုင်နေသည်။

"နေချို သူငယ်ချင်း ဖြစ်ရလေ သူငယ်ချင်းရယ်"

"နေချို ဟာဘာယ်လိုဖြစ်ရတာလဲ"

မညှုရော သီတာသန့်ပါ နေချို့ကို အတင်းဖက်ပြီးငိုလေသည်။ နေချို့ ဖေဖေက ...

"သမီး ... သမီးလေး"

ကတ္တရာလမ်းပေါ် ဒူးထောက်ကာ အားရပါးရငိုဇ၏။ ဇော်လင်းက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ...

"တောက် ... ဖြစ်ရလေ သူငယ်ချင်း ကံကြမ္မာက ဘာဖြစ်လို့ ဒီလောက်ထိ နင့်ကိုဒုက္ခပေးတာလဲ ... ဟော့ကောင် ဇော်ထိုက်"

ကားအမိုးပေါ် ခေါင်းနဲ့တိုက်ပြီး ရှိုက်ငိုနေသော ဇော်ထိုက်ကလှည့်ကြည့်၏။ ဇော်လင်းက ငိုသံပါကြီးဖြင့် ...

"ငါ့ကိုထိုးလိုက်စမ်းပါ သူငယ်ချင်း ... ငါလုံးဝမခံစားနိုင်ဘူးကွာ"

ဇော်ထိုက်က ဇော်လင်းဆီလာကာ ဖက်ထားလိုက်ပြီး နှစ်ဦးဖက်ငိုလိုက်ကြ၏။

"သူငယ်ချင်း ... အဖြူရောင်သတို့သမီးလေး ... ဘာဖြစ်လို့ ငါတို့ကို ဒီလိုပုံစံနဲ့ခွဲထားခဲ့တာလဲ ... "

"သမီး ... မေမေ့ ... သမီး ... အား"

"အန်တီ သတိထားလေ ... သတိထား ... "

"ဟား ... ဟား ... နင်တို့ ငါ့ကိုဘာမှလာမပြောနဲ့ ငါ့သမီးမသေဘူး ... ငါ့သမီး မသေဘူး ... ဟီး ... ဟီး"

သမီးတစ်ယောက်ရဲ့အဖြစ်ဆိုးကို မကြည့်ရက်နိုင်တဲ့အဆုံး ဒေါ်ဖိ သင်း စိတ်ကယောင်ချောက်ချားဖြစ်သွား၏။ ဦးဟိန်းမင်းက သူ့မိန်းမကိုနှစ်သိ နေသည်။

မညှုတို့ သူငယ်ချင်းလေးယောက်လည်း နေချို့အလောင်းဘေးမှာ ထိုင်လိုက်ပြီး နေချို့လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တင်လိုက်သည်။ သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုလည်း နေချို့လက်နှင့်အတူရောကာ ထပ်လိုက်ကြ၏။

ဇော်လင်းက နေချို့မျက်နှာကိုကြည့်ပြီး ...

"သူငယ်ချင်း ... ငါတို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ခဲ့ကြတာပါ ... ငါတို့သူငယ်ချင်းဘဝဆက်တိုင်း ဒီလိုအဖြစ်ဆိုးမျိုးတွေ မကြုံပါရစေနဲ့လို့ ငါတို့ဆုတောင်းလိုက်တယ်"

သူ့မျက်လုံးထဲက မျက်ရည်တွေက လမ်းမရဲ့ဘေးကျလာ၏။ အားလုံးရဲ့ရှိုက်သံများကလည်း ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဇော်လင်းက အလွန်ကျယ်လောင်သောအသံဖြင့် ...

"သူငယ်ချင်း ... နေချိုရေ ... ငါတို့ ဘယ်တော့မှမခွဲဘူး။ ငါတို့ ဘယ်တော့မှမခွဲဘူး"

"ကဲ ... ငါတို့တွေ နေချိုကြားနိုင်မယ့် တမလွန်ကောင်းကင်ကို လှမ်းပြောကြအောင်"

အားလုံးက ခေါင်းညိတ်လိုက်ကြပြီး ကောင်းကင်ကိုမော့ကြည့်လိုက်သည်။ တင်ထားတဲ့လက်ကို တင်းတင်းကျပ်ကျပ်ဖိလိုက်ပြီး ညီညာစွာဖြင့်–

"နေချိုရေ ... ငါတို့ဘယ်တော့မှမခွဲကြဘူး"

အသက်မဲ့နေသော နေချို့မျက်နှာကအပြုံးတစ်ပွင့်ကို သူတို့အားလုံး မြင်လိုက်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)
## တစ္ဆေမလေးဆော်ဒေါသ

ငှက်တော်ကုန်း သချိုင်းတွင်းတွင် အုတ်ဂူဖြူလေးနှစ်လုံးမှာ လုပ်ထား
တာမကြာသေး၍ သစ်လွင်နေသည်။ သချိုင်းအဝင်လမ်းမ ကျောင်းလမ်းလေး
အတိုင်း စံပယ်ပွင့်လေးတွေ ထည့်ထားသည့် ဝါးခြင်းလေးကို လက်ကဆွဲပြီး
'နေစိုး' ဝင်လာသည်။

အုတ်ဂူဖြူဖြူလေးနှစ်လုံးရှေ့ မြက်ခင်းတွင်ရပ်လိုက်ပြီး ...

**နေချိုသစ်**

**အသက် (၂၂)နှစ်**

၂၃-၆-၂၀၀၈ ကမ္ပည်းထိုးထားသည့် အုတ်ဂူလေးပေါ်တွင် စံပယ်ပန်း
လေးကို ကျဲလိုက်၏။ စံပယ်ပန်းတို့၏ ရနံ့များသည် အနီးဝန်းကျင်သို့ သင်းပျံ့
သွားလေသည်။ ထိုအချိန်တွင် အေးမြသောလေနုအေးလေး ဝေ့တိုက်လိုက်ရာ
သစ်ရွက်ခြောက်တချို့က အုတ်ဂူဘေးသို့လွင့်လာလေသည်။

"နေချို ကိုကိုရဲ့အဖြူရောင်သတို့သမီးလေး ဘာလို့များကိုကို့ခွဲထား
ခဲ့ရတာလဲကွယ် ... ကိုကို့ကိုသိပ်ချစ်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူလေးရှေ့မှာ မြက်ခင်းတွင်းထိုးထောက်ကာ အုတ်ဂူကိုခေါင်းနဲ့တိုက်ပြီး ရှိုက်သံအချို့နှင့်ပြောလိုက်သည်။

"နေချိုလေ ကိုကို့ကိုအရမ်းချစ်တာပဲ"

လေတိုးသံသဲ့သဲ့နှင့်အတူ နေချို့စကားသံလေးတွေ ပါလာသည်ထင်၏။

"ကိုကိုလည်း နေချို့ကို သိပ်ချစ်ခဲ့ပါတယ်ကွယ် ... နောက်လည်း အမြဲချစ်နေဦးမှာပါ ... ဒီကောင်းကင်တည်နေသရွေ့ပေါ့"

သက်ရှိလူသားရှိသည့်ပုံစံဖြင့် နေချို့အုတ်ဂူလေးကိုကြည့်ပြီး နေစိုး အဆက်မပြတ်ပြောနေ၏။ အတန်ကြာလာမှ ပြောလို့အားရကာ မတ်တတ်ထရပ်လိုက်ပြီး ...

"ကိုကို ပြန်ဦးမယ်နေချို"

အုတ်ဂူလေးကိုကြည့်ပြီး နှုတ်ဆက်လိုက်သည်။ ဘေးအုတ်ဂူဖြူဖြူရှေ့၌ ရပ်လိုက်ကာ ...

"အဘိုး ... အဘိုးမြေးကို စောင့်ရှောက်ပါနော် ... "

အရှိအသေပေးကာ သချိုင်းကုန်းထဲမှ ပြန်ထွက်ပြီး အဝတွင်ရပ်ထားသော ပါရာဒိုကားနက်ပေါ်တက်ကာ မောင်းထွက်လာတော့သည်။ နေစိုး ကားကို ဖြည်းမောင်းလာရင်း တစ်နေရာအရောက်တွင် ကော်ဖီဆိုင်လေးကို လှမ်းတွေ့လိုက်ရ၏။ ကားကိုရပ်ပြီး ...

ခရမ်းပြာဆိုင်လေးထဲ နေစိုးဝင်လာခဲ့သည်။

"ဟယ် ... နေစိုး ...လာထိုင်"

"ဩော် ... ကြည်ပြာပါလား"

တစ်ယောက်တည်းထိုင်နေသော ကြည်ပြာခင့်ဝိုင်းတွင် ဝင်ထိုင်လိုက်၏။

"နင်တို့ သတင်းကြားရတာ စိတ်မကောင်းလိုက်တာ နေစိုးရယ်"

"ကံတရားပေါ့ ကြည်ပြာရယ်"

"ဒါနဲ့ နင်အလုပ်ဝင်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ"

"ငါလည်း သင်တန်းတွေထပ်တက်နေလိုက်တာ၊ အခုမှပဲမြို့ကိုပြန်ရောက်တော့တယ် ... နင် ငါ့အလုပ်ကိစ္စကူညီဦး"

"အေးပါ"

တစ်နှစ်တည်း ကြည်ပြာနှင့်ကျောင်းအတူတူပြီးကြခဲ့ပေမယ့် ကြည်ပြာက သင်တန်းတစ်ခုတက်နေ၍ မြို့ကိုပြန်ရောက်တာ မကြာသေး ...

နေချိုဆုံးတော့ သူမရှိ ငယ်သူငယ်ချင်းဖိုဖို သူ့ကိုတော့အားပေးနှစ်သိမ့်ရှာတယ် ... ကျောင်းမှာတုန်းကလည်း သူ့အကူအညီတွေအများကြီးရခဲ့သည်။

"ဟဲ့ ... နေစိုး ... ငေးငေးငိုင်ငိုင်နဲ့ ဘာဖြစ်နေတာလဲ"

"ဟင် ... ဘာမှမဖြစ်ပါဘူး"

"နင်ကလည်းဟာ ... ပြီးခဲ့တာတွေ မေ့နိုင်သလောက်မေ့လိုက်ပါ၊ နင်အရမ်းပင်ပန်းပါတယ်"

"လွယ်လွယ်နဲ့တော့ ဘယ်မေ့ရမလဲ ... ကြည်ပြာရယ်"

လေးတွဲ့သောလေသံဖြင့် နေစိုးပြောလိုက်၏။

"နေစိုး ... နေချိုတို့အဖေနဲ့အမေရော ... အရင်ခြံမှာပဲလား"

"ပြောင်းသွားကြပြီ အန်တီဝါဆေးကုဖို့ နိုင်ငံခြားကိုထွက်သွားကြတာ"

"ခြံကိုရော ... "

"ဒီအတိုင်းပဲ ထားခဲ့တယ်"

ကြည်ပြာက တစ်စုံတစ်ခုကို စဉ်းစားဟန်ပြုပြီး ...

"နေစိုး နင်စိတ်မဆိုးနဲ့နော် ... ငါတစ်ခုမေးချင်လို့ ... "

"မေးလေ ... "

"အဲဒီ အိမ်ကြီးက သရဲခြောက်တယ်ဆို ... "

"ဘာ ... "

နေစိုးရဲ့အသံကြောင့် ဆိုင်ထဲတွင် ကော်ဖီသောက်နေသူအချို့လှည့်ကြည့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... နင်မကြိုက်ရင် ငါမပေးတော့ပါဘူး"

"လူတွေက တအားခက်တယ် ... နေချိုသောတာ အစိမ်းသေလွန်းတာ ပြောနေကြတာ ... ညဘက်ဆို စန္ဒရားသံကြားရတယ် ... နေချိုသတို့သမီး ဝတ်စုံနဲ့ ခြံထဲမှာ သူ့အဘိုးနဲ့စကားပြောနေကြတယ် အစုံပဲ ...

တကယ်တော့ နေချိုဟာ ကောင်းကင်ဘုံကိုရောက်သွားပြီ"

"အေးပါဟ ... နင်အခုဘယ်သွားမှာလဲ"

"ကုမ္ပဏီသွားမှာ ... "

"ငါဈေးအထိလိုက်ခဲ့မယ်"

"လိုက်ခဲ့လေ ... "

ကြည်ပြာခင်က ကောင်တာသို့ ကော်ဖီပိုးသွားရှင်းပြီး နေစိုးကားဖြင့် လိုက်လာခဲ့တော့သည်။ ဈေးထိပ် လူရှင်းသည့်နေရာတွင် ကြည်ပြာကိုကားရပ်ပေးလိုက်သည်။

"ကျေးဇူးပဲ နေစိုး ... ငါသွားတော့မယ်"

"အင်း ... အင်း"

ကြည်ပြာခင် ကားတံခါးဖွင့်ပြီး အောက်သို့ဆင်းလိုက်ရာ။

"အား ... "

"ဟင်"

ကားပေါ်မှ တစ်စုံတစ်ဦး၏တွန်းချခြင်းကို ခံလိုက်ရသလိုဖြစ်ကာ မြေပေါ်သို့ပြုတ်ကျသွားသည်ကို နေစိုးတွေ့လိုက်ရသည်။ ကပျာကယာ ကားအောက်သို့ဆင်းပြီး ကြည်ပြာခင့်ကိုထူလိုက်၏။

"အား ... ကျွတ် ... ကျွတ်"

"ဘာဖြစ်သွားလဲ ... ကြည်ပြာ ... "

"ဒူးခေါင်း ... "

နဂိုကမှ စကတ်တိုတိုဝတ်ထားသဖြင့် ဒူးခေါင်းကိုကြည့်လိုက်ရာ ခြေကြီးနှင့်ရိုက်မိသည့် အရှိန်ကြောင့် ယောင်ကိုင်းနေသည်။

"လာဟာ ... ကားပေါ်ပြန်တက် ... ဆေးခန်းသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အား ... ဖြည်းဖြည်း"

နေစိုးက ကားပေါ်သို့တွဲတင်သော်လည်း ခြေထောက်မထောက်နိုင်သဖြင့် ညည်းညူကာ မရမကအားတင်းပြီးတက်ရ၏။

"ကဲ ... ရပြီလား ... ငါတံခါးပိတ်လိုက်မယ်"

"အေး ... "

နေစိုး နောက်တံခါးကိုပိတ်လိုက်ပြီး ရှေ့ခန်းသို့တက်ကာ မောင်းထွက်ခဲ့တော့သည်။

"နေစိုး ... နင့်နှာခေါင်းမှာ ဘာအနံ့ရလဲ ... "

"ဟင့်အင်း ... ဘာအနံ့မှမရပါဘူး"

"ဟို ... ပုပ်စော်နံနေတယ် ... "

နေစိုး စိတ်ဆိုးသွားတယ်။

"နင်ကလည်း ပေါက်ကရပြောတော့မယ် ... ဒီကားက အသစ်ကြီးငါ့ဦးလေး ငါကျောင်းပြီးတဲ့အထိမ်းအမှတ်နဲ့ဝယ်ပေးထားတာ"

"ဟုတ်ပါတယ် ... ဒါပေမယ့်"

အသံတုန်တုန်ဖြင့် ပြောနေသော ကြည်ပြာခင့်ကို နေစိုး ကားနောက်ကြည့်မှန်ထဲက ကြည့်လိုက်ရာ ...

"ဟာ ... "

"ကျွီ ... "

"ဟဲ့ ... နေစိုး ... ဘာဖြစ်တာလဲ"

"ဟို ... ဟို"

ကြောက်လန့်တကြား ဘရိတ်နင်းသံကြောင့် ကြည်ပြာခင်က နေစိုးကိုမေးလိုက်ရာ ဘာမှဆက်မပြောဘဲ ခွေပေါ်ကွင်ခေါင်းစိုက်ပြီးနေနေ၏။

"ဟဲ့ ... ဘာလုပ်တာလဲ ... ကားလည်းဆက်မမောင်းဘူး"

"ကြည်ပြာ ... နေချိ"

"ဟဲ့ ဘာလဲ ... ပေါက်ကရ ... "

သူထိုင်နေသောဘက်ကိုကြည့်ပြီးပြောလိုက်၏။ ခဏကြာတော့ နေစိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင်းပြန်ထောင်ကာ နောက်ကြည့်မှန်ကို လက်နှင့်အရှေ့သို့မကြည့်ဘဲ လှည့်ကာ ကားကိုမောင်းထွက်ခဲ့သည်။

ဆေးခန်းတွင် ကြည်ပြာခင့်ကို မပြောတော့ဘဲ သူ့အိမ်သို့သာပို့ပေးလိုက်ပြီး အိမ်သို့ ကားကို မောင်းခဲ့တော့သည်။

"ဟဲ့ … သား ဒီနေ့အလုပ်မသွားဘူးလား"

"ခေါင်းနည်းနည်းမူးလာလို့ … "

"အေးအေး … ခဏနေရင် မေမေ သံပရာရည်လာပို့ပေးမယ် အခန်းထဲမှာလှဲနေလိုက်"

"ဟုတ်ကဲ့ … "

နေစိုး အိမ်ခန်းထဲတန်းဝင်ပြီး အိပ်ရာပေါ်တွင်လှဲကာ မျက်လုံးကိုမှိတ်ထားလိုက်၏။ သူ ကားပေါ်မှာ တွေ့ခဲ့သော အဖြစ်အပျက်ကို ပြန်စဉ်းစားပြီး အဖြေရှာဖို့ကြိုးစားသည်။

ကားနောက်ကြည့်မှန်ကတစ်ဆင့် ကြည်ပြာခင်ကိုကြည့်မိသည့်အချိန်တွင် ဘေး၌ သတို့သမီးဝတ်စုံဖြင့် နေချိုကိုတွေ့လိုက်ရသည်။ နေချို့မျက်နှာမှာ ကြည်ပြာခင့်ကို လိုလားဟန်မပြ ခက်ထန်စွာကြည့်နေ၏။

"နေချို … မကျွတ်သေးပါလား … ငါဘာလုပ်ရမလဲ"

နေစိုး လုံးဝစိတ်မကောင်း။ သူ့မျက်စိ ဘယ်လိုမှမမှားနိုင်။ သူ့စိတ်စွဲ သို့ဖြစ်တယ်ဆိုရင်တောင် ဒီလောက်ထိ မပီပြင်နိုင်ပါ။ ကြည်ပြာခင် ကားပေါ်က အဆင်း အောက်ကိုကျတယ်ဆိုတာကလည်း သွေးရိုးသားရိုးမဖြစ်နိုင်ဟု သူထင်သာသည်။

ပုံမှန်ဆိုလျှင် ခြေခေါက်လဲရုံဖြစ်မည်။ အခုက ဒူးထောက်ပြီး မှောက်ကျတာဆိုတော့၊ နေချို … တွန်းချတာလား … နောက်တစ်ခု ကြည်ပြာခင် ချုပ်စော်နံတယ်ဆိုတာ သူနဲ့အတူ ယှဉ်ထိုင်နေလို့လား။

"ဟဲ့ … သားထ သံပရာရည်သောက်လိုက်ဦး … "

"အင်း … အင်း"

"တစ်ခါတည်းသောက် … ဒါမှ ခေါင်းကြည်သွားမှာ"

---



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... "

"ဘာလဲ သားရဲ့ ... "

"တစ္ဆေသရဲဆိုတာ တကယ်ရှိလား"

နေစိုးကို သူ့မေမေက သေချာအကဲခတ်ပြီးကြည့်ကာ ...

"သား ... ဘာတွေကြုံခဲ့လို့လဲ ... "

"ဟင့်အင်း ... မကြုံဖူးပါဘူး ... မေမေ့ကိုမေးကြည့်တာပါ"

မေမေက သူ့ခေါင်းကို ကြင်နာစွာပွတ်ပေးပြီး ...

"စိတ်ရဲ့ ခွဲလမ်းရာပေါ့ကွယ် ... ရှိတယ်မရှိဘူးဆိုတာ တကယ်ကြုံတွေ့ဖူးတဲ့သူတွေကို မေးကြည့်မှ ပိုရှင်းတာပေါ့"

"မေမေရော တွေ့ဖူးလား"

"ဟင့်အင်း ... မတွေ့ဖူးသေးဘူး ... ဒါပေမယ့် အဲဒါတွေက အဓိပ္ပာယ်တွေပါသားရယ် ... အရောင် ... အရိပ် ... အနံ့ ဒီလောက်ပဲလုပ်နိုင်တယ်"

"ဟင် ... အနံ့ ... ဟုတ်လား ... မေမေ"

"ဘာလို့လဲ ... သားက ဘာအနံ့ရလို့လဲ"

"မရပါဘူး ... မေးကြည့်တာပါ"

နေစိုး စကားကို ပြန်လွှဲချလိုက်ပြီး မေမေပေးတဲ့ သံပရာရေခွက်ကို သောက်လိုက်၏။ ထို့နောက် ခုတင်ပေါ်ပြန်လှဲကာ စိတ်ညစ်ညူးနေသည်ကို ပြေစေရန် အိပ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)
## ဗိညာဉ်တီးတဲ့နှုတ်ဆက်ခေါင်းလောင်း

နေချိုအပြင်ကလာပြီး စိတ်တိုနေသည်။ အိမ်ရှေ့နဲ့အိမ်နောက်ကို လျှောက်ကာ ဘယ်နှစ်ခါမှန်းတောင်မသိဘူး။ သူလည်း သေချာစဉ်းစားပါတယ်။ ကိုကိုက သူ့ကို ဘာလို့ဒီလောက်စိမ်းကားတာလဲ။ သူ့ကားသစ်ကြီးပေါ် နေချို ကြည့်မရတဲ့ ကြည်ပြာခင့်ကိုတင်ပြီး ငြိမ့်နေလိုက်တာ။

ဘယ်ရမလဲ _ သူလည်း ကားပေါ်သို့တက်ပြီး ဘေးကလိုက်ခဲ့တယ်။ ကိုတို့ကို စကားပြောတာက ချွဲချွဲပျစ်ပျစ် ကိုကိုကလည်း သဘောတွေကျလို့ ပြုံးနေကြတာ ...

ကြည်ပြာခင် ကားအောက်ဆင်းတော့ သူ ဒေါသကိုမထိန်းနိုင်ဘဲ အားကုန်တွန်းချလိုက်တာ။ ဒါတောင် ဒူးထောက်ပြီးလဲရုံလေး။ ကိုကို တယုတယ နဲ့ ဆွဲထူလိုက်တော့ နေချိုမခံစားနိုင်ဘူး။

ဒူးနာလို့ဆေးခန်းသွားပြတော့ ဘေးကပါတဲ့ နေချို့ကိုတောင် အားမနာ ဘူး ပုပ်စော်နံတယ်တဲ့ _ ။ နေချိုဒေါသဖြစ်ပြီး ကြည်ပြာခင့်ကို ကြည့်နေတုန်း ကားဘရိတ်ဆွဲသံကြောင့် နေချို အဝေးကို လွင့်ထွက်သွားတယ်။

သတိရတော့ အိမ်ရှေ့ကိုရောက်နေပြီလေ _



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒေါသဖြစ်တာ ကိုကို့ကိုပဲ။ သူ့ကိုတအားစိမ်းပြီး အဖက်လည်းမလုပ် လှည့်လည်းစကားမပြောပေ။

နေချိုဘာများအပြစ်လုပ်မိလို့လဲ ကိုကိုရယ် ...

ညခင်း _ ကိုကို နေချိုတို့ခြံကို လုံးဝရောက်မလာတော့ပါ။ ခြံကလည်း ပြုပြင်သူမဲ့နေ၍ ခြုံများထနေကာ တစ်ခြံလုံးတောကြီးသဖွယ်ဖြစ်နေ၏။

တချို့နွယ်ပင်များမှာ အိမ်သို့ပင်တွယ်ကပ်နေလေသည်။ အိမ်တံခါးက အမြဲတစေပိတ်ထားသော သံဘာဂျာတံခါးတွင် သော့အကြီးကိုပိတ်ထားသေ မယ့် နေချိုဝင်ထွက်လို့ရ၏။ တစ်နေ့ကုန် နေချိုတစ်ယောက်တည်းနေပြီး ညဘက်မှာ အဘိုးပြန် ရောက်လာသည်။

"အဘိုး ဘယ်လျှောက်သွားနေတာလဲ"

"ကိစ္စလေးရှိလို့ပေါ့ ... ငါ့မြေးရယ်"

"အမြဲတမ်း ... သမီးတစ်ယောက်တည်းနေခဲ့ရတာ"

"ငါ့မြေးရယ် ... အဘိုးတို့က ... "

စကားက ဆက်မထွက်လာတော့ပေ _ သူ့မြေးမလေးကို မပြောရက် သူ့မြေးမလေးက သူ့ချစ်သူအပေါ် တစ်ဘက်သတ်စွဲလမ်းလွန်းတဲ့စိတ်ကြောင့် သူ့ကိုယ်သူ ဘာမှန်းမသိဖြစ်နေရှာသည်။ ကြာလျှင် ပို၍စိုးမည်။

"အဘိုး _ သမီးကို ကိုကို ဘာလို့ဒီလောက်တောင်စိမ်းကားနေတာ လဲ"

"သူက ငါ့မြေးကိုမမြင် ... "

"ဟင် ... အဘိုး ဘာကိုမမြင်တာလဲ ပြောပါ ... "

နေချိုအသံက ဝမ်းနည်းသံပါနေသည်။ အဘိုးအိုက ဆုံးဖြတ်ချက် ချလိုက်သည့်ဟန်ဖြင့် ...

"မြေးလေး ... အဘိုးတို့ကသေပြီးပြီ"

"ရှင် ... "

အံ့သြထိတ်လန့်စွာ နေချိုရေရွတ်လိုက်သည်။ အဘိုးက သူ့ကိုမကြည့် တော့ဘဲ အခြားတစ်နေရာသို့ ရီဝေစွာကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေး အဝတ်အစားတွေကို သေချာကြည့်လေ"

"သတို့သမီးဝတ်စုံပဲ ... ဟာ ... ဒါဆို ... "

"ဟုတ်တယ် ... အဘိုးတို့ မင်္ဂလာဆောင်ကိုအသွား လမ်းမှာ ကျောက်နံရံကို ကားနဲ့တိုက်မိပြီး သေခဲ့ကြတာလေ ... "

"အဟင့် ... ဟင့်"

နေချို ရှိုက်ကာငင်ကာငိုတော့၏။

"မငိုပါနဲ့ မြေးလေးရယ် _ ခုဆို အဘိုးတို့ဟာ တမလွန်ဘုံသားတွေ ဖြစ်နေပြီ"

"ဟင့်အင်း ... သမီးမယုံဘူး ... မယုံဘူး"

ငိုရင်း အဘိုးကို လှမ်းအော်လိုက်သည်။

"ငါ့မြေးစဉ်းစားပါ _ ဒီခြံအိမ်ကြီးက အရင်လိုလား _ မြေးလေးချစ်သူ ဆောင်နေစိုးကရော မြေးလေးကိုအသိအမှတ်ပြု ဆက်ဆံလား မြေးလေး _ သွားလာနေတာတွေကရော လွတ်လပ်ခွင့်ရှိလို့လား နေရာတိုင်းမှာကန့်သတ်မှု တွေနဲ့လေ _ "

"အဘိုး ... ဟီး ... ဟီး"

နေချို သူ့အဘိုးကို အတင်းပြေးဖက်ထားလိုက်သည်။ ငိုကြွေးလွှန်း၍ ဘူးလာတဲ့ မျက်ရည်တွေက ပါးပေါ်မှာ လိမ့်ကာလိမ့်ကာနှင့်။

"တိတ်ပါကွယ် ... ကိုယ်နေရမယ့်ဘဝအတွက် အဘိုးတို့ အဆုံး အဖြတ်ခံယူရဦးမယ်မလား"

"ဟင့်အင်း ... သမီး ကိုကို့ကို မခွဲနိုင်သေးဘူး အဘိုးရယ်"

"အချိန်မရတော့ဘူး မြေးလေးရဲ့"

"နေချို့ကိုသနားပါ အဘိုး _ နေချို ကိုကို့ဘေးနားမှာ ခဏလောက် နေပါရစေဦး _ နေချိုဟာ လက်မထပ်လိုက်ရတဲ့ သတို့သမီးပါ"

"ဒါတော့ ဒါပေါ့ ... ဒါပေမယ့် မြေးရယ် ... "

အဘိုးရဲ့ရှေ့ ဒူးထောက်ထိုင်ချလိုက်ကာ ခြေသလုံးကို လက်နှစ်ဖက် ဆွဲလိုက်ပြီး ...

---

ဓိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နေချို့ကို အချိန်နည်းနည်းပေးပါနော် ... "

"အင်း _ ဝိညာဉ်ဘဝဟာ လူ့ဘဝထက်တင်းကျပ်မှုတွေများတယ်"

"အဘိုး ... အကြိုးအကဲကိုပြောကြည့်ဦးမယ် ... ဘာပဲဖြစ်ဖြစ် ငါ့မြေးက ဘဝတစ်လျှောက်လုံး မဟုတ်တာလုပ်ခဲ့တာမှမဟုတ်တာ"

"ပြောပေးပါ အဘိုးရယ်နော် ... နေချိုလေ သူများတွေကိုလည်း ကြောက်လန့်အောင်မလုပ်ပါဘူး _ ကိုကို့ဘေးမှာ ခဏလေးနေခွင့်ရချင်တယ် ပြီးတော့ ... နေချို့ သူငယ်ချင်းတွေကိုလည်း နှုတ်ဆက်ချင်တယ် ... "

"ကောင်းပြီလေ _ အဘိုးပြောပေးမယ် _ သူတို့ခွင့်ပြုမယ်ထင်တယ်"

နေချို မျက်ရည်တွေသုတ်လိုက်တယ်။ စိတ်နည်းနည်းတော့သက်သာသွားတာပေါ့။ အဘိုးက သူ့ကိုနှစ်သိမ့်ပြီး အပြင်ထွက်သွားတယ်။

နေချိုစဉ်းစားတယ် သူဘာလုပ်ရင်ကောင်းမလဲ။ သူငယ်ချင်းတွေလည်း မတွေ့ရတာကြာပြီ ... မဒ္ဒ ... ဟုတ်ပြီ ... မဒ္ဒုဆီသွားမယ် ... ။

"အူး ... အူး"

နေချိုထွက်လာတဲ့ လမ်းတစ်လျှောက်လုံး ခွေးတွေက သူ့ကိုကြည့်ပြီး လိုက်အူတယ်။ လမ်းမီးတိုင်အောက် ပလက်ဖောင်းကနေလျှောက်လာတယ်။ လမ်းမှာ ပုံမကျပန်းမကျတွေကို တွေ့ရပေမယ့် အရင်လို နေချိုမကြောက်တော့ဘူး။

တချို့ အပင်တွေမှာဆို တွယ်ကပ်နေတဲ့ မဲမဲလဏ္ဍာန်တွေကအများကြီး။ တစ်နေရာလမ်းခုံးရောက်တော့ အဖိုးမည်းကြီးက သူ့ကိုတွန်းချလိုက်ကာ နောက်ပြန်လှဲသွားတယ် ...

"ဘာ ... ဘာလုပ်တာ ... လဲ"

"မင်း ... ဘယ် ... သူ ... လဲ"

ရင်ခေါင်းသံဩဩကြီးနှင့် သူ့ကိုမေးတယ်။ သူလည်း ခပ်မြန်မြန်ထပြီး ဖြေလိုက်တယ်။

"နေချို ... သစ်"



www.burmeseclassic.com

www.burmeseclassic.com



"အသက် ဘယ်လောက်လဲ ... "

"နှစ်ဆယ့်နှစ်နှစ်"

"ဟိုတလောက ဆယ့်သုံးမိုင်ကွေ့မှာ ကားမှောက်သေတာမလား"

"ဟုတ်တယ် ... "

"အေး ... အေး ... ဒါဖြင့်လည်းသွား ... နင့်ကို အကြီးအကဲက မကာန့်ကွက်သေးဘူး ရတယ်"

နေချိုလည်း အရိပ်မည်းမည်းကြီးရှေ့ ခပ်သွက်သွက်ထွက်ခဲ့တော့တယ်။ မြွေတို့လမ်းထဲဝင်တော့လည်း ခွေးတွေက သူ့ကိုကြည့်ပြီးဟောင်လိုက် အူလိုက်နှင့် စိတ်တော်တော်ပျက်လာတယ်။

"ဟင် ... မြွှေမအိပ်သေးပါလား ... "

မြွှေမအိပ်သေးဘဲ သူ့ခုတင်ဘေးက စားကြည့်စားပွဲမှာထိုင်ကာ သူ့နှင့် မြွေတွဲရိုက်ထားသည့် ဓာတ်ပုံကြည့်ရင်း စကားတွေပြောနေ၏။

"သူငယ်ချင်း ... နေချို ... မင်းကတော့ တမလွန်ကိုရောက်ပြီး ငါ့ကိုမေ့နေပြီပေါ့ ... ငါကတော့ မင်းကိုအမြဲသတိရနေတာ"

"အို ... ငါနင့်ကိုမမေ့ပါဘူး ... မြွှေ ... ငါအခု နင့်ဆီလာတယ် လေ"

မြွှေက သူပြောတာမကြား အံဆွဲထဲက ကြေးပြားလေးကိုထုတ်လိုက် ပြီး။

"ဟာ ... "

နေချို မျက်စိကိုလက်နဲ့ပိတ်လိုက်သည်။ ထိုကြေးပြားလေးမှ စူးရှသော အလင်းတန်းတို့ ထွက်လာကာ သူ့ခပ်လှမ်းလှမ်းသို့ဆုတ်လိုက်ရ၏။ မြွှေလက်ဖဝါး ထဲက ကြေးပြားလေးကိုကြည့်ပြီး။

"ဒီကြေးပြားလေးသာ နင်မဖြုတ်ဘဲ ဆက်ဆွဲထားခဲ့မယ်ဆိုရင် နင် အခုလို အဖြစ်ဆိုးနဲ့ကြုံရမှာမဟုတ်ဘူး"

မြွှေပြောသည့်လေသံက တိုးတိုးလေးပေမယ့် နေချိုကြားရသည်။ ချကြည့်နေရှာသော အလင်းစူးစူးတွေထွက်နေပေမယ့် မြွှေကတော့ သာမန်ကြေး ပြားလေးကို ကိုင်နေသလိုပင် ...



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်နေတာကို မညွှသိအောင်ဘယ်လိုလုပ်ရမလဲ၊ မညွှကတော့ သူ့ကိုမြင်ရမှာမဟုတ်ဘူး။ နေချို ပြတင်းပေါက်ကနေ မျက်စိကစားကြည့်လိုက်တယ်။

ခေါင်းလောင်းလေးတစ်လုံး။

ပြတင်းပေါက်နှစ်ဘက်ခွဲ လိုက်ကာအလယ်မှာ ခေါင်းလောင်းလေး။ နေချိုကိုယ်တိုင် မညွှကိုဝယ်ပေးခဲ့တာ ... သူ ခေါင်းလောင်းလေးကိုတီးဖြဖို့ ကြိုးစားကြည့်တယ်။

"ဘယ်လိုမှကိုင်လို့မရဘူး။ အကြိမ်ကြိမ်ကြိုးစားကိုင်တယ်၊ မရဘူး နေချို စိတ်ခတ်ကျချင်လာ၏။ သို့သော် ...

သူထပ်ကြိုးစားတယ်။ ဒီတစ်ခါလည်း လက်ညှိုးနဲ့ ခေါင်းလောင်းဗဟိုချက်ကို ချိန်ထိုးလိုက်တယ်။

"ဒေါင် ... "

နေချို ဝမ်းသာသွားတယ်။ ခေါင်းလောင်းက အသံမြည်ပြီလေ။ နောက်တစ်ချက်ထိုးလိုက်တယ်။

"ဒေါင် ... ဒေါင် ... ဒေါင်"

"ဟင် ... "

မညွှ ရုတ်တရက် ခေါင်းလောင်းမြည်သံကြောင့် လန့်သွား၏။

"ဒေါင် ... ဒေါင် ... ဒေါင်"

"ဟာ ဘာဖြစ်တာလဲ ... လေလည်းမတိုက်ဘဲနဲ့"

မညွှယောင်ရမ်းပြီး လက်က နေချိုနှင့်သူတွဲရိုက်ထားသည့် ဓာတ်ပုံမှန်ဘောင်လေးကိုင်၍ ပြတင်းပေါက်နား တစ်လှမ်းချင်းတိုးဝင်လာ၏။

နေချိုအားရှိသွားတယ်။ မညွှ သူ့နားကိုလျှောက်လာတာကိုတွေ့တော့ ခေါင်းလောင်းလေးကို အဆက်မပြတ်လှုပ်ရမ်းလိုက်သည်။

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

"ဗွမ် ... "

အဆက်မပြတ်ထွက်လာသော ခေါင်းလောင်းသံကြောင့် လွှမ်းစွာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လန့်ပြီး မဉ္ဇူလက်က မာတ်ပုံထည့်ထားသည့် မှန်ဘောင်လွတ်ကျကွဲသွား၏။

"ဘယ်သူလဲ ... ဘာလို့ခေါင်းလောင်းတီးနေတာလဲ"

"ဟဲ့ မဉ္ဇူ ... ငါလေ ... နေချို နင့်သူငယ်ချင်းလေ"

"သွား ... ဘယ်သူလဲ ... ငါ့ ... ကို ... လာ ... မ ... ခြောက်နဲ့"

"မဉ္ဇူ ငါပါ"

နေချို အတင်းအော်ပြောတယ်။ မဉ္ဇူက လုံးဝမမြင်ဘဲ အသားတွေ တဆတ်ဆတ်သာတုန်နေ၏။

"ဘယ် ... သူ ... လဲ ... နေချို ... လား ... ထွက် ... သွား ပါတော့ ... နင်နဲ့ငါက ဘဝခြားသွားပြီ"

မဉ္ဇူက သူ့ကိုမမြင်ဘဲ ပါးစပ်ကပြောလိုက်တဲ့ စကားကြောင့် နေချို အရမ်းဝမ်းနည်းသွားသည်။

"ရပါတယ် ... သူငယ်ချင်းရယ် ... နင် ငါ့ကို သိပ်ကြောက်နေတယ် ဆိုရင် ငါသွားပါတော့မယ်"

နေချို ဆို့နင့်စွာနဲ့ မဉ္ဇူကိုပြောပြီး နှုတ်ဆက်သည့်အနေဖြင့် ခေါင်းလောင်းကို လှုပ်ရမ်းလိုက်တယ်။

"ဒေါင် ... ဒေါင်"

ငါ ... နှုတ်ဆက်ခဲ့ပါတယ် ... သူငယ်ချင်းရယ် ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)
## စွဲလမ်းစိတ်နဲ့မကျွတ်တဲ့ဘဝ

ဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေဂျာရုံးခန်းတွင် _ နေစိုးအဆောက်အဦပုံစံ စာရွက်တွေနဲ့ အလုပ်များနေသည်။ ထိုစဉ် ရုံးခန်းအတွင်းသို့ စာရေးမတစ်ဦးဝင်လာပြီး ...

"ဆရာ _ ညှေ့သည်တစ်ယောက်က ဆရာကိုတွေ့ချင်လို့တဲ့"

"ဟုတ်လား ... ယောကျ်ားလား မိန်းမလား"

"အမျိုးသမီးတစ်ဦးပါ _ ဆရာ့သူငယ်ချင်းလို့ပြောပါတယ်"

"အေးအေး _ ခဏစောင့်ပါလို့ နောက်ငါးမိနစ်နေရင် ဆရာလာတွေ့မယ်လို့ပြောလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ ... "

စာရေးမက နေစိုးကို အရိုအသေပေးပြီး ပြန်ထွက်သွား၏။ နေစိုးလည်း စာရွက်စာတမ်းများကို သေချာစုစည်းပြီး ဖိုင်တွဲလိုက်သည်။ အားလုံး စနစ်တကျလုပ်ထားခဲ့ပြီးမှ ကုမ္ပဏီရုံးခန်း၏ ညှေ့ခန်းသို့ထွက်လာခဲ့သည်။

"ငါက ညှေ့သည်ဆိုလို့ ဘယ်သူများလဲလို့ _ မင်းပါလား"

"ဟုတ်တယ် ... ကိုနေစိုး ... ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးလား"

"ကြီးတယ်ဆိုပါတော့ ... "

"ဒါဆိုလည်း ကဲတင်း(နဲ့)သွားကြတာပေါ့"

နေစိုးက မဥ္ဇူကိုခေါ်လာခဲ့သည်။ ကဲတင်း(နဲ့)ရောက်တော့ အအေးနှစ်လုံးမှာသောက်ကြ၏။

"ကိုနေစိုး ... နေချိုနဲ့ပတ်သက်တဲ့ ထူးခြားမှုတွေကြုံသေးလား"

"ဟင်"

မထင်မှတ်ထားတဲ့ မေးခွန်းကြောင့် နေစိုးအံ့ဩသွားတယ်။

"မဥ္ဇူပြောတာ ဒီလို ... နေချို ကိုနေစိုးဆီလာသေးလား"

ရှုပ်ကုန်ပြီ မဥ္ဇူဘာပြောလို့ ပြောရမှန်းမသိဖြစ်နေ၏။

"ကဲ ... ထားတော့ မဥ္ဇူဆီကို နေချိုရောက်လာလို့လား"

"ရောက်လာတယ် ဆိုပါတော့ ... ကိုနေစိုးရယ် ... မဥ္ဇူလေ ... မဥ္ဇူသူငယ်ချင်းအတွက် အရမ်းစိတ်မကောင်းဘူး ဟင့် ... "

ပြောရင်း ရှိုက်လိုက်သည်။ ဝဲတက်လာတဲ့ မျက်ရည် မျက်တောင်များဖြင့် ပုတ်လိုက်၏။ ပြီးတော့ သူကြုံခဲ့ရတဲ့ ခေါင်းလောင်းမြည်သံအကြောင်းကို အစအဆုံး ရှင်းပြလိုက်သည်။

"မဥ္ဇူက နေချိုမှန်း ဘယ်လိုသိလဲ ... "

"မဥ္ဇူ ခေါင်းလောင်းနားတိုးသွားတော့ နေချိုရဲ့ ကိုယ်နံ့ရတယ် နေချိုကို မေ့မကြောက်ပါဘူး ... သနားတာပါ ... မဥ္ဇူသူငယ်ချင်းမကျွတ်မလွတ်ဖြစ်နေတယ် ... "

"ကိုယ်လည်းသိပါတယ် ... ကိုယ် အဲဒီအတွက် ဘယ်လိုလုပ်ရမလဲ ငိုင်းစားနေတာ ... "

မဥ္ဇူက နေစိုးပြောတာကိုသေချာနားထောင်ပြီး ...

"နေချိုအတွက် ရည်စူးပြီး ကုသိုလ်တစ်ခုခုလုပ်ပေးလိုက်ရင်မကောင်းဘူးလား"

"အဲဒါက ပထမအချက် ... နောက်တစ်ချက်က သူ ကိုယ့်ကိုယ်ကိုခွဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းနေရှာတယ် ... တကယ်လို့ပေါ့လေ ... ကိုယ်က သူ့ကိုစိတ်နာအောင် လုပ်ရင် သူကျွတ်သွားမလား ... ကိုယ်အမျိုးမျိုးစဉ်းစားနေတယ် ... ''

မဥ္ဇူ နေစိုးကိုမယုံကြည်သော မျက်လုံးများနှင့်ကြည့်လိုက်သည်။ သူဆိုလိုတဲ့ အဓိပ္ပါယ်ကိုလည်း သဘောပေါက်၏။ သူ့သူငယ်ချင်းအတွက်လည်း များစွာ စိတ်မကောင်းဖြစ်မိသည်။

"တစ္ဆေတို့ ဝိညာဉ်တို့ ဘဝတွေဟာ သိပ်သနားစရာကောင်းပါတယ် ကိုနေစိုး ... မဥ္ဇူ သူငယ်ချင်းက ကိုနေစိုးကို သိပ်ချစ်ခဲ့တာပါ ...

ကိုနေစိုး အခုနေ အိမ်ထောင်သာပြုလိုက်ရင် သူဘယ်လောက်ခံစားရမလဲ ... အခု မဥ္ဇူ ကိုနေစိုးဆီလာပြောတာက ထင်ယောင်မှား စိတ်ရှုးထပြီး လာပြောတာမဟုတ်ဘူး ... အခုချိန်မှာ နေချိုမိဘတွေကလည်း အဝေးကြီးမှာ ကာယကံရှင်လောက်နီးနီးအရေးပါတဲ့ ကိုနေစိုးကို နေချို့အတွက် ကုသိုလ်လုပ်ပေး ဖို့လာပြောတာပါ"

"မဥ္ဇူက ကိုယ်ပြောတာကို သဘောမပေါက်ဘူး ... အကောင်းဆုံး ဖြစ်မယ့် ရလာဒ်စဉ်းစားကြည့်တာပါ"

"အင်းလေ ... လူတိုင်းက ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်ပါပဲ၊ အခု ကိုနေစိုး မဥ္ဇူလာပြောတာ တစ်ယောက်တည်းရဲ့ ဆန္ဒနဲ့မဟုတ်ပါဘူး''

"အားလုံးရဲ့ ဆန္ဒပါ ... သူငယ်ချင်းတွေအားလုံးဆီ နေချို တနည်းနည်းနဲ့ လာခဲ့တယ်၊ ကြောက်အောင်လန့်အောင် ခြောက်တဲ့သဘောမျိုးမဟုတ်ဘူး"

နေစိုး မဥ္ဇူပြောတဲ့စကားတွေကို သေချာနားထောင်ပြီး။

"ကိုယ်အလှူတစ်ခု လုပ်ပေးမှာပါ ... မဥ္ဇူတို့လည်း ဝိုင်းကူကြပေါ့"

"မဥ္ဇူ ... ကျေးဇူးတင်ပါတယ် ... သူငယ်ချင်းတွေလည်း ပြောလိုက်ပါ့မယ် ... ကိုနေစိုး အစီအစဉ်ဆွဲပြီးရင် မဥ္ဇူဆီဖုန်းကြိုဆက်လိုက်ပါ''

"ကောင်းပြီလေ ... ''

လက်ကနာရီကိုကြည့်ပြီးတော့ ပြောလိုက်၏။

"မဥ္ဇူသွားတော့မယ် ... အလုပ်တွေသိပ်များနေတဲ့ကြားကပဲ အချိန်ပေးလက်ခံစကားပြောတဲ့အတွက် ကိုနေစိုးကို အရမ်းကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဍျူက သူ့ကိုနှုတ်ဆက်ပြီး ထပြန်သွားပေမယ့် သူအလုပ်ခန်းထဲသို့ ပြန်မဝင်သေးဘဲ မဍျူပြောသွားတဲ့အကြောင်းတွေကို စဉ်းစားလိုက်ရင်း ဆုံးဖြတ်ချက်ချလိုက်၏။

"တီ ... တီ"

စားပွဲပေါ်တွင် ချထားသော လက်ကိုင်ဖုန်းက မြည်လာသဖြင့်နားထောင်လိုက်သည်။

"ဟဲလို ... "

"နေစိုး ငါပါ ... ကြည်ပြာလေ ... နင့်ကို အရေးကြီးတဲ့ကိစ္စပြောရောရှိလို့ ... ညနေ ခရမ်းပြာကိုလာမလား ... ငါစောင့်နေမယ်"

"လာမယ်လေ ... ဘယ်နှစ်နာရီလဲ"

"ညနေ ငါးနာရီ"

"အိုကေ ... "

ဖုန်းကိုပိတ်လိုက်ပြီး နေစိုး အလုပ်ခန်းထဲပြန်ဝင်လာခဲ့၏။ အလုပ်လုပ်နေတာလည်း စိတ်မပါတော့။ နေချိုကိစ္စသာ ခေါင်းထဲရောက်နေသည်။ ဒီကြားထဲညက ဖေဖေနှင့် မေမေတို့ပြောသည့် စကားများလည်း ကြားနေမိသည်။ ဖေဖေက ...

"သား မင်းလည်းအချိန်ပြည့် ငေးငေးငိုင်ငိုင်နဲ့ မင်းကိုကြည့်ရတာ အမေတို့ စိတ်မကောင်းဘူး ... ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို တတ်နိုင်သလောက် မေ့လိုက်ပါ"

"အဖေလည်းခုဆို ပင်စင်နီးနေပြီ ... ငါ့သားလည်း သင့်တော်တဲ့သူတွေ့ရင် အိမ်ထောင်ပြုလိုက်ပါလား ... ဒါမှ သားခံစားရတာတွေ မေ့နိုင်သလောက် မေ့သွားမှာ ... နောက်ပြီး ဘဝတစ်ခုကို အမှီပြုယ်ရှိရှိရပ်တည်နိုင်မှာမလား ... သားအသက်လည်း မငယ်တော့ဘူးလေ"

"နေချိုသေပြီးတာလည်း ဘာမှမကြာသေးဘူး အဖေရယ်၊ ပြီးတော့ သားစိတ်ကိုလည်း သားမလုံသေးဘူး ... နေချိုသာ ခုချိန်ထိသားရင်ထဲမှာ ရှိနေနဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... "

မေမေ့ရဲ့သက်ပြင်းချသံက စကားဝိုင်းကိုလွှမ်းသွားတယ်။ သူ့ရဲ့စိတ်မကောင်းစွာနဲ့ကြည့်ကာ ...

"အဲဒီအတွက် သားကို အိမ်ထောင်ပြုစေချင်တာ ... နေချို့ကို သားတမ်းတနေတော့ရော နေချိုပြန်ရှင်လာမှာမှမဟုတ်တာ၊ အားလုံးပြီးသွားပြီပဲ"

"ဟုတ်ပါတယ် ... ဒါပေမယ့် သားရင်ထဲမှာ နေချိုဟာ ရှင်သန်နေတုန်းပဲ ... ဘယ်တော့မှလည်း ပျောက်သွားမှာမဟုတ်ဘူး ... အဖေတို့ မေမေ့ဆန္ဒအတိုင်း သားအစီပွါယ်ရှိတဲ့ ဘဝကိုတော့ ထူထောင်မှာပါ ... အချိန်တစ်ခုကြာရင်ပေါ့ ... "

မေမေနှင့်မေမေက သူ့ကို ဘာမှဆက်မပြောတော့။ သူလည်း အခန်းသို့ ဝင်ခဲ့လေသည်။

"ဆရာ ... အမ်ဒီက အမှတ်(၂)ကွန်ဒိုရဲ့ ရီပို့ယူပြီးလာခဲ့ပါတဲ့"

သူ့အခန်းထဲသို့ စာရေးမလေးဝင်လာပြီး ပြောတော့မှ သူ့အတွေးစလွင့်သွားသည်။

"ဪ ... အေး ... အေး"

ရီပို့ဖိုင်ကိုယူကာ အမ်ဒီအခန်းသို့ဝင်ခဲ့သည်။ အမ်ဒီက အလုပ်ကိစ္စများ တစ်ခုချင်းညွှန်ကြားသည်။ အမ်ဒီအခန်းမှ ပြန်ထွက်လာပြီး အလုပ်လုပ်ရတာ စိတ်မပါတော့ပေ။

ညနေ ကုမ္ပဏီရုံးဆင်းတော့ ကားကို ခရမ်းပြာသို့မောင်းခဲ့သည်။

"လာ နေစိုး ... နင်နောက်မကျဘူး ... ငါကစောနေတာ"

"ကော်ဖီပဲလား ... "

"အေး ... "

"ကော်ဖီတစ်ခွက်လုပ်ပေးပါ"

နေစိုး ကြည်ပြာခင့်ရှေ့စားပွဲထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

"ဘာကိစ္စအရေးကြီးလို့လဲ ... "

"ဒီလိုဟ ... နင်တို့အိမ်ကို ငါမနက်ကလာတော့ နင်အလုပ်..."



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ နင့်အဖေနဲ့အမေက ငါ့ကိုထိုင်ဦး ... တိုင်ပင်စရာရှိလို့ဆိုပြီး _ "

စကားကို မဆက်တော့ဘဲ ထိုင်ခုံအောက်သို့ခေါင်းငုံ့ပြီး _ ကြည်ပြာခင် ကြည့်နေ၏။

"ဆက်ပြောလေ _ အဖေနဲ့အမေက နင့်ကိုဘာပြောလဲ"

"ဟို _ နင့်ကို အိမ်ထောင်ကျစေချင်တယ်တဲ့ _ အဲဒါ နင်နဲ့ငါက ဘယ်အခြေအနေ ... "

ကိုယ့်ကိုကိုယ် ယုံကြည်မှုလွန်ကဲသော မိန်းမတစ်ယောက်ရဲ့ပါးစပ်က စကားသံတွေဟာ ယခင်လိုမဟုတ်။ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေမိ၏။ နေမိုး သဘောပေါက်လိုက်သည်။

အဖေနဲ့အမေက ကြည်ပြာခင့်ကို တီးခေါက်ကြည့်တာဖြစ်မည်။ သူနှင့် ကြည်ပြာခင်က ငယ်စဉ်ကတည်းက ကျောင်းနေဖက်သူငယ်ချင်း တက္ကသိုလ် သွားတာလည်း အတူတူ၊ ဘွဲ့ရတာလည်း အတူတူ သူ့အပေါ်သာမန်ထက်ပိုတဲ့ ကြည်ပြာခင်ရဲ့ သံယောဇဉ်ကိုလည်း သိထားကြ၏။

ဟိုစဉ်က နေချိုရှိ၍ ကြည်ပြာခင့်ကို အားလုံးကစိတ်မဝင်စားကြ။ ခု နေချိုလည်းဆုံးပြီဆိုတော့ သူ့အတွက်အဖြစ်သင့်ဆုံးဟာ ကြည်ပြာခင်ပဲ ဆို့ အဖေနှင့် အမေက တွက်ထားမှာအမှန်ပဲ။

"ကြည်ပြာ _ နင် ငါနဲ့နေချိုအကြောင်းကိုသိတယ်နော်"

"အင်းလေ ... ဘာဖြစ်လို့လဲ"

"နင် _ နားမလည်နိုင်မှာစိုးလို့ပါ _ ငါ့ဘဝအတွက်အကောင်းဆုံး အခော်မှန် ရွေးဖို့ဆိုရင် ... "

"ဘာဖြစ်လဲဟင် ... နေမိုး"

ပျာပျာသလဲ ကြည်ပြာခင်မေး၏။

"နင်ပဲ ... ဟင်"

"ဟုတ်တယ် _ အဲဒီ့အတွက် နင်ငါ့ကိုနားလည်ပေးပါ၊ မိန်းမတစ် ယောက်ကိုချစ်တယ်လို့ မပြောဘဲ ဘဝတည်ဆောက်ဖို့သက်သက်ပြောတဲ့ ငါ့ကို ခွင့်လွှတ်ချင်မှန်းလိုက်ပါ _ ငါ့ရင်မှာ စူးတစ်ချောင်းကို ငါဘယ်တော့မှ မှုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါရစေနဲ့ — နာကျင်တာ အရသာတစ်ခုဆိုရင် အဲဒီအရသာကို တစ်သက်လုံး သိမ်းထားချင်လို့ပါ ... ”

“နေစိုး — ငါပွင့်ပွင့်လင်းလင်းပဲပြောမယ် ... ငါလိုချင်တဲ့ဘဝတစ်ခု ကို မရနိုင်မှန်းသိကတည်းက ရနိုင်လို့ရလာခဲ့ရင် ဘယ်လိုပဲဖြစ်ဖြစ် ရတဲ့အနေ အထားကို ကျေနပ်ပါတယ် ... ”

“ကျေးဇူးတင်ပါတယ် ... ကြည်ပြာရယ် ... ”

နေစိုး ခုံပေါ်တွင် တင်ထားသော ကြည်ပြာခပ်လက်ကလေးကိုဆွဲယူကာ သူ့လက်နှစ်ဖက်နှင့် အသာဆုပ်ထားလိုက်၏။ ထိုအချိန်တွင် ...

“ဝွမ်း ... ”

“ဟင် ... ”

“ဟာ ... ”

သူတို့စားပွဲဝိုင်းတွင် တင်ထားသော ရေနွေးဖန်ခွက်မှာ ခုံအောက်သို့ ကျကွဲသွားသည်။ နေစိုး မျက်နှာတစ်ချက်ပျက်သွားကာ လက်ကိုဆွဲခေါ်ရင်း ကောင်တာတွင် ပိုက်ဆံရှင်းကာ ကားပေါ်တက်ပြီး မောင်းထွက်ခဲ့တော့သည်။ ကားပေါ်ရောက်တော့ နေစိုးက ...

“ကြည်ပြာ ... ငါတို့ အမြန်ဆုံးလက်ထပ်ရအောင်”

“ဘာ ... ဘာဖြစ်လို့လဲဟင်”

“နောက်မှရှင်းပြမယ် ... နင်လက်ခံနိုင်မလား အရင်ပြော”

“နင်ဘာလို့လောရတာလဲ ... နေစိုးရယ် ... ”

“အကြောင်းရှိလို့ပေါ့ဟာ ... နင် ငါနဲ့လက်ထပ်တဲ့နေမှာပဲ ငါ့ အလှူအကြီးအကျယ်လုပ်မယ်၊ ပြီးတော့ လိုအပ်တဲ့ ကူညီမှုတွေအကုန်လုပ်မယ်”

“နင့်သဘောပါပဲ ... နေစိုးရယ် ... ”

နေစိုး သက်ပြင်းကိုအသာချကာ ကားကိုကရုတစိုက်မောင်းလာခဲ့သည်။ သို့သော် နောက်ကြည့်မှန်ကိုတော့ မကြည့်ရဲ နားထဲတွင် ရှိုက်သံသဲ့သဲ့ကိုသော ကြားလိုက်ရလေတော့သည်။

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)
## တစ္ဆေပူးမယ့်ဝိညာဉ်

နေချို ကိုကိုတို့ပြောတဲ့စကားတွေကို ဆက်မကြားရဲတော့ ကားပေါ်မှ အတင်းခုန်ဆင်းကာ လမ်းမအတိုင်း ရှိုက်ငိုရင်း ပြေးလွှားနေတယ်။

ရက်စက်လိုက်တာ ကိုကိုရယ် ကြည်ပြာခင်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ လက်ကို တယုတယဆွဲယူဆုပ်ကိုင်ထားလိုက်တာ နေချိုမခံစားနိုင်တဲ့အခဲ့ ဖို့ နှလုံးကိုအကြိမ်ကြိမ်ကြိုးစားပြီး တိုက်ချပစ်လိုက်တာ ပြီးတော့ ...

သူတို့ အမြန်ဆုံးလက်ထပ်ကြမယ်တဲ့ ...

အို ... နေချို မကြားချင်ပါဘူး။ မကြားပါရစေနဲ့ ... ကိုကိုဟာ ခုမှာနေချိုကို ဘယ်လိုချစ်တော့မလဲ။ နေချိုဟာ ဝိညာဉ်တစ်ကောင်ဖြစ်ခဲ့ပြီလေ။

"ဟဲ့ ... နေချိုသစ်"

"ဟင်"

သူ့ကိုခေါ်လိုက်တဲ့ အသံကြောင့် နောက်ကို လှည့်ကြည့်လိုက်ရာ ဖက်သီး လာသော သူ့စိုးကျော်ကို တွေ့ရလေသည်။

"နင် ဘာဖြစ်လာတာလဲ ... ဟင် ... ငိုထားတာပါလား။ ဘာလဲ ဘယ်ညည်းစား မိန်းမယူတော့မယ်ကြားလို့လား ... "

"နင် ဘယ်လိုလုပ်သိလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးတွေ တွေ့ပေါင်းများနေပြီ ... မငိုပါနဲ့ဟာ ... ကိုယ့်ဘဝနဲ့ကိုယ်ပေါ့"

"ငါဘာလိုလုပ်ရမလဲ ... ဟင်"

"နင် ဘာလုပ်ချင်လို့လဲ နင်နဲ့သူတို့က ဘဝချင်းမှမတူတာ ... တစ်ခုတော့ရှိတယ် နင့်မှာ ဖြစ်နေတဲ့စွဲလမ်းစိတ်ကို ဖျောက်ပစ်လိုက် ... "

"ငါ ... ဘယ်လိုလုပ် ... "

သူ့စိုးကျော်က စိတ်မရှည်သည့်ဟန်ဖြင့် သူ့ကို လေသံမာမာပြောတော့သည်။

"နင်ဘဝတစ်ခုကူးဖို့အချိန်ရောက်တော့မယ် ... နင့်ရဲ့စွဲလမ်းတဲ့စိတ်ကြောင့် မပြောင်းသေးတာ ... နင်လည်းကတိပေးထားတာပဲ ... ဒီလိုဘဝနဲ့ နင်ဘယ်လိုဆက်သွားမလဲ ... "

"နင့်ကို အကောင်းဆုံးအကြံဉာဏ်ပေးလိုက်မယ် ... နိမိတ်ဖတ်ဆရာမကြီးဆီသွား ... သူ့ကိုအကူအညီတောင်း ... နင်ပြောချင်တာတွေကို သူက တစ်ဆင့်ပြန်ပြော ... "

"အဲဒီလိုရလား ... "

"ဆရာမကြီးကလက်ခံရင်ရတယ် ... သူက ဝိညာဉ်လောကသားတွေကို အမြဲကူညီပေးတယ်"

"ကျေးဇူးပဲဟာ ... ငါအခုပဲသွားမယ်"

နေချို ဆရာမကြီးအိမ်ကို ပြေးထွက်လာခဲ့တယ်။ ဆရာမကြီးအိမ်ရောက်တော့ ညဉ့်ကတော်တော်နက်နေပြီ။ အိမ်ကနေ အခြေအနေကိုအကဲခတ်လိုက်၏။ ဆရာမကြီး တရားထိုင်နေတယ်။ သူ့အိမ်ပေါ်တက်သွားပြီး နောက်နားမှာ ကုပ်ကုပ်လေးထိုင်လိုက်တယ်။ ဆရာမကြီးက သူ့ကိုလှည့်မကြည့်ဘဲ ...

"ဘယ်လိုဒုက္ခတွေရောက်လာရတာလဲ သမီး ... "

"သမီးကို ကူညီပါ ... အဘွား ... သမီး နေချိုသစ်လေ"

"ဘယ်ရက်က ဆုံးတာလဲ"

"နှစ်ဆယ့်သုံးရက် ခြောက်လ နှစ်ထောင့်ရှစ်ကပါ ... "



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက သူ့ကိုကျောခိုင်းထားဆဲ။

"ဟုတ်ပြီ ... ပြောပါ ... အဘွား ဘာကူညီရမလဲ ... "

"သမီးချစ်သူ လက်ထပ်တော့မယ် ... အဲဒါ ... "

"မရဘူး သမီး ... ကံတရားအတိုင်း အားလုံးဟာသွားနေကြတာ သမီးအစွဲကိုဖျောက်ပစ်လိုက်ပါ ... ဒါမှ သမီးအေးချမ်းမှာ ဘဝတစ်ခုကိုလည်း ကူးလို့ရမှာ ... ဘဝတွေတူတော့တာမှမဟုတ်တာ ... "

"ဟင့် ... ဟင့် ... ဟင့်"

"မငိုပါနဲ့ သမီး ... ဒီလိုပါပဲ ... သံသရာစက်ဝန်းအတိုင်းလည်နေကြတာ"

"အဘွား သမီးနားလည်ပါပြီ ... အဘွားစကားတွေကို သမီးနာခံပါ့မယ်၊ တစ်ခုတော့ ကူညီပါအဘွား ... "

"ပြောပါ သမီး ... "

"သမီးချစ်သူရဲ့လက်ထပ်ပွဲမှာ သမီးစန္ဒရားတီးပြချင်တယ်"

"သမီးရယ် ... သမီးတို့က အရိပ်တွေလေ ... ဘယ်လိုလုပ်တီးလို့ရမလဲ ... စိတ်ကိုလျှော့လိုက်ပါ ... "

ဆရာမကြီးက နှစ်သိမ့်လိုက်၏။ နေချို မရမကတောင်းဆိုတယ်။

"အဲဒီနေ့ကျရင် သမီး အဘွားကိုပူးခွင့်ပေးပါ အဘွား ... အဲဒီမင်္ဂလာဆောင်သွားပေးပါ ... ဒါမှ သမီးပူးပြီး ကိုကို့ကို စန္ဒရားတီးပြီးနှုတ်ဆက်ပါရစေ"

နေချို တောင်းပန်တိုးလျှိုးလွန်းသောကြောင့် ဆရာမကြီးက ...

"ကောင်းပြီလေ၊တခြားအနှောင့်အယှက်မပေးဘူးဆိုရင်ခွင့်ပေးပါတယ်"

"ကတိပေးပါတယ် ... အဘွား ... နေချို ကတိပေးပါတယ်"

ဆရာမကြီးကို အကြိမ်ကြိမ်ကန်တော့ကာ နေချို ပြန်လာခဲ့တော့တယ်။ ကိုကိုရယ် ... နေချို ... ကိုကို့ကို မြင်တွေ့ခွင့်ရဖို့ အချိန်သိပ်မရှိတော့ပါဘူးကွယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆယ်စုနှစ်များပါစေ

ကံတရား၏ စေ့ဆော်ချက်ကို

အားလုံး

လက်ခံကြရမှာပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)
## ဝိညာဥ်သတို့သမီး၏နှုတ်ဆက်ပွဲ

မင်္ဂလာပွဲကအကြီးအကျယ်ကြီးမဟုတ်ပေမယ့် ရင်းနှီးသည့်မိတ်ဆွေ အပေါင်းအသင်းအချို့နှင့် အတော်စည်ကားလှသည်။ သတို့သား သတို့သမီးတို့က ကြွရောက်လာတဲ့ ဧည့်သည်တွေကို လိုက်လံနှုတ်ဆက်နေကြ၏။

ထူးခြားတာက မင်္ဂလာပွဲမတိုင်မီ သတို့သားက သူလက်မထပ်လိုက်ရတဲ့ သေဆုံးသူ သတို့သမီးလေး နေချိုသစ်အတွက် ရည်စူးပြီး အလှူ အခမ်းအနားတစ်ရပ် ကျင်းပခဲ့တယ်။

လက်ရှိသတို့သမီးလေးကလည်း ကြည်ကြည်ဖြူဖြူပါပဲ။ သတို့သားနှင့် အတူ ပေးလှူသွားတယ်။

သူတို့မြို့မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းအားလုံးအတွက် အလှူ-ငွေတစ်သိန်းစီ လမ်းပြုပြင်ရန်၊ ကျောင်းပြုပြင်ရန် ခရစ်ယာန်၊ မွတ်ဆလင် ဆိုးရှုစတဲ့ သာသနာပြုကျောင်းများအတွက် အလှူငွေများကို သေဆုံးသူ နေချိုသစ်ရရှိစေရန် လှူဒါန်းခဲ့သည်။

နေချို့သူငယ်ချင်းတစ်စုကလည်း သူတို့သူငယ်ချင်းအတွက်ရည်စူးပြီး ပြီးသည်မှာ ခရီးသွားတွေအပန်းဖြေဖို့ ဇရပ်တစ်ဆောင်ဆောက်လုပ်ဖို့ သင်္ချိုင်း

www.burmeseclassic.com



ရာကို လှူလိုက်ကြသည်။

အလှူပွဲပြီးသွားလို့ မင်္ဂလာပွဲကျင်းပနေတုန်း ခန်းမထဲသို့ နိမိတ်ဖတ် ဆရာမကြီးရောက်လာတယ်။

အားလုံးအံ့ဩသင့်စွာ ဝိုင်းကြည့်ကြသည်။ နိမိတ်ဖတ်ဆရာမကြီးက မည်သူ့ကိုမှ ဂရုမစိုက်၊ ခန်းမ၏စင်္ကြံစင်ပေါ်တွင် မြို့၏ဂီတအသင်းသို့လှူထား သည့် နေချို၏စန္ဒရားဆီသို့ တန်းလျှောက်သွား၏။

အားလုံးရဲ့အသံများ တိတ်ဆိတ်သွားတယ်။ နေစိုးနှင့်ကြည်ပြာခင်တို့ ကလည်း နိမိတ်ဖတ်ဆရာမကြီး လုပ်ပုံကိုင်ပုံကို ကြောင်ကြည့်နေ၏။

စန္ဒရားတီးသည့် ခလုတ်များရှေ့သို့ ထိုင်ခုံတစ်လုံးကိုဆွဲယူထိုင်လိုက် ပြီး စန္ဒရားကိုလက်သံအရင်စမ်းလိုက်တယ်။

ထို့နောက် စန္ဒရားသံတစ်လုံးချင်း တစ်လုံးချင်း ပီသစွာထွက်လာတယ်။

"ဟာ ..."

"အို ..."

"ဘယ်လိုဖြစ်တာလဲ"

ပရိသတ်များက အံ့ဩစွာရေရွတ်ကြ၏။ နေစိုး စန္ဒရားတီးသည့် လက်သံကြောင်းလိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး အသက်မဲ့သလို ဖြစ်သွား ၏။

"နေချို ... နေချို ... ငါ့ကိုတီးပြနေတာလား"

စန္ဒရားလက်သံ၏အလှူအလွန့်တွေက သူ့ရင်ကို တစ်စချင်းခြွေ သွားသည်။

"ဟာ ... ဘယ်သူလဲ အဘွားကြီးတီးတာမဖြစ်နိုင်ဘူး ... သူ စန္ဒရားတီးတတ်တယ်လို့ ငါမကြားဖူးဘူး"

"နေစိုး ... သတိထားလေ ... သတိထား"

"ငါသိတယ် ... ကြည်ပြာ ... ဒါ နေချိုပဲ ... နေချိုတီးနေတာ"

နေစိုးလက်မောင်းကို ကြည်ပြာခင်အတင်းဆုပ်ကိုင်ထားတယ်။ စန္ဒရား လက်သံက ခန်းမတစ်ခုလုံးကို လွှမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်သံတွေအစုံပဲ။

"ဒီလက်သံက ကဝေလက်ဦးပြည်ရတို့မြေးအဘိုးလက်သံပဲ ... ဒီလောက် ကောင်းတဲ့တီးကွက်ကို သူတို့ပဲတီးတတ်တာ"

"ဒီအဘွားကြီးကို သေချာကြည့်စမ်း ... သူ့အမူအရာတွေက ကဝေလက်မြေးမလေးအတိုင်းပဲ"

ခန်းမထဲကလူတွေဟာ စားပွဲဝိုင်းတွေမှာ မထိုင်တော့ဘဲ ခန်းမ စတိတ်စင်အောက်တွင်စုကာ စန္ဒရားတီးနေသော နိမိတ်ဖတ်ဆရာမကြီးကိုသာ ဝိုင်းကြည့်နေကြ၏။

"ဟင့် ... "

"သီတာ ... ဒါနေချိုမလား"

"ဟုတ်တယ် မဥ္ဇူ ... သူချစ်သူမင်္ဂလာဆောင်ကို သူလက်သံနဲ့ တမလွန်ကနေ လက်ဖွဲ့နေတာ"

"သူငယ်ချင်း ... ဖြစ်ရလေသူငယ်ချင်းရယ်"

မဥ္ဇူနဲ့ သီတာသန့်တို့က ရှိုက်ငိုရင်း စန္ဒရားလက်သံကိုနားထောင်ကြသည်။

ဖော်လင်းနှင့်သိန်းဖော်တို့ မျက်လုံးမှာ မျက်ရည်တွေဝိုင်းနေတယ်။

စန္ဒရားသံစဉ်၏ဆွဲခေါ်သွားမှုအောက်ကို အားလုံးရောက်သွားကြ၏။

ချစ်သူအတွက် အကောင်းဆုံးလက်ဖွဲ့ကိုပေးနေတဲ့ တမလွန်က ချစ်သူနေချို။

ကံတရားစီရင်တဲ့အတိုင်း လျှောက်ခဲ့ရပေမယ့် စွဲလမ်းစိတ်နဲ့ချစ်သူကို ငွယ်တာလွန်းတဲ့ နေချို ...

လက်မထပ်လိုက်ရတဲ့ သတို့သမီးပေမယ့် လက်ထပ်တဲ့ချစ်သူအပေါ် ကျွန်ုပ်စွာချစ်နေတဲ့ နေချို ...

စန္ဒရားလက်သံက တဖြည်းဖြည်းကျလာကာ အဆုံးသတ်ခါနီးအချိန် ...



www.burmeseclassic.com

www.burmeseclassic.com



"နေချို ... "

နေစိုး စတိတ်စင်ပေါ်အတင်းပြေးတက်ပြီး နိမိတ်ဖတ်ဆရာမကြီးထံပြေးသွား၏။

"ကိုကို ... "

နေစိုး အတင်းဖက်ထားလိုက်သည်။ အောက်ကလူတွေက နိမိတ်ဖတ်ဆရာမကြီးပါးစပ်မှထွက်လာသည့်အသံကြောင့် အံ့သြလွန်း၍မှင်သက်ကုန်၏။

တကာယ့်မိန်းမပျိုလေး၏အသံ ပြီးတော့ ...

နေချို၏အသံ ...

မဥ္ဇူတို့လည်း စင်ပေါ်သို့ပြေးတက်သွားသည်။ နေစိုးနှင့် နိမိတ်ဖတ်ဆရာမကြီးတို့မှာ တစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာဖက်ထားရင်းမှ ခွာကာ ...

"နေချို ... ကိုကို့ကို လာနှုတ်ဆက်တာပါ ... နေချို သွားရတော့မယ်ကိုကို ... "

"မသွားရဘူး ... နေချို ဘယ်မှမသွားရဘူး"

ကျယ်လောင်စွာ အော်ဟစ်သံက ခန်းမတစ်ခုလုံးဟိန်းသွားသည်။

"ကိုကို ... နေချို့ဘဝဟာ တမလွန်ဘဝပါ ... နေချို ဒုက္ခဆက်မခံပါရစေနဲ့ ... ဒီကမဥ္ဇူ သီတာသန့် ဇော်လင်း ဇော်ထိုက် ငါ့နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချင်းတို့ရယ် ... "

"နေချို ... "

"သူငယ်ချင်း ... "

"နေချို ... "

နိမိတ်ဖတ်ဆရာမကြီး တစ်ချက်တွန့်သွားကာ ပုံရက်သားလဲကျသွားလေသည်။

ထိုအချိန်တွင် ...

ခန်းမ၏အမိုးစောင်းအပေါက်များမှ အလင်းစူးစူးများ နိမိတ်ဖတ်ဆရာမကြီးဆီသို့ ကျလာသည်ကို ထူးဆန်းဖွယ်တွေ့ရ၏။ ထိုအလင်းတန်း၏အောက်တွင် အရိပ်သဖွယ်နေချို့သဏ္ဌာန်ကို တွေ့ရလေရာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေချို ... နေချို ... နေချို ... "

နေစိုးမှ အဆက်မပြတ်အော်ခေါ်၏။ သို့သော် ထိုအမိုပ်သတ္တာန်နှင့် အတူ အလင်းတန်းတို့မှာ အပေါ်ဘက်သို့တက်သွားလေသည်။ နောက်ဆုံး တွေ့လိုက်ရသည့် အလင်းတန်းတွင် အဖြူရောင်သတို့သမီး၏ တမလွန်ကောင်း ကင်ခရီးကို လက်ပြရင်း အားလုံးက နှုတ်ဆက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးကို
ဒီ ... မမေ့ခဲ့ပါဘူး
ထမရွှန်ကောင်းကင်ခရီးကို
... ဝါသွားခဲ့ပါပြီ ...

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

လူတချို့ကပြောတယ် နိမိတ်ဖတ်ဆရာမကြီးက ထိမ်းတာတဲ့ တချို့ကတော့ နေချိ တကယ်လာသွားတာလို့ပဲ ယုံကြည်နေကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ ...

နေချိသစ်ဆိုတဲ့ ကျွန်တော့်သူငယ်ချင်းကို ဒီနေ့ထိ ပြန်မတွေ့ခဲ့ဘူး ဘာလို့လဲဆိုတော့ ...

သူသွားခဲ့တာ

တမလွန်ခရီးကိုလေ ...

ဇော်ထိုက်

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ကျွန်မတို့သူငယ်ချင်းရဲ့ နှလုံးသားနဲ့ရင်းပြီး နောက်ဆုံးမှတ်ဆက်ခဲ့တဲ့ အကြောင်းကို ခုချိန်မှာ အထူးသီချင်းတစ်ပုဒ်အဖြစ် —

ကျွန်မတို့မြို့လေးမှာ ကျန်ခဲ့ပါပြီ။ ခုဆို ကျွန်မမှာ ဒုတိယမြောက်သမီးလေးရခဲ့ပြီ။ ထူးခြားတာက သူ သုံးနှစ်လောက်နဲ့ စန္ဒရားကို သီချင်းတစ်ပုဒ် ဆုံးအောင် တီးတတ်တာပါပဲ။

သီတာသန့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ကျွန်မသာ နေချို့လည်မှာဆွဲထားတဲ့ ကြေးပြားလေးကို ဖြုတ်ထားဖို့ မပြောခဲ့ဘူးဆိုရင် ဝိညာဉ်တွေ ခေါ်ဆောင်ရာနောက်ကို ကျွန်မသူငယ်ချင်းပါသွားခဲ့မှာမဟုတ်ဘူး ...

ဒီအတွက်လည်း ကျွန်မနောင်တရမိတယ် ... ဒါပေမယ့် ဖြေသာတာ တစ်ခုက သီတာသန့်ရဲ့ ဒုတိယသမီးလေးကို ဒီကြေးပြားလေး ဆွဲပေးခွင့်ရလိုက်ရတာပဲ ... ဘာဖြစ်လို့လဲဆိုတော့ ...

ကျွန်မတို့သူငယ်ချင်း နေချို ဒုတိယအကြိမ် အဖြစ်ဆိုးတွေနဲ့မကြုံစေချင်ဘူး ...

မဉ္ဇူ။

www.burmeseclassic.com

www.burmeseclassic.com

# အဆုံး

တစ်နေ့

နေစိုးတစ်ယောက်တည်း ခရမ်းပြာကော်ဖီဆိုင်လေးမှာထိုင်နေခိုက် သီတာသန့်နှင့် သူ့သမီးလေးနှစ်ယောက် ကော်ဖီသောက်ဖို့ရောက်လာတယ်။ အငယ်ဆုံးသမီးလေးက နေစိုးကိုမြင်လည်းသွားရော ...

"ကိုကို"

"ဟင်"

သူ့ကိုအော်ခေါ်ပြီး အတင်းပြေးဖက်လိုက်တယ်။ နေစိုးကလည်း ကလေးကို အလိုက်သင့်ပြန်ဖက်ထားလိုက်ရင်း ...

"မိုးမိုးနာမည် ဘယ်လိုခေါ်လဲ ... "

"ကိုကိုကလည်း အရမ်းမေ့တတ်တာပဲ နေချိုလေ ... နေချို"

နေစိုး အံ့သြစွာနဲ့ ကလေးငယ်လေးကိုကြည့်နေမိတော့တယ်။

ပြီးပါပြီ။

စာနပညာခရီးကို ထာဝရရှေ့လျှောက်လှမ်းပါရစေ ...

အစဉ်ကြိုးစားမယ့် အစဉ်ပဲကြိုးစားတဲ့

စာရေးသူ

ကန်လေးဖိုးကျွားလေးမောင်ကြီး

တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်အကြံပြုသူများ မျှော်လင့်လျက်

ဖုန်း-(၀၁) ၄၀၁၃၆၄၃၊ (၀၉) ၇၃၁၁၃၉၀၉

www.burmeseclassic.com